THE REPUBLIC OF THE UNION OF MYANMAR

THE SUPREME COURT *of* THE UNION

၂၀၂၁ ခုနှစ်
တရားရုံးနှစ်စဉ်အစီရင်ခံစာ



















၂၀၂၁ ခုနှစ်
တရားရုံးနှစ်စဉ်အစီရင်ခံစာ

သင်သိပါသလား?

တစ်နိုင်ငံလုံးတရားရုံးစုစုပေါင်း ၄၉၂ ရုံး



တစ်နိုင်ငံလုံးတရားသူကြီး/
တရားရေးအရာရှိ စုစုပေါင်း ၁၄၈၉ ဦး





တိုင်ကြားစာ ၁၄၅၃ စောင်အနက် ၁၄၄၂
စောင်အား စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး
၁၁ စောင်အား စီစစ်ဆဲဖြစ်





အကျဉ်းထောင်၊ ရဲဘက်စခန်းနှင့် အချုပ်ခန်း
၂၆၉ ခုသို့ သွားရောက်စစ်ဆေးခဲ့





တစ်နိုင်ငံလုံး အမှုပြီးပြတ်မှုနှုန်း ၁၀၃%

သီးသန့်တရားရုံးများတွင်
စစ်ဆေးခဲ့သည့်အမှု
၁၆၅၇ မှု
ရုံးထိုင်စစ်ဆေးခဲ့သည့်
တရားသူကြီး ၂၅၈ ဦး



ရုံးခွန် ကျပ်သန်း **၉၃၇၆** ကျော်နှင့်
ဒဏ်ငွေကျပ်သန်း **၈၈၃၁** ကျော်
ကောက်ခံရရှိခဲ့



ဗီဒီယိုကွန်ဖရင့်ဖြင့် လည်းကောင်း၊
လူကိုယ်တိုင် တက်ရောက်ခြင်းဖြင့်
လည်းကောင်း ပြည်တွင်းပြည်ပ / ညီလာခံ၊
သင်တန်း၊ ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ
၁၈ ခု သို့ တရားသူကြီးနှင့်
တရားရေးအရာရှိ ၂၄၅ ဦး
တက်ရောက်ခဲ့

စေ့စပ်ဖြေရှင်းရေးဌာန
အသီးသီးတွင် ၁-၁-၂၀၂၅
မှ ၃၁-၁၂-၂၀၂၅ ထိ
စေ့စပ်ဖြေရှင်းရေး
ဆောင်ရွက်သော
အမှုစုစုပေါင်း ၁၄၂၈ မှု၊
အောင်မြင်မှု ၃၈.၃%



ပြည်တွင်းပြည်ပတက္ကသိုလ်များ၌
တရားရေးအရာရှိ/တရားသူကြီး ၇၈ ဦး
ဘွဲ့လွန်သင်တန်းများ
တက်ရောက်လျက်ရှိ

အလုပ်သင်ရှေ့နေ ၁၃၂၈ ဦးအား
စာရင်းတင်သွင်းခွင့်ပြု၍
အထက်တန်းရှေ့နေ ၃၆၈ ဦး
လက်မှတ်ထုတ်ပေးပြီး၊
တရားလွှတ်တော်ရှေ့နေ ၅၄၆ ဦး
အား ဗီဒီယိုကွန်ဖရင့်ဖြင့် ဖြစ်စေ၊
လူကိုယ်တိုင် ဖြစ်စေ
တရားလွှတ်တော်ရှေ့နေ
လိုင်စင်အပ်နှင်းခဲ့

မာတိကာ

ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဧည့် (i)

ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တရားရုံး၏တန်ဖိုးများ (iii)

တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ရည်ရွယ်ချက် (iv)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားရုံးနှစ်စဉ်အစီရင်ခံစာဆယ်စုနှစ်မှတ်တမ်း (v)
(၂၀၁၆ ခုနှစ် - ၂၀၂၅ ခုနှစ်)

အပိုင်း (၁)

တရားရုံးစနစ်နှင့်စီမံခန့်ခွဲမှု ၁

၁.၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အချုပ်အခြာအာဏာ (၃) ရပ် ၃

၁.၂ တရားစီရင်ရေးဆိုင်ရာမူများ ၃

၁.၃ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးဆိုင်ရာ အခွင့်အာဏာ ၄

၁.၄ တရားရုံးများဖွဲ့စည်းပုံ ၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၅

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ ၁၀

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများ ၁၃

မြို့နယ်တရားရုံးများ ၁၆

ဥပဒေအရ တည်ထောင်သည့် အခြားတရားရုံးများ ၁၉

၁.၅ တရားရုံးစီမံခန့်ခွဲမှု ၂၁

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများနှင့်အဖွဲ့များ ၂၁

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဖွဲ့စည်းပုံ ၂၃

ရသုံးမှန်းခြေငွေစာရင်းများနှင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှု ၂၅

အပိုင်း (၂)

၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ ၂၉

၂ ၂၀၂၅ခုနှစ်အတွင်းပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ ၃၁

၂.၁ လျင်မြန်ကြောင့် ထိခိုက်ပျက်စီးများကို ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုများ ၃၂

လျင်မြန်ခံစားရသည့်ကာလအတွင်းတရားစီရင်ရေးလုပ်ငန်းများအရှိန်အဟုန်မပျက်ဆက်လက် ဆောင်ရွက်ခြင်း ၃၄

လျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း ၃၅

e-Government လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခြင်း ၃၇

စာကြည့်တိုက်ပြန်လည်တည်ဆောက်ခြင်း ၃၇

ဝန်ထမ်းအိမ်ရာများနေရာချထားခြင်း ၃၇

ထောက်ပံ့ရေးဆောင်ရွက်ခြင်း ၃၉

၂.၂ တရားစီရင်ရေးဆိုင်ရာအထူးစီမံဆောင်ရွက်ခြင်းများ ၃၉

သီးသန့်တရားရုံးများဖြင့်စစ်ဆေးစီရင်ခြင်း ၃၉

အထူးကိစ္စရပ်အနေဖြင့် ဘဏ်အပေါင်မှုများအား စွေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲအပ်ပေးပို့ဆောင်ရွက်ခြင်း ၄၀

၂.၃ ၂၀၂၅ ခုနှစ်အတွင်း တရားရုံးကဦးဆောင်သည့်စွေ့စပ်ဖြေရှင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ ၄၁

စွေ့စပ်ဖြေရှင်းရေးဆိုင်ရာဆောင်ရွက်ချက်များ ၄၁

စွေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီးအမှုများနှင့်စပ်လျဉ်း၍တရားရုံးများ၏ဆောင်ရွက်ချက်များ ၄၂

တရားရုံးက ဦးဆောင်သည့် စွေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်းသည့် အသိပညာပေးဆွေးနွေးပွဲများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ချက်များ ၄၃

ပညာပေးဇာတ်လမ်းတိုများရိုက်ကူးထုတ်လွှင့်ခြင်း ၄၅

၂.၄ တရားသူကြီးများအတွက် မူပိုင်ခွင့်ဆိုင်ရာ တရားစီရင်ရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ချက်များ ၄၆

မူပိုင်ခွင့်ဆိုင်ရာအမေးအဖြေစာအုပ်ပြုစုခြင်း ၄၆

မူပိုင်ခွင့်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း ၄၆
မူပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ၅၂
၂.၅ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့်နည်းပညာရပ်ပိုင်းဆိုင်ရာ
တိုးတက်မှုမြင့်မားစေရန်နှင့်လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရန်အတွက်
ဆောင်ရွက်ခြင်း ၅၃
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ Judicial College အဆောက်အဦသစ် ဖွင့်လှစ်ခြင်း ၅၃
လူ့စွမ်းအားအရင်းအမြစ်များ ၅၅
လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ၅၅
အခြားကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း ၅၇
ပညာတော်သင်များစေလွှတ်ခြင်း၊ အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားစေခြင်း ၅၉
၂.၆ တရားရုံးများအဆင့်မြှင့်တင်ခြင်းနှင့် တရားရုံးအသစ်များတည်ဆောက်ခြင်း ၅၉
၂.၇ တရားရုံးလုပ်ငန်းနှင့်တရားစီရင်ရေးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း ၆၁
ဝန်ထမ်းရေးရာကိစ္စရပ်များ ၆၂
ရှေ့နေရှေ့ရပ်ဆိုင်ရာကိစ္စရပ်များ ၆၃
ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုခြင်းနှင့်ကြီးကြပ်ကွပ်ကဲအရေးယူခြင်း ၆၃
တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း ၆၅
ကြီးကြပ်ရေးအာဏာပိုင်အဖြစ် ဆောင်ရွက်ခြင်း ၆၆
အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းအတွက် ထောက်ခံချက်ပေးခြင်း ၆၇
ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများ
ရရှိရေး ဆောင်ရွက်ခြင်း ၆၈
ထိမ်းမြားလက်ထပ်ကျမ်းကျိန်လွှာဆိုင်ရာညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ ခရစ်ယာန်
လက်ထပ် ထိမ်းမြားခွင့်လိုင်စင်ကိစ္စရပ်များကြီးကြပ်ခြင်း ၆၈
ဘဏ္ဍာသိမ်း သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်း ၆၉
ရုံးခွန်နှင့် ဒဏ်ငွေကောက်ခံခြင်း ၆၉
ရုံးခွန် ၆၉
ဒဏ်ငွေ ၇၀

၂.၈ တရားရုံးနည်းပညာအသုံးပြုမှုစီမံကိန်းများကို တိုးမြှင့်အကောင်အထည်ဖော်ခြင်း ၇၁
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ e-Government ဆိုင်ရာ ရှေ့လုပ်ငန်းစဉ်(၆)ရပ် အကောင်အထည်ဖော်ခြင်း ၇၁
ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များထုတ်ပြန်ခြင်း ၇၂
တရားစီရင်ထုံးအကြောင်းအရာများရှာဖွေခြင်းစနစ် (RCMS) ၇၃
၂.၉ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ဝေခြင်း ၇၃
၂.၁၀ ပုံနှိပ်ထုတ်ဝေခြင်း ၇၄
၂.၁၁ နိုင်ငံတော်၏အမျိုးသားအဆင့်မဟာဗျူဟာများနှင့်စီမံကိန်းများတွင်ပါဝင်ဆောင်ရွက်ခြင်း ၇၄
မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆) ၇၄
ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) ၇၅
အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားမဟာဗျူဟာ စီမံကိန်း (၂၀၂၃-၂၀၃၂) ၇၆
အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာများ မူပိုင်ခွင့်ချိုးဖောက်မှုများ ကာကွယ် တားဆီးနိုင်ရေး လုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၈) ရေးဆွဲခြင်း ၇၆
၂.၁၂ တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများဖြင့်တင်ခြင်း ၇၇
ဒေသတွင်းတရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွင်ပါဝင်ခြင်း ၇၇
တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်အား အကောင်အထည်ဖော်ခြင်း ၈၁

အပိုင်း (၃)

တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ ၈၅

၃ ၂၀၂၅ ခုနှစ် မှုခင်းစစ်ဆေးစီရင်မှုတွင် တွေ့ရှိချက်များ ၈၇
၃.၁ မှုခင်းများစစ်ဆေးစီရင်ခြင်း ၈၇
၃.၂ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၈၈
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း ၈၉
တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း ၉၀

ခရိုင်အဆင့်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၉၃
မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၉၆
ဥပဒေအရတည်ထောင်သောအခြားတရားရုံးများ၏ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း ၉၈
၃.၃ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း ၁၀၀
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း ၁၀၀
တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း ၁၀၃
ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း ၁၀၇
မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း ၁၁၀
၃.၄ စစ်ဆေးဆဲအမှုများ၏ သက်တမ်း ၁၁၃
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှုများသက်တမ်း ၁၁၃
တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲအမှုများသက်တမ်း ၁၁၇
ခရိုင်အဆင့်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း ၁၂၁
မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း ၁၂၄
၃.၅ အမှုရုံးချိန်းသေချာစေမှု ၁၂၇
၃.၆ အယူခံတက်ရောက်မှုနှုန်း ၁၂၇
တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့
အယူခံတက်ရောက်မှုနှုန်း ၁၂၈
တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်အဆင့်တရားရုံးများမှ တိုင်းဒေသကြီးနှင့်
ပြည်နယ်တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်း ၁၂၉
တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှပြည်ထောင်စုတရားလွှတ်တော်ချုပ်
သို့ အယူခံတက်ရောက်မှုနှုန်း ၁၃၁
၃.၇ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့် ရာဇဝတ်မှုနှင့်
တရားမမှု စွဲဆိုမှုရာခိုင်နှုန်း ၁၃၂
၃.၈ မှုခင်းပမာဏနှင့် တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု ၁၃၄
၃.၉ အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း ၁၃၆
၃.၁၀ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး
ဥပဒေများအရ စွဲဆိုမှုများ ၁၃၇

၃.၁၁ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စွဲဆိုမှုများ ၁၃၈
၃.၁၂ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများအရ စွဲဆိုမှုများ ၁၃၈

အပိုင်း (၄)

တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅)
အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆) တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားချက်များ ၁၃၉

၄.၁ မဟာဗျူဟာစီမံကိန်းဖွံ့ဖြိုးတိုးတက်မှု ၁၄၁
၄.၂ တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) ၏ အောင်မြင်မှုများ ၁၄၂
တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေခြင်း ၁၄၄
အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း ၁၄၅
တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန် ဆောင်ရွက်ခြင်း ၁၄၆
တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ရန် ဆောင်ရွက်ခြင်း ၁၄၈
ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ခြင်း ၁၄၉
၄. ၃ စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆) တွင် ဆောင်ရွက်ရန် လျာထားချက်များ ၁၅၀

နောက်ဆက်တွဲများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၏ တည်နေရာများ နောက်ဆက်တွဲ (က)

သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့်အမှုအရေအတွက် နောက်ဆက်တွဲ (ခ)
သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့် တရားသူကြီးဦးရေ နောက်ဆက်တွဲ (ခ-၁)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်ရှိ နောက်ဆက်တွဲ (ဂ)
ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်ရှိ နောက်ဆက်တွဲ (ဃ)
ရာထူးအဆင့်အလိုက် ဝန်ထမ်းပြုန်းတီးအင်အားစာရင်း
ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ နောက်ဆက်တွဲ (င)
ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုခဲ့သည့် ဇယား နောက်ဆက်တွဲ (စ)
နိုတြီပဗ္ဓလစ်၊ တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများ နောက်ဆက်တွဲ (စ-၁)
အပေါ် တိုင်ကြားစာအရေအတွက်နှင့်အရေးယူဆောင်ရွက်မှု
အခြေအနေပြဇယား
ရှေ့နေများအား ကြီးကြပ်ကွပ်ကဲအရေးယူမှု အခြေပြဇယား နောက်ဆက်တွဲ (စ-၂)
တိုင်ကြားစာနှင့် ရာဇဝတ်ကြောင်းအရ အရေးယူဆောင်ရွက်မှု နောက်ဆက်တွဲ (စ-၃)
အစီရင်ခံစာများအရ တရားလွှတ်တော်ရှေ့နေနှင့် အထက်တန်း
ရှေ့နေများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေ
၂၀၂၅ ခုနှစ် AML/CFT အမျိုးသားအဆင့်မဟာဗျူဟာဆိုင်ရာလုပ်ငန်း နောက်ဆက်တွဲ(ဆ)
အစီအစဉ်အကောင်အထည်ဖော်နိုင်မှုနှင့်ရလဒ်များ
ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ် နောက်ဆက်တွဲ (ဇ)
တော်ချုပ်တရားသူကြီးများ၏ ပြည်ပခရီးစဉ်များ
တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားလွှတ်တော် နောက်ဆက်တွဲ (ဈ)
တရားသူကြီးများ၏ ပြည်ပခရီးစဉ်များ
၂၀၂၅ ခုနှစ်အတွက် လုပ်ငန်းလျာထားချက်အပေါ် အကောင်အထည် နောက်ဆက်တွဲ (ည)
ဖော် ဆောင်ရွက်နိုင်မှု အခြေပြဇယား
တိုင်းဒေသကြီး/ပြည်နယ်အလိုက် စွဲဆိုသောအရေးကြီး နောက်ဆက်တွဲ (ဋ)
ရာဇဝတ်မှုခင်းအခြေပြဇယား
လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် လူကုန်ကူးမှုတားဆီး နောက်ဆက်တွဲ (ဌ)
နှိမ်နင်းရေးဥပဒေအရ စွဲဆိုမှုနှင့်ပြီးပြတ်မှုအခြေပြဇယား

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စွဲဆိုမှုနှင့်ပြီးပြတ်မှု အခြေပြဇယား နောက်ဆက်တွဲ (၃)
သဘာဝပတ်ဝန်းကျင်ထိန်းရေးဆိုင်ရာဥပဒေများအရ စွဲဆိုမှုနှင့် ပြီးပြတ်မှုအခြေပြဇယား နောက်ဆက်တွဲ (၄)
မဟာဗျူဟာစီမံကိန်း၊ တတိယနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၅) အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် ရလဒ်များ နောက်ဆက်တွဲ (၈)

ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ်



ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးဆောင်ရွက်ချက်များအား အများပြည်သူ ဖတ်ရှုလေ့လာနိုင်ရန် ၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ယနေ့ ထုတ်ပြန်လိုက်ပါသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာကို ၂၀၁၆ ခုနှစ်မှ စတင်ထုတ်ပြန်ခဲ့ရာ ယခုထုတ်ပြန်လိုက်သည့် ၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ် အစီရင်ခံစာသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၀ အုပ်မြောက် နှစ်စဉ်အစီရင်ခံစာ ဖြစ်ပါသည်။

ယခု ၁၀ အုပ်မြောက် တရားရုံးနှစ်စဉ်အစီရင်ခံစာတွင် ၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၅ ခုနှစ် အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၀ နှစ်တာကာလအတွင်း စဉ်ဆက်မပြတ် တိုးတက်မှု၊အောင်မြင်မှုများကို မှတ်တမ်းအဖြစ် စုစည်းဖော်ပြထားပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြီးခဲ့သည့်နှစ်များအတွင်း တရားစီရင်ရေးစိန်ခေါ်မှုများ၊ ခက်ခဲသည့်အခြေအနေများကြားမှပင် နည်းပညာပေါင်းစပ်အသုံးပြုခြင်း၊ မှုခင်းစီမံခန့်ခွဲမှု ထိရောက်မြန်ဆန်ခြင်း၊ တရားစီရင်ရေးဆိုင်ရာကျွမ်းကျင်ပိုင်နိုင်ခြင်းဟူသည့် အဓိက ရည်မှန်းချက် ၃ ရပ်ကို အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့ပါသည်။ အဆိုပါအောင်မြင်မှုများသည် တရားသူကြီးများ၊ တရားရေးအရာရှိများနှင့်တရားရုံးဝန်ထမ်းများ၏ စည်းလုံးညီညွတ်သော ကြိုးပမ်း အားထုတ်မှုများ၏ ရလဒ်ဖြစ်ကြောင်း အသိအမှတ်ပြုဖော်ပြပါသည်။

မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏ လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီး ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများရှိသော်လည်း တရားစီရင်ရေးရုပ်တန့်မသွားစေရန် စီမံချက်များချမှတ်၍ အမှုများအချိန်မီပြီးစီးရေးနှင့် မှန်ကန်မျှတသည့် စီရင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ယခုနှစ်အတွင်း တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်းအား အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့်လုပ်ငန်းများမှာ အမှုလက်ကျန်များလျှော့ချနိုင်ခြင်း၊

တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် နည်းပညာပေါင်းစပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ အထူးကိစ္စရပ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်အသီးသီးရှိ စေ့စပ်ဖြေရှင်းရေးဌာနများမှ ဘဏ်အပေါင်မှုများအား အောင်မြင်အောင် စေ့စပ်ဖြေရှင်းပေးနိုင်ခြင်း၊ အဆင့်မြင့် တရားစီရင်ရေးဆိုင်ရာ သင်ကြားရေးဌာနတစ်ခုဖြစ်သည့် Judicial College အဆောက်အဦသစ်ကို ဖွင့်လှစ်နိုင်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် AML/CFT အမျိုးသားအဆင့် မဟာဗျူဟာဆိုင်ရာလုပ်ငန်းအစီအစဉ် ၂၀၂၅ ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ တရားသူကြီးများ ပညာရပ်ဆိုင်ရာကျွမ်းကျင်ပိုင်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားရေး အစီအစဉ်များ အားကောင်းစေခြင်းနှင့် တရားစီရင်ရေးမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ခြင်းတို့ ဖြစ်ပါသည်။ သို့ဖြစ်ပေရာ တရားစီရင်ရေးမဏ္ဍိုင်အနေဖြင့် တရားစီရင်ရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် တရားမျှတမှုလက်လှမ်းမီရေးတို့ကို တိုးမြှင့်ဆောင်ရွက်နိုင်ကြောင်း မြင်သာစေပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများနှင့် ရှေ့နေများ အပါအဝင် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်မှုများကြောင့် ယခုနှစ်အတွင်း လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။ အောင်မြင်အောင် အားထုတ် ကြိုးပမ်းခဲ့ကြသူ အားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ တရားစီရင်ရေးကဏ္ဍသည် တရားဥပဒေစိုးမိုးရေးနှင့် လူတိုင်းတရားမျှတမှုရရှိစေရေးတို့ကို အထောက်အကူဖြစ်စေရန်အတွက် တရားရုံးများအပေါ် လူအများ၏ယုံကြည်မှုကို မြှင့်တင်ရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူအများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ်အားကောင်းလာစေရန်အကျိုးသက်ဆိုင်သူများအားလုံးနှင့်အတူ ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးသာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်
နေပြည်တော်

မြန်မာတရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများ

ရည်မှန်းချက်

- လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- တရားရုံးများအပေါ်တွင် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

လုပ်ငန်းတာဝန်များ

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

တန်ဖိုးများ

- သာတူညီမျှမှုနှင့် တရားမျှတမှု
- တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
- လက်လှမ်းမီနိုင်မှု
- မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်မှု

တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်
- တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်



ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ဆယ်စုနှစ်မှတ်တမ်း (၂၀၁၆ ခုနှစ် - ၂၀၂၅ ခုနှစ်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ဆယ်စုနှစ်မှတ်တမ်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ၂၀၁၆ ခုနှစ်မှစ၍ အများပြည်သူသိရှိအောင် နှစ်စဉ်ထုတ်ပြန်ခဲ့ရာ ယခု ၂၀၂၅ ခုနှစ်တွင် ဆယ်ကြိမ်မြောက် အစီရင်ခံစာအား ထုတ်ပြန်နိုင်ခဲ့ပြီဖြစ်သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်ကာလအတွင်း အစီရင်ခံစာများတွင်ဖော်ပြထားသည့် ဆောင်ရွက်ချက်များကို လေ့လာပါက တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဦးဆောင်ဦးရွက် ကြိုးပမ်းမှုများနှင့် အဆင့်ဆင့်သော တရားရုံးများ၏ ဟန်ချက်ညီညီ ကြိုးပမ်းအားထုတ်မှုများကို ထင်ရှားစွာမြင်တွေ့နိုင်ပါသည်။

ဤကဏ္ဍတွင် ဆယ်နှစ်တာကာလတရားရုံးနှစ်စဉ်အစီရင်ခံစာများ၌ အစီရင်ခံဖော်ပြခဲ့သည့် တရားစီရင်ရေးကဏ္ဍ၏ ဆောင်ရွက်ချက်များနှင့် အောင်မြင်မှုများကို ဆယ်စုနှစ်မှတ်တမ်းအဖြစ် စုစည်းတင်ပြထားပါသည်။ အဆိုပါကာလများတွင် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများအနက် အဓိကလုပ်ငန်းစဉ်များဖြစ်သည့် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် တိုးမြှင့်ဆောင်ရွက်ခြင်း၊ တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်နှင့်နည်းပညာအခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဆောင်ရွက်ခြင်း၊ တရားစီရင်ရေးစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် တရားစီရင်ရေးပြုပြင်ပြောင်းလဲမှု တိုးမြှင့်ဆောင်ရွက်ခြင်း ကဏ္ဍများကိုအဓိကသုံးသပ်တင်ပြထားပါသည်။ အဆိုပါသုံးသပ်တင်ပြချက်များသည် လာမည့် တရားစီရင်ရေးဆိုင်ရာ ငါးနှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၂၈-၂၀၃၂) ရေးဆွဲရာတွင် များစွာအထောက်အကူပြုစေမည် ဖြစ်ပါသည်။

ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် တိုးမြှင့်ဆောင်ရွက်မှုများ

မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန်စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏ ပင်မလုပ်ငန်းတာဝန်တစ်ရပ်ပင်ဖြစ်သည်။ ထိရောက်သောမှုခင်းစီမံခန့်ခွဲမှု တိုးမြှင့်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းများ ချမှတ်ဆောင်ရွက်ပြီး နှစ်အလိုက် လုပ်ငန်းအစီအစဉ်များထုတ်ပြန်၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့သည်။ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ မှုခင်းများစစ်ဆေးပြီးပြတ်မှုများကို ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ ရုံးချိန်းသေချာမှုများပိုမိုရရှိနိုင်သဖြင့် အမှုတွင်ပါဝင်သည့် အမှုသည်များ၊ ရှေ့နေများ၊ တရားစွဲအဖွဲ့အစည်းများအနေဖြင့် တရားရုံးသို့ လာရောက်ရသည့် အချိန်တိုင်း အမှုတိုးတက်မှုများကို ဆောင်ရွက်နိုင်ရန်သေချာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေခဲ့ပါသည်။ ထို့ပြင် မှုခင်းသတင်းအချက်အလက် ကောက်ယူနိုင်မှု တိကျသေချာခြင်း၊ ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်း၊ နိုင်ငံတစ်ဝန်းရှိ တရားရုံးများ၏ မှုခင်းဆောင်ရွက်မှုများ ပိုမို လျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းအပြင် မှုခင်းကြန့်ကြာခြင်းများကို လျော့ချနိုင်ခဲ့ပါသည်။ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို မူလက ရှေ့ပြေးတရားရုံးများတွင်သာ စတင်ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်မှစတင်၍ နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program-NCMP) ကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး၊ ၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တရားရုံးအားလုံးတွင် မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးပြီး မှုခင်းများကို စစ်ဆေးစီရင်လျက်ရှိသည်။

တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်နှင့်နည်းပညာအခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်မှုများ

မြန်မာတရားစီရင်ရေးသည် ပြည်သူတို့၏ တရားမျှတမှု လက်လှမ်းမီစေရေးနှင့် အသိအမြင် မြှင့်တင်စေရေးအတွက် တရားစီရင်ရေးဆိုင်ရာသတင်းအချက်အလက်နှင့် နည်းပညာအခန်းကဏ္ဍကို နှစ်အလိုက် တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် www.unionsupremecourt.gov.mm အမည်ဖြင့် ၁၅-၃-၂၀၁၃ ရက်နေ့

တွင် စတင်လွှင့်တင်နိုင်ခဲ့ပြီး တရားရုံးဆိုင်ရာသတင်းများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမှုခေါ်စာရင်းများ၊ စီရင်ချက်ချမှတ်မည့်အမှုများစာရင်းတို့ကို အချိန်နှင့်တပြေးညီ သိရှိစေရန် ဖော်ပြနိုင်ခဲ့သည်။ ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ ဖွဲ့စည်းမှတ်ပုံတင်ထားသည့် ပြည်တွင်းပြည်ပ Law Firm များ၊ ရှေ့နေ အသင်းအဖွဲ့များ၏ အမည်နှင့်လိပ်စာတို့ကိုလည်း ၂၀၁၇ ခုနှစ်တွင် စတင်လွှင့်တင်ဖော်ပြခြင်း၊ ၂၀၁၈ ခုနှစ်မှစ၍ အာဆီယံတရားစီရင်ရေးပေါ်တယ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုဒ်ကို ချိတ်ဆက်၍ မြန်မာတရားစီရင်ရေးဆိုင်ရာအချက်အလက်များကို အခြားအာဆီယံနိုင်ငံများက သိရှိနိုင်အောင် မျှဝေခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၄ ရက်နေ့မှစတင်၍ ကိုဗစ် ၁၉ ကူးစက်ရောဂါ ဖြစ်ပွားသည့်ကာလအတွင်း အမှုခေါ်စာရင်းများကို အွန်လိုင်းမှ လွှင့်တင်ခြင်း၊ ဗီဒီယိုကွန်ဖရင့်ဖြင့်ကြားနာခြင်း၊ လျှောက်လဲတင်ပြခြင်းနှင့် စီရင်ချက်များ ချမှတ်နိုင်ခဲ့ခြင်းများအပြင် ဗီဒီယိုကွန်ဖရင့်အသုံးပြု၍ ဒုတိယမြို့နယ်တရားသူကြီးလုပ်ငန်းဝင်သင်တန်းအမှတ်စဉ် ၂၉ ကို သင်ကြားပို့ချနိုင်ခဲ့ခြင်းနှင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလိုင်စင်ပေးအပ်ခြင်းအခမ်းအနားတို့ကို ကျင်းပနိုင်ခဲ့ခြင်းကြောင့် ထူးခြားသည့်ကာလအတွင်း တရားစီရင်ရေးလုပ်ငန်းများကို နည်းပညာအသုံးပြု၍ ပိုမိုလျင်မြန်လွယ်ကူအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် နည်းပညာအသုံးပြု မှုခင်းသတင်းအချက်အလက်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ မှုခင်းစစ်ဆေးပြီးပြတ်မှု အခြေအနေများကို ကြီးကြပ်ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုဒ်တွင် တရားရုံးအဆင့်ဆင့်၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များကို ၂၀၁၈ ခုနှစ်တွင် စတင်ထုတ်လွှင့်နိုင်ခဲ့သည်။ ထိုသို့ ထုတ်လွှင့်ခြင်းဖြင့် တရားရုံးဆောင်ရွက်ချက်များနှင့် သတင်းအချက်အလက်များကို အများပြည်သူလက်လှမ်းမီမှုနှင့် အများပြည်သူတို့၏အသိအမြင် မြှင့်တင်နိုင်ခြင်း၊ တရားရုံးနှင့်ပြည်သူတို့အကြား ပိုမိုပွင့်လင်းမြင်သာမှုရှိစေခြင်း၊ တရားရုံးများ၏ ဆောင်ရွက်ချက်အပေါ် ပြည်သူတို့၏ ယုံကြည်မှုတိုးတက်မြင့်မားစေခြင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး

လုပ်ငန်းများလုပ်ကိုင်ရန်လွယ်ကူမှုအညွှန်းကိန်း မြင့်မားရေး အထောက်အကူဖြစ်စေခြင်းနှင့် ကူးသန်းရောင်းဝယ်ရေးမှုခင်းများတွင် ဥပဒေကောက်ယူသုံးသပ်မှုများ ညီညွတ်မှုရှိစေခြင်းတို့ ရှိစေရန် ဖြစ်သည်။ "ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များ ထုတ်ပြန်ခြင်းစနစ်" မိတ်ဆက်အခမ်းအနားကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ လ ၁၇ ရက်နေ့တွင် အွန်လိုင်းမှကျင်းပခဲ့ပြီး၊ ၃၁.၁၂.၂၀၂၅ ရက်နေ့အထိ cjs.usc.gov.mm တွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက် စုစုပေါင်း (၃၀၆) ခုအား လွှင့်တင်ဖော်ပြနိုင်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်မှစတင်၍ မြန်မာနိုင်ငံတရားစီရင်ထုံးများကို "တရားစီရင်ထုံးများကို အချက်အလက်ဖြင့် ရှာဖွေသည့် စနစ်" အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုဒ်တွင် လွှင့်တင်နိုင်ခဲ့ပါသည်။ အဆိုပါစနစ်ဖြင့် မြန်မာနိုင်ငံတရားစီရင်ထုံးများကို အလွယ်တကူ ရှာဖွေအသုံးပြုနိုင်ပြီး ၁၉၂၃ ခုနှစ် မှ ၂၀၂၂ ခုနှစ်အထိ စီရင်ထုံးများကို https://rcms.usc.gov.mm/precedents တွင် ရှာဖွေဖတ်ရှုနိုင်ပြီဖြစ်သည်။

တရားရုံးနည်းပညာအသုံးပြုမှု တိုးမြှင့်အကောင်အထည်ဖော်ရာတွင် ၂၀၂၂ ခုနှစ်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး စာကြည့်တိုက်ရှိ စာအုပ်စာတမ်းများ၊ စာစောင်များ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ ပြန်တမ်းများကို Digitize ပြုလုပ်၍ e-library စနစ်သို့ အဆင့်မြှင့်တင်ခြင်းနှင့် စာကြည့်တိုက်စီမံခန့်ခွဲမှုစနစ် စနစ်တကျဖြစ်စေရန် စာကြည့်တိုက်စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ ဌာနအသီးသီးတွင် စနစ်တကျ သိမ်းဆည်းထားရှိရန် လိုအပ်သော စာရွက်စာတမ်းများ၊ အမှုတွဲများနှင့် အမိန့်များ၊ စီရင်ချက်များကို စနစ်တကျ သိမ်းဆည်းထားနိုင်ရန် စာရွက်စာတမ်းစီမံခန့်ခွဲမှုစနစ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင်တရားရေးအရာရှိများ၏ အရည်အသွေးမြှင့်တင်နိုင်ရန် လေ့ကျင့်ပညာပေးကိစ္စရပ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် e-Learning System ကို ၂၀၂၄ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတစ်ဝန်းရှိ တရားရုံးများမှ တရားရေးအရာရှိများအား အွန်လိုင်း စနစ်ဖြင့် အရည်အချင်းစစ်ဆေးခြင်း ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် အမှုလိုက်ပါဆောင်ရွက်မည့် ရှေ့နေများနှင့်စပ်လျဉ်း၍ ၎င်းတို့၏အချက်အလက်များ၊ စာရွက်စာတမ်းများ၊ ပြစ်မှုပြစ်ဒဏ် ကင်းလွတ်ခြင်း ရှိ၊ မရှိနှင့် လိုင်စင်သက်တမ်းတိုးထားခြင်း ရှိ၊ မရှိ အစရှိသည်တို့ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် Lawyer Management System-LMS ကို ၂၀၂၄ ခုနှစ်တွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် “e-Office စနစ်ကျင့်သုံးနိုင်ရေး၊ e-Court များ တည်ဆောက်နိုင်ရေး၊ e-Litigation စနစ်ဖော်ဆောင်ရေး” စသည့် e-Government ဆိုင်ရာ ဦးတည်ချက်များဖြင့် တရားရုံးနည်းပညာအသုံးပြုလုပ်ငန်းစဉ်များကို တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော “e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ” နှင့် “နည်းပညာအသုံးပြုမှု မှုခင်းသတင်းအချက်အလက်စနစ် အကောင်အထည်ဖော်ဆောင်ရေး ကော်မတီ” တို့က e-Government ဆိုင်ရာ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ယနေ့ခစ်ကျစ်တယ်ခေတ်နှင့် အညီ ပြောင်းလဲလာသည့် ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence-AI) နှင့် စပ်လျဉ်း၍ အနာဂတ်တရားစီရင်ရေးလုပ်ငန်းများတွင် AI ၏ စွမ်းဆောင်ရည်ကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများကို လေ့လာလျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့အစည်းများနှင့်ဆက်ဆံရေးမြှင့်တင်စေရေးနှင့် တစ်နိုင်ငံစီအနေဖြင့် အခြားနိုင်ငံများ၏ ဥပဒေများ၊ တရားစီရင်ရေးစနစ်များနှင့် တရားရေးဆိုင်ရာအဖွဲ့အစည်းများအား အပြန်အလှန် လေးစားမှုတိုးမြှင့်စေရန် ရည်ရွယ်၍ ပြည်ပတရားရေးအဖွဲ့အစည်းများနှင့် တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်များချုပ်ဆို၍ မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၆ ခုနှစ်တွင် ဩစတြေးလျ ဖက်ဒရယ် တရားရုံးနှင့် တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့သည် မြန်မာနိုင်ငံဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့်သက်ဆိုင်သည့်ကဏ္ဍများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်ဆွေးနွေးချက် မှတ်တမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးနှင့် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုကိုလည်းကောင်း လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ၂၀၁၈ ခုနှစ်တွင် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအား အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီနှင့်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ၊ တရားလွှတ်တော်ချုပ်တို့အကြား ငွေကြေးဆိုင်ရာစီရင်ချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့တွင် နိုင်ငံခြားစီရင်ချက်ကို အတည်ပြုရာ၌ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို သဘောတူသတ်မှတ်ထားသည့် “ငွေကြေးဆိုင်ရာစီရင်ချက်များ အတည်ပြုရန် လမ်းညွှန်မှုစာချွန်လွှာ” အား လည်းကောင်း အသီးသီး လက်မှတ်ရေးထိုးခဲ့ပါသည်။

ဆယ်စုနှစ်အတွင်း တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ကလေးသူငယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များအတွက်ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကလေးသူငယ်များ ရန်ပုံငွေအဖွဲ့နှင့်လည်းကောင်း၊ ဥပဒေကြမ်းရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်း၊ တရားသူကြီးများ အရည်အသွေးတိုးမြှင့်ရေးလုပ်ငန်း၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ မှုခင်းနှင့် တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးကိစ္စရပ်များအတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးဥပဒေ ဆိုင်ရာကိစ္စရပ်များအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့်လည်းကောင်း၊ ရှေ့ပြေးတရားရုံးအစီအစဉ် တိုးချဲ့ဆောင်ရွက်မှုကို အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး

အေဂျင်စီ၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်းနှင့် ပူးပေါင်း၍လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုအခွင့်အလမ်းရရှိရေးလုပ်ငန်းများအတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်နှင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့်ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုမြင့်မားစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဒိန်းမတ်-မြန်မာတရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး အစီအစဉ်နှင့်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ၊ ဥပဒေရေးရာဝန်ကြီးဌာနတို့၏ ဥပဒေရေးရာအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကိုလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာရှတရားသူကြီးများကွန်ယက်တို့နှင့်ပူးပေါင်း၍ နိုင်ငံတကာညီလာခံတစ်ခုဖြစ်သည့် “ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအတွက် တရားရုံးစီရင်ဆုံးဖြတ်မှုဆိုင်ရာ အာရှ-ပစိဖိတ်တရားရေးညီလာခံ” ကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အဆိုပါညီလာခံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်းသည့် တရားစီရင်ရေးဆိုင်ရာ အထင်ကရညီလာခံတစ်ခုအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၊ တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌ Hon. Chief Justice Cheep Jullamon ဦးဆောင်သည့် အဖွဲ့ဝင် ၁၈ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ ဧန်နဝါရီလ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သော အဖွဲ့ဝင် ၅ ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ လည်းကောင်း နှစ်နိုင်ငံတရားစီရင်ရေးကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေးရန်အတွက် မြန်မာနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးစဉ်လာရောက်ခဲ့ပါသည်။ ဒေသတွင်းတရားစီရင်ရေးအဖွဲ့အစည်းများက မြန်မာနိုင်ငံသို့ ခရီးစဉ်လာရောက်ခြင်းဖြင့် နှစ်နိုင်ငံအကြားတည်ရှိပြီး တရားရေး

ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မြဲစေသည့်အပြင် နှစ်နိုင်ငံတရားလွှတ်တော်ချုပ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုအားကောင်းလာစေပါသည်။

ဒေသတွင်းတရားစီရင်ရေးအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် တရားသူကြီးများနှင့် တရားရေးအရာရှိများသည် ပြည်ပအစည်းအဝေး၊ ဆွေးနွေးပွဲနှင့်သင်တန်းများကို စဉ်ဆက်မပြတ်ပါဝင်တက်ရောက်လျက်ရှိသည့်အပြင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့နှင့် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာများရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ဆယ်စုနှစ်အတွင်း နိုင်ငံပေါင်း ၈၉ နိုင်ငံတွင် ပြုလုပ်ခဲ့သည့် တရားစီရင်ရေးဆိုင်ရာဆွေးနွေးပွဲ၊ သင်တန်း၊ အစည်းအဝေး ၂၇၂ ခု သို့ ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၉၃၆ ဦး တက်ရောက်ခဲ့ပါသည်။

တရားစီရင်ရေးစွမ်းဆောင်ရည်မြှင့်တင်ခြင်း

တရားသူကြီးများ၏ အရည်အသွေးပြည့်ဝမှုသည် ပြည်သူအများယုံကြည် အားထားရသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာရေးတွင် အဓိကဖြစ်သည်ဟု ခံယူထားသည့်အတိုင်း တရားသူကြီးနှင့် တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးအတွက် စဉ်ဆက်မပြတ်အားထုတ်ဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ် တရားသူကြီးများနှင့် တရားရေးအရာရှိများကို ပြည်တွင်းတက္ကသိုလ်များတွင် ဥပဒေပါရဂူဘွဲ့သင်တန်းနှင့် မဟာဥပဒေသင်တန်းများကို တက်ရောက်ရန်ခွင့်ပြုလျက်ရှိပြီး၊ နိုင်ငံခြားပညာတော်သင်ဆုများ ဖြေဆိုခွင့်ပြုကာ ပြည်ပတက္ကသိုလ်များသို့ ဥပဒေပါရဂူဘွဲ့သင်တန်းနှင့် မဟာဥပဒေသင်တန်းများ တက်ရောက်ရန် စေလွှတ်လျက်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့သည် မြန်မာနိုင်ငံဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် သက်ဆိုင်သည့်ကဏ္ဍများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်အရ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်း၍ တရားသူကြီးများ၊ တရားရေးအရာရှိ

များအတွက် စွမ်းဆောင်ရည်မြှင့်တင်သည့် အစီအစဉ်များဖြစ်သည့် ဆွေးနွေးပွဲများ၊ သင်တန်းများ ကျင်းပနိုင်ခဲ့သည့်အပြင် ၂၀၁၄ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန အပါအဝင် တရားရုံးများ၊ သင်တန်းဌာနများသို့ လေ့လာရေးခရီးစဉ်ပေါင်း ၁၈ ကြိမ် စေလွှတ်နိုင်ခဲ့ပါသည်။

တရားသူကြီးများ စီးပွားရေးဆိုင်ရာမှုခင်းများ စစ်ဆေးစီရင်ရာတွင် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများတိုးတက်လာစေရေးအတွက် အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့်ဆွေးနွေးပွဲများ၊ အသိဥာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်ဝင် တရားသူကြီးများအတွက် အသိဥာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်ပတ်သက်သော အခြေခံသင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ အသိဥာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ တရားစီရင်ရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများအပေါ် လေ့လာဆန်းစစ်ချက်များပြုစုခြင်းတို့ အလေးပေးဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးအဆင့်ဆင့်ရှိတရားသူကြီးများ နှင့် တရားရေးအရာရှိများအား လေ့ကျင့်သင်တန်းပေးခြင်းကို ပိုမိုအားကောင်းစေရန်နှင့်အာဆီယံ အပါအဝင် ဒေသတွင်းနိုင်ငံများနှင့် တရားစီရင်ရေး လေ့ကျင့်သင်ကြားမှုလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ၏ မဟာဗျူဟာရည်မှန်းချက် ၄.၄ တွင် အဆင့်မြင့်တရားရေးသင်တန်းကျောင်း အသစ်တည်ထောင်ရန် ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။ အဆင့်မြင့်တရားရေးသင်တန်းကျောင်းဖြစ်သည့် Judicial College ကို ၂၀၁၉ ခုနှစ်မှစ၍ တည်ဆောက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ Judicial College သည် တရားသူကြီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍအတွက် အရေးပါသည့် သင်ကြားရေး ဗဟိုဌာနတစ်ခုဖြစ်သည့်အပြင် နိုင်ငံတော်၏ အမျိုးသားအဆင့် မဟာဗျူဟာများတွင် ဥပဒေနှင့်တရားရေးကဏ္ဍမှ ပါဝင်မှုမြှင့်တင်ရေးနှင့် အာဆီယံနိုင်ငံများ၊ အခြားမိတ်ဖက်နိုင်ငံများမှ တရားသူကြီးများ နှင့် တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှု အားကောင်း

စေရန် အထောက်အပံ့ကောင်းဖြစ်သည့် ခေတ်မီအဆင့်မြင့်တရားရေးသင်တန်းကျောင်း တစ်ခု ဖြစ်ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီ တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများ အတွက် သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ တစ်ကြိမ်လျှင် သင်တန်းသား ၄၀ ဦးစီဖြင့် သင်တန်းသား ၄၀၀ ဦးစေလွှတ်ရန်ဖြစ်ပေရာ ၂၀၂၅ ခုနှစ်အထိ စုစုပေါင်း ၃၂၀ ဦး စေလွှတ်နိုင်ခဲ့ပါသည်။ ထို့အပြင် အာဆီယံတရားသူကြီးချုပ်များ ကောင်စီတရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ခြင်းနှင့် သင်ကြားပေးခြင်းလုပ်ငန်းအဖွဲ့၏ မဟာဗျူဟာစီမံကိန်းနှင့် လုပ်ငန်းအစီအစဉ်အရ ကျင်းပသည့် တရားစီရင်ရေးသင်တန်းများကို မြန်မာတရားသူကြီးများနှင့်တရားရေးအရာရှိများပါဝင်တက်ရောက်ဆွေးနွေးနိုင်ခွင့်ရရှိသဖြင့် မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၄.၂.၃ ဖြစ်သည့် “တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်စေရန် သီးသန့်သင်တန်းများပေးခြင်း လုပ်ငန်းအစီအစဉ်”ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုများ တိုးမြှင့်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုများ အတွက် အထောက်အကူဖြစ်စေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ရေး ဆောင်ရွက်ခြင်း၊ ဥပဒေသစ်များပြဋ္ဌာန်းရေးအတွက် ဆောင်ရွက်ခြင်း၊ တရားရုံးက ဦးဆောင်သည့် စွေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ခြင်း၊ တရားရုံးစီရင်ပိုင်ခွင့်အာဏာများ ပြောင်းလဲသတ်မှတ်ခြင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်မှုခင်းများ စစ်ဆေးစီရင်ရန် မူပိုင်ခွင့် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။ တရားရုံးစီမံခန့်ခွဲမှု အားကောင်းစေရန်အတွက် e-Government ဌာနနှင့် အငြင်းပွားမှုဖြေရှင်းရေးနှင့်အထူးမှုခင်း ကိစ္စရပ်များဌာနတို့အား တိုးချဲ့ဖွဲ့စည်းခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့်ညီညွတ်သော တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်ကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် လာဘ်ပေးလာဘ်ယူ ကင်းရှင်းပြီး၊ တာဝန်ယူနိုင်မှု၊ တာဝန်ခံနိုင်မှုမြင့်မားသည့် တရားစီရင်ရေးကို ပြည်သူများကို ပေးအပ်နိုင်ရန် ရည်ရွယ်၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရာတွင် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ဆိုင်ရာတိုးတက်မှုမြင့်မားစေရန် ရည်ရွယ်၍ တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့သည် ဂျပန်တရားရေးဝန်ကြီးဌာန နှင့် Nishimura & Asahi Law Firm တို့နှင့် ပူးပေါင်း၍ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်ရသည့် တရားသူကြီးများအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များကို ဥပဒေရှုထောင့်မှလေ့လာခြင်း စာအုပ်ကို ထုတ်ပြန်နိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် မတ်လ ၁ ရက်နေ့တွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို နေပြည်တော်နယ်မြေ ဒကွိဏာခရိုင်တရားရုံး၊ တပ်ကုန်းမြို့နယ် တရားရုံး၊ တောင်ငူခရိုင်တရားရုံးနှင့် တောင်ငူမြို့နယ်တရားရုံးတို့တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့်ပူးပေါင်း၍ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ နိုင်ငံအဝန်းတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် စေ့စပ်ဖြေရှင်းရေးဌာနများက လွှဲအပ်လာသည့် တရားမမှုများ၏ ပျမ်းမျှ ၃၈.၃% ကို အမှုသည်တို့၏ သဘောတူညီချက်ဖြင့် အောင်မြင်စွာ စေ့စပ်ဖြေရှင်းပေးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်လွယ်ကူမှု (Ease of Doing Business) အစီရင်ခံစာတွင် ပဋိညာဉ်များ အတည်ပြုခြင်း အညွှန်းကိန်း (Enforcing Contracts Indicator) နှင့် ကြွေးမြီမပေးဆပ်နိုင်မှု

ဖြေရှင်းတိုးတက်ရေးအညွှန်းကိန်း (Resolving Insolvency Indicator) တိုးတက်ရေး တို့အတွက် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပဋိညာဉ်များ အတည်ပြုခြင်း အညွှန်းကိန်းအတွက် တရားရုံးအဆင့်ဆင့်၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝက်ဘ်ဆိုဒ်တွင် ဖော်ပြခြင်း၊ မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ တိုးချဲ့အကောင်အထည်ဖော်ခြင်း၊ အသေးအဖွဲ တောင်းဆိုမှုများအတွက် လုပ်ထုံးလုပ်နည်းများရေးဆွဲရန် လေ့လာခြင်းနှင့် မူဝါဒလမ်းညွှန်မှု မူကြမ်းရေးဆွဲခြင်း၊ ခရိုင်တရားရုံးများတွင် အသိဥာဏ်ပစ္စည်းမူပိုင်ခွင့်မှခင်းများ စစ်ဆေးစီရင်ရန် အာဏာအပ်နှင်းခြင်း၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရေးအတွက် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းကို ရေးဆွဲခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ကြွေးမြီမပေးဆပ်နိုင်မှုဖြေရှင်းရေး အညွှန်းကိန်းအတွက် ခေတ်မီလူမွဲခံယူမှုဆိုင်ရာ ဥပဒေအသစ်ပြဋ္ဌာန်းနိုင်ရန် မူကြမ်းရေးဆွဲတင်ပြခြင်း၊ ဥပဒေပြဋ္ဌာန်းပြီးနောက် လူမွဲခံယူမှုဆိုင်ရာ နည်းဥပဒေများ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်လွယ်ကူမှု ၂၀၂၀ ပြည့်နှစ်အစီရင်ခံစာတွင် တိုးတက်မှုအဖြစ် ဖော်ပြနိုင်သောပြုပြင်ပြောင်းလဲမှု အကောင်းဆုံးနိုင်ငံ ၂၀ တွင် မြန်မာနိုင်ငံပါဝင်ခဲ့ပါသည်။ အညွှန်းကိန်း ၁၀ ခုအနက် ၅ခု တိုးတက်ခဲ့ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ယူဆောင်ရွက်သည့် ပဋိညာဉ်များ အတည်ပြုခြင်း အညွှန်းကိန်းပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန်လွယ်ကူမှုအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မူပိုင်ခွင့်ဥပဒေများဖြစ်သည့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေနှင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေများအရ စွဲဆိုမှုများကို တရားရုံးများက စစ်ဆေးစီရင်နိုင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို သတ်မှတ်တရားရုံးများသို့ အပ်နှင်းခဲ့ပြီး၊ မူပိုင်ခွင့်ဆိုင်ရာတရားစီရင်ရေးကဏ္ဍအတွက် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာ မူပိုင်ခွင့်ဥပဒေဆိုင်ရာ အမေးအဖြေစာအုပ်များ ပြုစုခြင်း၊ မူပိုင်ခွင့်ဆိုင်ရာ

အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ဖြင့် မူပိုင်ခွင့်ဆိုင်ရာဗဟုသုတများ မျှဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏အမျိုးသားအဆင့် မဟာဗျူဟာများနှင့် စီမံကိန်းများဖြစ်သည့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈)၊ အမျိုးသားအဆင့်မူပိုင်ခွင့် ဆိုင်ရာမဟာဗျူဟာ(၂၀၂၃-၂၀၂၈)၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)နှင့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)တို့၏ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

သုံးသပ်ချက်

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၅ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သည့် တရားရုံးနှစ်စဉ်အစီရင်ခံစာများအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆယ်စုနှစ်အတွင်း တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းများဖြစ်သည့် (၂၀၁၅-၂၀၁၇) မဟာဗျူဟာစီမံကိန်း၊ (၂၀၁၈-၂၀၂၂) မဟာဗျူဟာစီမံကိန်းနှင့် (၂၀၂၃-၂၀၂၇) မဟာဗျူဟာစီမံကိန်းများ ချမှတ်ပြီး လုပ်ငန်းအစီအစဉ်များကို နှစ်စဉ်လျာထား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း တရားရုံးစီမံချက်များ၊ လုပ်ငန်းအစီအစဉ်များကို အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့်ဆောင်ရွက်နိုင်ခဲ့ရာ၊ ပူးပေါင်းဆောင်ရွက်မှုများမှတဆင့် နိုင်ငံတကာစံနှုန်းများ၊ လုပ်ငန်းစဉ်များ၊ လက်တွေ့ဆောင်ရွက်မှုများကိုလေ့လာနိုင်ခဲ့သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းအဖွဲ့များအနေဖြင့်အတွေ့အကြုံကောင်းများရရှိခဲ့ပြီး တရားရေးအရာရှိများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ခဲ့ကြောင်းတွေ့ရှိရသည်။ ၂၀၂၀ ခုနှစ် မှ ၂၀၂၂ ခုနှစ်ကာလများတွင် ကမ္ဘာတစ်ဝန်း ဖြစ်ပွားခဲ့သည့် ကိုဗစ် ၁၉ ကူးစက်ရောဂါကြောင့် ကန့်သတ်မှုများ ရှိခဲ့ခြင်းနှင့်

အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများအားနည်းသွားခြင်းတို့ကြောင့် မဟာဗျူဟာလုပ်ငန်း အစီအစဉ်အချို့ အကောင်အထည်ဖော်မှု နှောင့်နှေးခဲ့သည့် အချိန်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးအဆင့်ဆင့်မှ တာဝန်ရှိသူများ တက်ညီလက်ညီ တတ်စွမ်းသရွေ့ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အခက်အခဲများကို ကျော်လွှားကာ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့ကြပါသည်။ တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မိမိတို့ရရှိခဲ့သည့်အတွေ့အကြုံကောင်းများကို အခြေခံ၍ လက်တွေ့ကျသော မဟာဗျူဟာအစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ဘေးဒဏ်ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့ရသော်လည်း တရားစီရင်ရေးလုပ်ငန်းများနှင့် တရားစီရင်ရေးဆိုင်ရာစီမံခန့်ခွဲရေးလုပ်ငန်းများ နှောင့်နှေးမှုမရှိစေရန် စီမံချက်များချမှတ်၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့ဖြစ်၍ နှစ်စဉ်ထုတ်ပြန်သည့် တရားရုံးအစီရင်ခံစာများတွင် နှစ်အလိုက် ဆောင်ရွက်ချက်များ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ရှေ့လာမည့်နှစ်များတွင် တရားစီရင်ရေးအတွက် ပိုမိုကောင်းမွန်သည့် ကြိုးပမ်းအားထုတ်မှုများဖြင့် ဆောင်ရွက်လျက်ရှိပေရာ ဤကဏ္ဍတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆယ်နှစ်တာအတွင်း ထူးခြားသည့် ကြိုးပမ်းအားထုတ်မှုများအား အများပြည်သူသိရှိစေရန် မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

အပိုင်း (၁)

တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု

အပိုင်း (၁)

တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု

၁.၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အချုပ်အခြာအာဏာ(၃) ရပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ အရ နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတစ်ဝန်း လုံး၌ တည်သည်။ ယင်းဥပဒေပုဒ်မ ၁၁(က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာဟူ၍ ပိုင်းခြားကျင့်သုံးပါသည်။



၁.၂ တရားစီရင်ရေးဆိုင်ရာမူများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၁၉ တွင် တရားစီရင်ရေးဆိုင်ရာအခြေခံမူများအဖြစ် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

- ဥပဒေနှင့်အညီလွတ်လပ်စွာတရားစီရင်ရေး၊
- ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊
- အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး။

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတွင်လည်း တရားစီရင်ရေးဆိုင်ရာ မူများကို အခန်း (၂) ၊ ပုဒ်မ ၃ ၌ အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

- ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊

- ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊
- အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊
- ပြည်သူတို့၏ အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး၊
- ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးခြင်းနှင့် ပြည်သူများက ဥပဒေကိုလိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးရေး၊
- ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး၊
- ပြစ်မှုကျူးလွန်သူကိုအရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကိုဦးတည်ရေး။

၁.၃ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခွင့်အာဏာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တရားစီရင်ရေးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်အနက် တစ်ခုဖြစ်ပြီး၊ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့မှ သီးခြားရပ်တည်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈ အရ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်များနှင့် အဆင့်ဆင့်သော တရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါသည်။

၁.၄ တရားရုံးများဖွဲ့စည်းပုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ အောက်ဖော်ပြပါတရားရုံးများကို ၃၁-၃-၂၀၁၁ ရက်နေ့မှစ၍ ဖွဲ့စည်းထားပါသည်-

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်
- တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများ
- မြို့နယ်တရားရုံးများ
- ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ

တရားစီရင်ရေးအာဏာခွဲဝေကျင့်သုံးပုံအခြေပြဇယား



ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၈ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စစ်ဘက်ဆိုင်ရာတရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်စေဘဲ နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နေပြည်တော်တွင် တည်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၏ တည်နေရာကို **နောက်ဆက်တွဲ (က)** တွင် ဇယားဖြင့် ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၉၉ (ခ) အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးရေ အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၁ ဦး ထိ ဖွဲ့စည်းနိုင်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဝဏ္ဏကျော်ထင် ဦးမျိုးမောင်၊ ဝဏ္ဏကျော်ထင် ဦးကြည်သိန်းနှင့် ဝဏ္ဏကျော်ထင် ဦးခင်မောင်ကြီးတို့သည် ၉-၉-၂၀၂၅ ရက်နေ့

တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအဖွဲ့ဝင်အဖြစ် ပြောင်းလဲခန့်အပ်ခြင်းခံရသဖြင့် လစ်လပ်သွားသည့်နေရာတွင် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်စိုးခက်ခက်နှင့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်သင်းသင်းချို တို့အား ၁၇-၉-၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပါသည်။ သို့ဖြစ်၍ ၁-၁-၂၀၂၅ ရက်နေ့မှ ၃၁-၁၂-၂၀၂၅ ရက်နေ့အထိ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ၁၁ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့တွင် ဖွဲ့စည်းပုံအရ ရာထူးအဆင့်အလိုက် အရာထမ်းအမှုထမ်း စုစုပေါင်း ၁၀၆၆၀ ဦးအထိ ခွင့်ပြုထားပြီး ယခုအစီရင်ခံသည့် ၃၁-၁၂-၂၀၂၅ ရက်နေ့အထိ ၅၄၇၆ ဦး ခန့်ထားပြီးဖြစ်၍ ၅၁၈၄ ဦး လစ်လပ်လျက်ရှိပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ



သီရိပျံချီ စည်သူ ဦးသာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
(၃-၈-၂၀၂၃) မှ (ယနေ့ထိ)



ဝဏ္ဏကျော်ထင် ဦးမျိုးတင့်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၄-၆-၂၀၁၇) မှ (ယနေ့ထိ)



ဝဏ္ဏကျော်ထင် ဦးမျိုးမောင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၄-၂-၂၀၂၁) မှ (၉-၉-၂၀၂၅) ထိ



ဝဏ္ဏကျော်ထင် ဦးကြည်သိန်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၄-၂-၂၀၂၁) မှ (၉-၉-၂၀၂၅) ထိ



ဝဏ္ဏကျော်ထင် ဦးခင်မောင်ကြီး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၇-၂-၂၀၂၁) မှ (၉-၉-၂၀၂၅) ထိ



ဝဏ္ဏကျော်ထင် ဒေါ်ခင်မေရီ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၇-၂-၂၀၂၁) မှ (ယနေ့ထိ)



ဧဇယျကျော်ထင် ဦးသောင်းနိုင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၄-၃-၂၀၂၂) မှ (ယနေ့ထိ)



ဝဏ္ဏကျော်ထင် ဦးသိန်းကိုကို
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၄-၃-၂၀၂၂) မှ (ယနေ့ထိ)



ဝဏ္ဏကျော်ထင်ဒေါ်သင်းသင်းနွဲ့
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၄-၃-၂၀၂၂) မှ (ယနေ့ထိ)



ဒေါ်ပြုံးပြုံးအေး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၉-၈-၂၀၂၃) မှ(ယနေ့ထိ)



ဒေါက်တာ ကိုကိုနိုင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၀-၈-၂၀၂၄) မှ (ယနေ့ထိ)



ဝဏ္ဏကျော်ထင် ဦးဝင်းမြင့်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၇-၉-၂၀၂၅) မှ (ယနေ့ထိ)



ဒေါ်စိုးခက်ခက်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၇-၉-၂၀၂၅)မှ (ယနေ့ထိ)



ဒေါ်သင်းသင်းချို
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
(၁၇-၉-၂၀၂၅) မှ (ယနေ့ထိ)

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ စုပေါင်းဓာတ်ပုံ



ပြည်ထောင်စုတရားသူကြီးချုပ်၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများနှင့်အဆင့်မြင့်အရာရှိကြီးများ၏ စုပေါင်းဓာတ်ပုံ



ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်အာဏာများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နောက်ဆုံးအဆင့် အယူခံတရားရုံးဖြစ်သည်။ တရားမနှင့် ရာဇဝတ်မှုနှစ်မျိုးစလုံးအတွက် မူလမှုစီရင်ပိုင်ခွင့်အာဏာ၊ အယူခံမှုစီရင်ပိုင်ခွင့်အာဏာ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာနှင့် သေဒဏ်အတည်ပြုခွင့်အာဏာများ ရှိသည်။ ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချုန်တော်အမိန့်သဘောမျိုး သက်ရောက်သော အမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေဘဲ စာချုန်တော်အမိန့် (၅)ရပ်ကို ထုတ်ပိုင်ခွင့်အာဏာရှိသည်။[၁] ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော တရားသူကြီးများ သို့မဟုတ် စုံညီခုံရုံးတို့ဖြင့် အမှုများကို စစ်ဆေးစီရင်နိုင်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ ကိစ္စရပ်များကိုလည်း သီးသန့် ကြားနာစစ်ဆေးပါသည်-

- ပြည်ထောင်စုနိုင်ငံတော်က ချုပ်ဆိုသော ပြည်ထောင်အချင်းချင်းဆိုင်ရာစာချုပ်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသောကိစ္စရပ်များ
- ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာများမှအပ အခြားအငြင်းပွားမှုများ
- တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အချင်းချင်း၊ ပြည်ထောင်စုနယ်မြေနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချင်းချင်းတို့အကြားဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ
- ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အခြားကိစ္စရပ်များ

---

[၁] အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ၏ ၃၁-၇-၂၀၂၅ ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်အမှတ် ၁/၂၀၂၅ နှင့် ၃၁-၁၀-၂၀၂၅ ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်အမှတ် ၃/၂၀၂၅ တို့အရ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များရှိ မြို့နယ် ပေါင်း ၆၃ မြို့နယ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂(က)နှင့်အညီ အရေးပေါ် အခြေအနေကို ရက်ပေါင်း ၉၀အထိ အတည်ဖြစ်ကြောင်း ကြေညာထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးစနစ်တစ်ခုလုံး၏ အမြင့်ဆုံး အာဏာပိုင်ဖြစ်သည်နှင့်အညီ လက်အောက်ခံတရားရုံးများအားလုံးကို စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန်တာဝန်ရှိသည်။ ထို့ပြင် တရားစီရင်ရေးနှင့်သက်ဆိုင်သော ဥပဒေကြမ်းများကို ဥပဒေပြုအဖွဲ့ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်သို့ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းနိုင်ခွင့်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒုတိယအမြင့်ဆုံးတရားရုံးများဖြစ်ကြပြီး ပြည်ထောင်စု၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တည်ရှိပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော် (၇) ခုနှင့် ပြည်နယ်တရားလွှတ်တော် (၇) ခု တည်ထောင်ထားရှိပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများ



တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်တရားသူကြီး (အမျိုးသားနှင့်အမျိုးသမီး) ဝတ်စားဆင်ယင်ပုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၀၈ (က)(၂) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တစ်ခုစီတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အပါအဝင် တရားလွှတ်တော်တရားသူကြီး ဦးရေ အနည်းဆုံး (၃)ဦးမှ အများဆုံး(၇)ဦးအထိ ခန့်အပ်နိုင်ပါသည်။ ၃၁-၁၂-၂၀၂၅ ရက်နေ့ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်

တရားလွှတ်တော်များတွင် တာဝန်ထမ်းဆောင်နေကြသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီး စုစုပေါင်းမှာ (၅၈) ဦး ဖြစ်ပါသည်။

တိုင်းဒေသကြီးပြည်နယ်တရားလွှတ်တော်များ၏ တရားသူကြီးချုပ်များနှင့်တရားသူကြီးများ (၁-၁-၂၀၂၅) ရက်နေ့မှ (၃၁-၁၂-၂၀၂၅) ရက်နေ့အထိ

ကချင်ပြည်နယ်	တရားသူကြီးချုပ် ဒေါ်အေးအေးမော်	၂၀.၁၂.၂၀၂၄ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဦးတူးမော်	၃.၁၀.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဦးအောင်မြင့်	၂၄.၈.၂၀၂၃ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ပြုံးပြုံးကြည်	၂၀.၁၂.၂၀၂၄ မှ ယနေ့အထိ
ကယားပြည်နယ်	တရားသူကြီးချုပ် ဦးထွန်းထွန်းဦး	၁၃.၃.၂၀၂၃ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်ချယ်ရီခင်	၁၃.၃.၂၀၂၃ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်သိန်းသိန်းနှင်း	၇.၇.၂၀၂၃ မှ ယနေ့အထိ
ကရင်ပြည်နယ်	တရားသူကြီးချုပ် ဦးညွှန့်လင်း	၂၉.၁၂.၂၀၂၄ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်ခင်စိမ်းဝင်း	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်နွဲ့နွဲ့ဦး	၂၉.၁၂.၂၀၂၄ မှ ယနေ့အထိ
ချင်းပြည်နယ်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးနေစိုး	၁.၁၁.၂၀၂၁ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်မန်ဟောက်ချန်	၇.၂.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးမင်းအောင်	၂၅.၄.၂၀၂၅ မှ ယနေ့အထိ
စစ်ကိုင်းတိုင်းဒေသကြီး	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးဇော်ထူး	၁၄.၇.၂၀၂၁ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်စုစုဝင်း	၂၀.၄.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးဟန်သိန်း	၂၅.၁၀.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်မိမိစိန်	၃၁.၇.၂၀၂၄ မှ ယနေ့အထိ
တနင်္သာရီတိုင်းဒေသကြီး	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဒေါ်ပိုက်ပိုက်အေး	၁၈.၅.၂၀၂၀ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်အေးအေးသန်း	၂၀.၄.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ရင်ရင်သန်း	၁၀.၆.၂၀၂၁ မှ ယနေ့အထိ
ပဲခူးတိုင်းဒေသကြီး	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဒေါ်လွင်လွင်အေးကျော်	၁၀.၆.၂၀၂၁ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်အေးအေးသန့်	၁၉.၁၂.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဦးမြင့်စိုး	၁၀.၆.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်အုန်းတင့်	၈.၂.၂၀၂၄ မှ ယနေ့အထိ
	တရားသူကြီး ဒေါက်တာဇော်ဝင်းထွန်း	၃၁.၇.၂၀၂၄ မှ ယနေ့အထိ
မကွေးတိုင်းဒေသကြီး	တရားသူကြီးချုပ် ဒေါ်မိမိမော်	၁၀.၁၀.၂၀၂၃ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်သင်းသင်းချို	၂၆.၆.၂၀၂၃ မှ ၁၆.၉.၂၀၂၅ အထိ
	တရားသူကြီး ဒေါ်ခင်နှင်းထွဋ်	၁၀.၁၀.၂၀၂၃ မှ ယနေ့အထိ
	တရားသူကြီး ဦးထွန်းထွန်းအောင်	၁၆.၁၀.၂၀၂၅ မှ ယနေ့အထိ

မန္တလေးတိုင်းဒေသကြီး	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဒေါ်ခင်သင်းဝေ	ဂ.၂.၂၀၂၁ မှ ၉.၉.၂၀၂၅ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ် ဒေါ်လှမြင့်	၁၂.၉.၂၀၂၅ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်လှမြင့်	၁၅.ဂ.၂၀၁၉ မှ ၁၁.၉.၂၀၂၅ အထိ
	တရားသူကြီး ဦးမြင့်ဆန်း	၂၈.၅.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်စန်းမြင့်	၂၇.ဂ.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ကြည်ကြည်စိန်	၃.၁၂.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်သစ်ဆွေ	ဂ.၂.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးသန်းထွန်းအောင်	၁၉.၁၀.၂၀၂၃ မှ ယနေ့အထိ
	တရားသူကြီး ဦးစောမျိုးမျိုး	၁၂.၉.၂၀၂၅ မှ ယနေ့အထိ
မွန်ပြည်နယ်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးညီညီစိုး	၁.၃.၂၀၂၁ မှ ၁၉.ဂ.၂၀၂၅ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ် ဒေါ်ဌေးမြင့်အေး	၂၃.ဂ.၂၀၂၅ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ဌေးမြင့်အေး	ဂ.၁၂.၂၀၁ဂ မှ ၂၂.ဂ.၂၀၂၅
	တရားသူကြီး ဒေါ်ညိုမိစ်	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါက်တာအောင်သီဟ	၃၁.ဂ.၂၀၂၄ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခိုင်ခိုင်မျိုး	၂၃.ဂ.၂၀၂၅ မှ ယနေ့အထိ
ရခိုင်ပြည်နယ်	တရားသူကြီးချုပ် ဒေါ်မြအေး	၁ဂ.ဖ.၂၀၂၃ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဦးအောင်ထွန်းသိန်း	၂ဂ.၁၂.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်စောရွှေ	၁ဂ.ဖ.၂၀၂၃ မှ ယနေ့အထိ
ရန်ကုန်တိုင်းဒေသကြီး	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဒေါ်စန္ဒာသွယ်	၂၃.၃.၂၀၂၂ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်စိုးခက်ခက်	ဖ.၂.၂၀၁၉ မှ ၁ဖ.၉.၂၀၂၅ အထိ
	တရားသူကြီး ဒေါ်ချိုမာလာ	၂၁.၂.၂၀၂၀ မှ ၂ဖ.၄.၂၀၂၅ အထိ
	တရားသူကြီး ဦးညိုထွန်း	ဂ.၂.၂၀၂၁ မှ ၁ဂ.၉.၂၀၂၅ အထိ
	တရားသူကြီး ဦးကျော်စွာငြိမ်း	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ထားထား	၁၉.၁.၂၀၂၂ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်နုနုခင်	၂၃.၃.၂၀၂၂ မှ ယနေ့အထိ
	တရားသူကြီး ဦးကျော်ကျော်	၂ဂ.၄.၂၀၂၅ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်မာလာထွဋ်	၁ဖ.၁၀.၂၀၂၅ မှ ယနေ့အထိ
	တရားသူကြီး ဦးသောင်းထွေး	၁ဖ.၁၀.၂၀၂၅ မှ ယနေ့အထိ
ရှမ်းပြည်နယ်	တရားသူကြီးချုပ် ဦးသန်းဦးလွင်	၅.၁၂.၂၀၂၂ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်စန္ဒာအောင်	၃.၉.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဦးအောင်သိန်း	၃. ၉.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်နန်းမေယဉ်	၅.၁၂.၂၀၂၂ မှ ယနေ့အထိ
ဧရာဝတီတိုင်းဒေသကြီး	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးဝင်းမြင့်	၁၁.၁.၂၀၂၂ မှ ၁ဖ.၉.၂၀၂၅ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ် ဒေါ်မိုးမိုးအေး	၈.၁၀.၂၀၂၅ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်	၂၁.၁၂.၂၀၁၇ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်မိုးမိုးအေး	၃.၁၂.၂၀၂၀ မှ ဂ.၁၀.၂၀၂၅ အထိ
	တရားသူကြီး ဦးဝင်းမြိုင်	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်စန်းဝင်း	၁၁.၁.၂၀၂၂ မှ ယနေ့အထိ
	တရားသူကြီး ဒေါက်တာအောင်ထွန်းလင်း	၈.၁၀.၂၀၂၅ မှ ယနေ့အထိ

*** အစီရင်ခံစာထုတ်ပြန်သည့်နှစ်အတွင်း အကျိုးဝင်သည့် တရားသူကြီးများနှင့် ခန့်အပ်တာဝန်ပေးသည့် ရက်စွဲများကို ဖော်ပြထားခြင်းဖြစ်ပါသည်။**

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စီရင်ပိုင်ခွင့်အာဏာများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၀၆ အရ တရားလွှတ်တော်များတွင် မူလမှုစီရင်ပိုင်ခွင့်အာဏာ၊ အယူခံမှုစီရင်ပိုင်ခွင့် အာဏာ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာ၊ ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော ကိစ္စရပ် များကို စီရင်ပိုင်ခွင့်အာဏာများ ရှိပါသည်။

တရားလွှတ်တော်များသည် ဥပဒေအရ သတ်မှတ်ထားသည့် ရာဇဝတ်မူလမှုများကို စီရင်ပိုင်ခွင့်ရှိပြီး အမှုတန်ဖိုးကျပ်သိန်း ၅၀၀၀၀ အထက်မှ တန်ဖိုးအကန့်အသတ်မရှိသည့် တရားမမူလမှုများကို စီရင်ပိုင်ခွင့်ရှိပါသည်။

တရားလွှတ်တော်များရှိ အမှုအားလုံးကို တရားသူကြီးတစ်ဦး သို့မဟုတ် လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့် စစ်ဆေးပါသည်။ တရားလွှတ်တော်သည် မိမိစီရင် ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ လက်အောက်ခံတရားရုံးအားလုံး ၏ တရားစီရင်ရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ ကြီးကြပ်ရန်တာဝန်ရှိပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့၏ ကြီးကြပ်မှုအောက်၌ရှိသည်။[၂]

အစီရင်ခံသည့်ကာလအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး (၁)ရုံးနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတရားရုံး (၅) ရုံးအပါအဝင် ခရိုင်အဆင့်တရားရုံး ၁၂၅ ရုံးအထိ ဖွဲ့စည်းထား ရှိပါသည်။[၃] ခရိုင်တရားရုံးတွင် ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီးနှင့် ဒုတိယခရိုင် တရားသူကြီးတို့ကို ခန့်အပ်ထားပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးနှင့် ကိုယ်ပိုင်

---

[၂] ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၄ နှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၃(က) နှင့် ၄၂

[၃] ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၂၉၃(က) နှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၂ (ဂ)

အုပ်ချုပ်ခွင့်ရဒေသတရားရုံးတို့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးနှင့် ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး/ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးတို့ ခန့်အပ်ထားပါသည်။

ခရိုင်တရားရုံးတွင် တရားမမှုနှင့်ရာဇဝတ်မှုနှစ်မျိုးလုံး၏ မူလမှုများကို ကြားနာခွင့်ရှိပြီး၊ လက်အောက်ခံတရားရုံးများက ချမှတ်သော စီရင်ချက်၊ ဒီကရီနှင့် အမိန့်များအပေါ် အယူခံမှုနှင့်ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာများလည်း ရှိပါသည်။ ခရိုင်တရားရုံးရှိ အမှုများကို တရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ပါသည်။ လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့်လည်း စစ်ဆေးစီရင်နိုင်ပါသည်။

ခရိုင်တရားရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်ရာ တရားလွှတ်တော်၏ လမ်းညွှန်ချက်များနှင့်အညီ ၎င်းတို့၏သက်ဆိုင်ရာစီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံးများအားလုံး၏ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

၃၁-၁၂-၂၀၂၅ ရက်နေ့အထိ ခရိုင်တရားရုံးများတွင် ခရိုင်တရားသူကြီးများ အပါအဝင် ခရိုင်အဆင့်တရားသူကြီးစုစုပေါင်း ၃၂၅ ဦး၊ ခရိုင်တရားသူကြီး၏ကြီးကြပ်မှုအောက်တွင် စီမံတာဝန်ထမ်းဆောင်နေသည့် တရားရေးဝန်ထမ်းအဆင့် (၄) ဒုတိယဦးစီးမှူး ၈၅ ဦးတို့ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။



ခရိုင်တရားသူကြီး(အမျိုးသားနှင့်အမျိုးသမီး)ဝတ်စားဆင်ယင်ပုံ

ခရိုင်အဆင့်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင်ပိုင်ခွင့်အာဏာများ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများနှင့် ခရိုင်တရားသူကြီးများ၊ တွဲဖက်ခရိုင်တရားသူကြီးများသည် ကျပ်သိန်း ၅၀၀၀၀ ထက် မပိုသည့်တရားမမူလမှုများနှင့် မိမိတို့နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာများရှိကြပါသည်။[၄] ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီးများ၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများသည် ကျပ်သိန်း ၃၀၀၀၀ ထက်မပိုသည့် တရားမမူလမှုများနှင့် မိမိတို့နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာများရှိကြပါသည်။[၅]



---

[၄] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၆-၃-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၉၆/၂၀၂၅

[၅] ----- ၎င်း -----

ခရိုင်အဆင့်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့်အာဏာများ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီးများ၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ တွဲဖက်ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများသည် ဥပဒေကခွင့်ပြုသော မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့် ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်အာဏာနှင့် မိမိတို့နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုနှင့်ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာများ ရှိကြပါသည်။



၁.၄.၄ မြို့နယ်တရားရုံးများ

မြို့နယ်တရားရုံးသည် မူလရုံးဖြစ်ပါသည်။ ၃၁-၁၂-၂၀၂၅ ရက်နေ့အထိ စာရင်းအရ မြို့နယ်တရားရုံးစုစုပေါင်း (၃၃၀)ရုံးရှိပါသည်။ မြို့နယ်တရားရုံးတိုင်းတွင် မြို့နယ်တရားသူကြီး၊ တွဲဖက်မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီးတို့ကို တရားရုံးဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်ထားပါသည်။

မြို့နယ်တရားရုံးများသည် တရားမမှုနှင့်ရာဇဝတ်မှုနှစ်မျိုးစလုံးကို ကြားနာနိုင်သည့် မူလမှုစီရင်ပိုင်ခွင့်အာဏာရှိပါသည်။ မြို့နယ်တရားရုံးရှိ အမှုများကို တရားသူကြီးတစ်ဦးတည်းဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ပါသည်။

၃၁-၁၂-၂၀၂၅ ရက်နေ့အထိ မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးများအပါအဝင် မြို့နယ်အဆင့်တရားသူကြီး စုစုပေါင်း ၇၆၉ ဦးတို့ တာဝန်ထမ်းဆောင်လျက်ရှိပါ သည်။



မြို့နယ်တရားသူကြီး (အမျိုးသား နှင့် အမျိုးသမီး) ဝတ်စားဆင်ယင်ပုံ

မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင်ပိုင်ခွင့်အာဏာများ

မြို့နယ်တရားရုံးရှိ မြို့နယ်တရားသူကြီးများနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ကျပ်သိန်း ၅၀၀ ထက်မပိုသည့် တရားမမှုလမှု (သို့မဟုတ်) မူလမှုခင်းများစီရင်ရန် စီရင်ပိုင်ခွင့် အာဏာကိုလည်းကောင်း[၆]၊ ဒုတိယမြို့နယ်တရားသူကြီးများအား ကျပ်သိန်း ၂၀၀ ထက်မပို သည့် တရားမမှုလမှု (သို့မဟုတ်) မူလမှုခင်းများစီရင်ရန် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း အပ်နှင်းထားပါသည်[၇]။



---

[၆] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၄-၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀၅/၂၀၂၄

[၇] ----- ၎င်း -----

မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့်အာဏာများ

မြို့နယ်တရားရုံးရှိ မြို့နယ်တရားသူကြီးများနှင့် အထူးအာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ထောင်ဒဏ်(၇)နှစ်အထိနှင့် အကန့်အသတ်မရှိ ငွေဒဏ်ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း၊ ပထမတန်းအာဏာရတွဲဖက်မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများအား ထောင်ဒဏ် (၃) နှစ်အထိနှင့် ငွေဒဏ်ကျပ် ၁၀၀၀၀၀/- အထိ ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း၊ ဒုတိယတန်းအာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများအား ထောင်ဒဏ် (၁) နှစ် အထိနှင့် ငွေဒဏ်ကျပ် ၅၀၀၀၀/- အထိ ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကို လည်းကောင်း၊ တတိယတန်း အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ထောင်ဒဏ်(၃)လအထိနှင့် ငွေဒဏ်ကျပ် ၃၀၀၀၀/- အထိချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း အပ်နှင်းထားပါသည်။

ရာဇဝတ်တရားစီရင်ရေးအာဏာနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်အတွင်း တတိယတန်းရာဇဝတ်အာဏာ (၈၁)ဦး၊ ဒုတိယတန်းရာဇဝတ်အာဏာ (၈၂)ဦး၊ ပထမတန်းရာဇဝတ်အာဏာ (၅၉)ဦး၊ အထူးရာဇဝတ်အာဏာ(ကိုယ်ပိုင်)(၅၉)ဦး၊ အထူးရာဇဝတ်အာဏာ(ယာယီ)(၅၅)ဦး၊ ကလေးသူငယ်စီရင်ပိုင်ခွင့်အာဏာ(၁)ဦးတို့အား အပ်နှင်းခဲ့ပါသည်။

မြို့နယ်/တွဲဖက်မြို့နယ်တရားသူကြီး (အထူးအာဏာ)	ထောင်ဒဏ် (၇) နှစ်အထိနှင့် ငွေဒဏ်အကန့်အသတ်မရှိ
တွဲဖက်/ဒုတိယမြို့နယ်တရားသူကြီး (ပထမတန်းအာဏာ)	ထောင်ဒဏ် (၃) နှစ်အထိနှင့် ငွေဒဏ် ကျပ် ၁၀၀၀၀၀/- အထိ
တွဲဖက်/ဒုတိယမြို့နယ်တရားသူကြီး (ဒုတိယတန်းအာဏာ)	ထောင်ဒဏ် (၁) နှစ်အထိနှင့် ငွေဒဏ် ကျပ် ၅၀၀၀၀/- အထိ
ဒုတိယမြို့နယ်တရားသူကြီး (တတိယတန်းအာဏာ)	ထောင်ဒဏ် (၃) လအထိနှင့် ငွေဒဏ် ကျပ် ၃၀၀၀၀/- အထိ

ဥပဒေအရ တည်ထောင်သည့် အခြားတရားရုံးများ

သီးခြားမှုခင်းကိစ္စရပ်များကို ကြားနာစစ်ဆေးရန်အတွက် ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများကို ယေဘုယျအားဖြင့် မြို့နယ်အဆင့်တရားရုံးနှင့်တန်းတူ တည်ထောင်ထားပါသည်။ သို့သော် မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားသည့် မူလမှုစစ်ဆေးစီရင်ပိုင်ခွင့်အာဏာကို ခရိုင်အဆင့်တရားရုံးများသို့ အပ်နှင်းထားပါသည်။ ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများတွင် အောက်ပါတို့ပါဝင်ပါသည်-

- ကလေးသူငယ်တရားရုံးများ
- စည်ပင်သာယာတရားရုံးများ
- မော်တော်ယာဉ်တရားရုံးများ
- မူပိုင်ခွင့်ဆိုင်ရာစီရင်ပိုင်ခွင့်အာဏာရတရားရုံးများ

ကလေးသူငယ်တရားရုံးများ

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉) အရ ကလေးသူငယ်များကျူးလွန်သည့် ပြစ်မှုများကို ကြားနာစစ်ဆေးရန် ကလေးသူငယ်တရားရုံးများကို သီးခြားတည်ထောင်ထားပြီး စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားပါသည်။

ကလေးသူငယ်တရားရုံး(ရန်ကုန်)သည် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် (၂၀) တွင် ဖြစ်ပွားသော ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်း ဖြစ်ပါသည်။ ကလေးသူငယ်တရားရုံး(မန္တလေး)သည် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်(၅)မြို့နယ်တွင် ဖြစ်ပွားသော ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်းဖြစ်ပါသည်။ ထိုတရားရုံးများတွင် ကလေးသက်သေစစ်မေးခန်းအပါအဝင် တရားရုံးအထောက်အကူပြု ကိရိယာပစ္စည်းများနှင့် ကလေးသူငယ်များသက်သောင့်သက်သာရှိစေမည့် ပတ်ဝန်းကျင်တို့ကို ဖန်တီးပေးထားပါသည်။ ဖော်ပြပါရုံးများအပြင် ကျန်မြို့နယ်တရားရုံးများတွင် ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် ကလေးသူငယ်တရားရုံးများကိုပါ ပူးတွဲဖွင့်လှစ်ထားရှိပါသည်။

ထို့အပြင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ ၉၆ နှင့် ၉၇ တို့အရ ပြစ်မှုကျူးလွန်ခံရသည့် ကလေးသူငယ်များနှင့် ကလေးသူငယ်သက်သေများအား ကျူးလွန်သူ

များ၏ အန္တရာယ်ခြိမ်းခြောက်မှုမှ အကာအကွယ်ပေးရန်နှင့် ဥပဒေပါ အခွင့်အရေးများ ရရှိစေရန်အတွက် ခရိုင်တရားရုံး ၂၀ တွင် UNICEF(မြန်မာ)၏ အကူအညီဖြင့် အထူးသက်သေစစ်မေးခန်းများ ထားရှိပါသည်။

စည်ပင်သာယာတရားရုံးများ

စည်ပင်သာယာမှုခင်းများကို လျင်မြန်ထိရောက်စွာစစ်ဆေးစီရင်နိုင်ရန် စည်ပင်သာယာတရားရုံးများ တည်ထောင်ထားပြီး၊ နေပြည်တော်စည်ပင်သာယာရေးဥပဒေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေတို့နှင့်အညီ တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် စည်ပင်သာယာတရားရုံး စုစုပေါင်း ၁၀ ရုံးကို သီးခြားစီ ဖွင့်လှစ်ထားပါသည်။

မော်တော်ယာဉ်တရားရုံးများ

ယာဉ်စည်းကမ်း လမ်းစည်းကမ်းချိုးဖောက်မှုများကို အရေးယူနိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ (၂၀၂၀) နှင့်အညီ စစ်ဆေးစီရင်ရန် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် မော်တော်ယာဉ်တရားရုံး စုစုပေါင်း ၄ ရုံးကို သီးခြားစီ ဖွင့်လှစ်ထားပါသည်။

မူပိုင်ခွင့်ဆိုင်ရာစီရင်ပိုင်ခွင့်အာဏာရတရားရုံးများ

မူပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများကို ထိရောက်စွာ စစ်ဆေးနိုင်ရန် ခရိုင်တရားရုံးများကို အာဏာအပ်နှင်းဆောင်ရွက်လျက်ရှိပါသည်။[၈] မူပိုင်ခွင့်ဆိုင်ရာ တရားမကြောင်းအရ အငြင်းပွားမှုများကို စစ်ဆေးစီရင်ရန် ကျောက်တံတားခရိုင်တရားရုံးသို့လည်းကောင်း၊ မူပိုင်ခွင့်ဆိုင်ရာ ရာဇဝတ်ကြောင်းအရ အငြင်းပွားမှုများကို စစ်ဆေးစီရင်ရန် ခရိုင်တရားရုံးအသီးသီးသို့လည်းကောင်း အာဏာအပ်နှင်းထားပြီး ဖြစ်ပါသည်။ ထို့ပြင် မူပိုင်ခွင့်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများနှင့် တရားစီရင်ရေး

---

၈ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၄-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၅/၂၀၂၃ မှ ၂၃၉/၂၀၂၃
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၇-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၅၅/၂၀၂၃ မှ ၉၅၉/၂၀၂၃
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၇-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၆၁/၂၀၂၃ မှ ၉၆၅/၂၀၂၃

ဆိုင်ရာ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားမှုများကို စစ်ဆေးစီရင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များသို့ အာဏာအပ်နှင်းထားပြီး ဖြစ်ပါသည်။

၁.၅ တရားရုံးစီမံခန့်ခွဲမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဌာနတွင်းလုပ်ငန်းများကို စီမံဆောင်ရွက်ရန်နှင့် လက်အောက်ခံတရားရုံးများကို ကြီးကြပ်ကွပ်ကဲရန်၊ ဘဏ္ဍာရေးကိစ္စရပ်များကို စီမံခန့်ခွဲရန် တာဝန်ရှိသည်နှင့်အညီ စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီများနှင့်အဖွဲ့များ၊ ရုံးဌာနများကို ဖွဲ့စည်းထားရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများနှင့် အဖွဲ့များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စီမံခန့်ခွဲရေးလုပ်ငန်းများကို အထောက်အကူပြုသည့် ကော်မတီများနှင့် အဖွဲ့များကို ဖွဲ့စည်းထားရှိပါသည်။ ထိုကော်မတီများနှင့် အဖွဲ့များသည် တရားစီရင်ရေးရာကိစ္စရပ်များနှင့် တရားရုံးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ၃၁-၁၂-၂၀၂၅ ရက်နေ့အထိ ဖွဲ့စည်းထားသည့် ကော်မတီများနှင့် အဖွဲ့များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် **“ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသောင်းနိုင် ဦးဆောင်သည့် **“မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဒေါ်သင်းသင်းနွဲ့ ဦးဆောင်သည့် **“တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သည့် **“စာချုန်တော်လျှောက်ထားမှု အပြီးသတ်အမိန့်များ စိစစ်ရွေးချယ်ရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဒေါ်ခင်မေရီ ဦးဆောင်သည့် **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲသော ဥပဒေများစိစစ်ရေးအဖွဲ့”**

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးဝင်းမြင့် ဦးဆောင်သည့် **“ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းစဉ်များ ကြီးကြပ်ရေးကော်မတီ”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဒေါ်စိုးခက်ခက် ဦးဆောင်သည့် **“တရားရုံးများလက်စွဲ (ပထမတွဲ) ပြုစုထုတ်ဝေရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သည့် **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အရေးယူဆောင်ရွက်ရန် အကြောင်းကြားလာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိစစ်ပြန်ကြားရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဒေါက်တာကိုကိုနိုင် ဦးဆောင်သည့် **“ပြည်ထောင်စုတရားလွှတ်တော်ချုပ် e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဒေါက်တာကိုကိုနိုင် ဦးဆောင်သည့် **“နည်းပညာအသုံးပြု မှုခင်းသတင်းအချက်အလက်စနစ် အကောင်ထည်ဖော် ဆောင်ရွက်ရေးကော်မတီ”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသိန်းကိုကို ဦးဆောင်သည့် **“စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာ လုပ်ငန်းကော်မတီ”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သည့် **“မြန်မာနိုင်ငံ တရားစီရင်ထုံး ပြုစုရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသောင်းနိုင် ဦးဆောင်သည့် **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှဖွင့်လှစ်သောသင်တန်းများအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမှတ်စုများပြုစုရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဒေါ်ပြုံးပြုံးအေး ဦးဆောင်သည့် **“ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများ၏ တရားစီရင်ရေးစနစ်များအား လေ့လာပြီး အကြံပြုချက်ရေးသားပြုစုရေးအဖွဲ့”**

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသိန်းကိုကို ဦးဆောင်သည့် **“အထူးအယူခံမှု စီရင်ချက်များစာအုပ် ပြုစုထုတ်ဝေရေးအဖွဲ့”**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသိန်းကိုကို ဦးဆောင်သည့် **“စာချုန်တော်လျှောက်ထားမှု ကနဦးအဓိန့်များ စိစစ်ရွေးချယ်ရေးအဖွဲ့”**

တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏လုပ်ငန်းများကို သီးသန့်ဆောင်ရွက်ရန် ရည်ရွယ်၍ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကိုလည်းဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ အထက်ဖော်ပြပါ ကော်မတီများတွင် အဆင့်မြင့်တရားရေးအရာရှိကြီးများက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဖွဲ့စည်းပုံ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းများကို ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့က တာဝန်ယူဆောင်ရွက်ပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုရန် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊

အမြဲတမ်းအတွင်းဝန်၏ ကြီးကြပ်မှုအောက်တွင် အဖွဲ့ခွဲ(၁)နှင့်အဖွဲ့ခွဲ(၂)ဟူ၍ အဖွဲ့ခွဲနှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ကြီးကြပ်မှုအောက်တွင် စီမံရေးရာဌာန၊ ဘတ်ဂျက်နှင့် ထောက်ပံ့ဌာန၊ လေ့ကျင့်ဌာန၊ e-Government ဌာန၊ သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန နှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် သုတေသနဌာနဟူ၍ ဌာနကြီး (၆) ခု ဖွဲ့စည်းထားရှိပါသည်။



ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ ကြီးကြပ်မှုအောက်တွင် ပြစ်မှုတရားစီရင်ရေးဌာန၊ တရားမတရားစီရင်ရေးဌာန၊ စာချုန်တော်ဌာန၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ အငြင်းပွားမှု ဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာန၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနဟူ၍ ဌာနကြီး (၆) ခု ဖွဲ့စည်းထားရှိပါသည်။



ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့် ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းများကို စီမံဆောင်ရွက်ပါသည်။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသော ဘဏ္ဍာရေးနှစ်အတွင်းကောက်ခံရမည့် ရငွေများကို ကြီးကြပ်ကောက်ခံခြင်း၊ အသုံးစရိတ်ငွေ (သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်)

တို့ကို စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်အား လုပ်ပိုင်ခွင့်အပ်နှင်းထားပါသည်။

အမြဲတမ်းအတွင်းဝန်သည် ၎င်းအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများသို့ ထပ်မံ၍လွှဲအပ်နိုင်သည်ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသော ရင်္ဂေများကို ကြီးကြပ်ကောက်ခံခြင်း၊ အသုံးစရိတ်ငွေများကို စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့/လေ့ကျင့်) သို့လည်းကောင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်သို့လည်းကောင်း အပ်နှင်းဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့/လေ့ကျင့်) သည် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ ဌာနဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား ထပ်မံ၍ လွှဲအပ်နိုင်သည်ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသော ရင်္ဂေများကို ကြီးကြပ်ကောက်ခံခြင်း၊ အသုံးစရိတ်ငွေများကို စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူး (ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန)သို့လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားရေးဦးစီးမှူးများသို့လည်းကောင်း အပ်နှင်းဆောင်ရွက်ပါသည်။

ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများကို စီမံကြီးကြပ်ရန်အတွက် ဌာနတွင်းစာရင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦး ဦးဆောင်သည့် "ဌာနတွင်းစာရင်းစစ်အဖွဲ့"ကို ဖွဲ့စည်းထားရှိပြီး၊ ဌာနတွင်းစာရင်းစစ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ပံ့ပိုးကူညီရန် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်ဦးဆောင်သည့် "စာရင်းစစ်ကော်မတီ"ကို ဖွဲ့စည်းထားရှိပါသည်။

ဘဏ္ဍာငွေခွဲဝေရရှိမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့် ငွေလုံးငွေရင်းအသုံး

စရိတ်အားလုံး၏ ၀.၁၆၁% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ်အားလုံး၏ ၀.၀၇၉% ကိုလည်းကောင်း၊ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးသည့် ငွေလုံးငွေရင်းအသုံးစရိတ်အားလုံး၏ မူလခန့်မှန်းခြေစာရင်းအရ ၀.၀၀၄% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ် အားလုံး၏ မူလခန့်မှန်းခြေစာရင်းအရ ၀.၀၂၄% ကိုလည်းကောင်း ဘဏ္ဍာငွေခွဲဝေရရှိခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်အတွက် ခွင့်ပြုငွေနှင့်သုံးစွဲမှုအခြေအနေ (ကျပ်သန်းပေါင်း)

စဉ်	ငွေစာရင်း ခေါင်းစဉ်	ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရရှိမှုရာခိုင်နှုန်း		သုံးစွဲမှု အခြေအနေ	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆ (ပြုပြင်ပြီး ခန့်မှန်းခြေ)
		၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆			
၁	၂	၃	၄	၅	၆	၇
၁	ငွေလုံးငွေရင်း အသုံးစရိတ်	၀.၁၆၁%	၀.၀၀၄%	ခွင့်ပြုငွေ	၁၂၂၉၀.၄၈၃	၃၇၂.၆၅၂
				အမှန် သုံးငွေ	၁၂၁၉၈.၈၇၉	၇၆၈၁.၁၉၇
၂	သာမန် အသုံးစရိတ်	၀.၀၇၉%	၀.၀၂၄%	ခွင့်ပြုငွေ	၂၅၅၆၈.၃၈၃	၉၃၁၂.၈၀၁
				အမှန် သုံးငွေ	၂၄၇၉၃.၉၅၄	၉၅၆၂.၀၅၂

ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ ဘဏ္ဍာငွေခွဲဝေပေးခြင်း

ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ စတင်တည်ထောင်သည့် ၂၀၁၈ခုနှစ်မှစ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခွဲဝေရရှိဘဏ္ဍာငွေများကို ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ နှစ်စဉ်ပြန်လည်ခွဲဝေပေးခဲ့ပါ

သည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရရှိသည့် ဘဏ္ဍာငွေများအနက် ငွေလုံးငွေရင်းအသုံးစရိတ် ၀.၅၁၄ % ကိုလည်းကောင်း၊ သာမန်အသုံးစရိတ် ၁၇.၈၉၂% ကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ် ၄.၆၁၈% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ် ၈၇.၀၁၂ % ကိုလည်းကောင်း ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ ခွဲဝေပေးခဲ့ပါသည်။ ခွဲဝေပေးခဲ့သည့် ဘဏ္ဍာငွေများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ ဘဏ္ဍာငွေခွဲဝေပေးသည့်အခြေအနေ
(ကျပ်သန်းပေါင်း)

စဉ်	ငွေစာရင်းခေါင်းစဉ်	ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရရှိသည့်ဘဏ္ဍာငွေ (ကျပ်သန်းပေါင်း)		ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ခွဲဝေပေးသည့်ဘဏ္ဍာငွေ(ကျပ်သန်းပေါင်း)		ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ခွဲဝေပေးသည့် ရာခိုင်နှုန်း	
		၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆
၁။	ငွေလုံးငွေရင်းအသုံးစရိတ်	၁၂၂၉၀.၄၈၃	၃၅၆.၂၀၂	၆၃.၂၂၅	၁၆.၄၅၀	၀.၅၁၄%	၄.၆၁၈ %
၂။	သာမန်အသုံးစရိတ်	၂၂၆၅၁.၂၃၇	၄၉၄၅.၄၀၀	၄၀၅၂.၈၂၅	၄၃၀၃.၁၀၁	၁၇.၈၉၂ %	၈၇.၀၁၂ %

အပိုင်း (၂)

၂၀၂၅ ခုနှစ်အတွင်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏
ကြိုးပမ်းဆောင်ရွက်မှုများ

အပိုင်း(၂)

၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ

၂ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ

၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကဏ္ဍများခွဲ၍ ဤအပိုင်းတွင် အစီရင်ခံတင်ပြထားပါသည်။ ထူးခြားမှုအနေဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်သည့် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အဦနှင့်တရားခွင်များ၊ ရုံးခန်းများပျက်စီးခဲ့ရသည့်အခြေအနေတွင် တရားစီရင်ရေးလုပ်ငန်းများ ရပ်ဆိုင်းမှုမရှိစေရန် စီမံချက်များချမှတ်၍ တရားစီရင်ရေးမဏ္ဍိုင်၏ ပြန်လည်ထူထောင်ရေးစွမ်းဆောင်နိုင်မှုများကို ခါတ်ပုံမှတ်တမ်းများနှင့်တစ်ကွဖော်ပြထားပါသည်။ ထို့အပြင် တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာလုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခဲ့သည့် စေ့စပ်ညှိနှိုင်းရေး အစီအစဉ်များ၊ အသစ်ပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဆိုင်ရာဥပဒေများ ဖွံ့ဖြိုးတိုးတက်ရေးတွက် စာတမ်းဖတ်ပွဲများ ပြုလုပ်ခြင်း၊ တရားသူကြီးများ၏ကျွမ်းကျင်မှု တိုးတက်စေရေးအတွက် ဆွေးနွေးပွဲများ၊ လေ့ကျင့်သင်တန်းပေးမှု အခြေအနေများနှင့် လူစွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုများ၊ အများပြည်သူလွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်မည့် ခေတ်မီတရားရုံးအသစ်များ ဖွင့်လှစ်နိုင်မှု၊ တရားရုံးဝန်ထမ်းများနေထိုင်မှုအဆင်ပြေစေရန် တရားရုံးဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးနိုင်မှုများနှင့် ဒေသတွင်းတရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တင်ပြထားသဖြင့် ၂၀၂၅ ခုနှစ်အတွင်း တရားစီရင်ရေးကဏ္ဍ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဤအပိုင်းတွင် ပွင့်လင်းမြင်သာစွာတွေ့မြင်နိုင်မည်ဖြစ်ပါသည်။

၂.၁ လျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးများကို ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုများ

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၊ ၁၂း၅၁ အချိန်တွင် လူပ်ခတ်ခဲ့သော ရစ်ချတ်တာစကေး ၇.၇ အဆင့်ရှိ မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ရုံးခန်းများ၊ တရားခွင်များ၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်ရုံးခန်း၊ ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံးခန်းများ၊ စီမံရေးရာဌာန၊ လေ့ကျင့်ဌာန၊ e-Governmentဌာန၊ သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် သုတေသနဌာန၊ ပြစ်မှုတရားစီရင်ရေးဌာန၊ တရားမတရားစီရင်ရေးဌာနရုံးခန်းများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် စာကြည့်တိုက်နှင့် စုဝေးခန်းမတို့ ထိခိုက်ပျက်စီးခဲ့ပါသည်။



ပင်မအဆောက်အဦ၏ ရှေ့ဆင်ဝင် (ဘယ်ဘက်ခြမ်း) ဖြိုကျပျက်စီးမှု မှတ်တမ်းဓါတ်ပုံ



တရားခွင်များပျက်စီးမှုမှတ်တမ်းဓါတ်ပုံ

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အဆောက်အဦအား ၁၈-၄-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါ၍ လာရောက်စစ်ဆေးခဲ့ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံအား ကြည့်ရှုစစ်ဆေးစဉ်။

၁၈-၄-၂၀၂၅ ရက်နေ့၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဆောက်အဦအားကြည့်ရှုစစ်ဆေးစဉ်

ထို့အတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့သည် တာဝန်ရှိသူများလိုက်ပါ၍ ၁၄-၅-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ ရောက်ရှိကြပြီး ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်အတူ အဆိုပါရုံးဝင်းအတွင်း Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



၁၄-၅-၂၀၂၅ ရက်နေ့၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်း ဝန်ကြီးဌာနများ၌ prefabricated office များတပ်ဆင်ပြီးစီးမှုအခြေအနေနှင့် တပ်ဆင်လျက်ရှိသည့် အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်

ငလျင်ဒဏ်ခံစားရသည့်ကာလအတွင်း တရားစီရင်ရေးလုပ်ငန်းများအရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်ခြင်း

ငလျင်ဒဏ်ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပင်မအဆောက်အအုံနှင့် အဆောက်အအုံတွင်းရှိ တရားခွင်များ ပျက်စီးမှုများရှိခဲ့သော်လည်း တရားစီရင်ရေးလုပ်ငန်းမှာ ရပ်တန့်မှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ကြုံတင်အမှုခေါ် စာရင်းထုတ်ပြန်ထားသည့် ကြားနာရန် အမှုများကို ရွှေ့ဆိုင်းကြောင်းနှင့် ပြန်လည်ကြားနာမည့်နေ့ကို ကြုံတင်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ကို ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ကြော်ငြာသင်ပုန်းများတွင်ကပ်၍ လည်းကောင်း၊ လူမှုကွန်ယက်စာမျက်နှာတွင် လွှင့်တင်၍လည်းကောင်း အများပြည်သူကို အသိပေးခဲ့ပါသည်။ အမှုသစ်များကို ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှ စတင်၍ ပုံမှန်အတိုင်း လက်ခံဆောင်ရွက်ပေးခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပင်မအဆောက်အဦမှာ ထိခိုက်ပျက်စီးမှု များပြားသဖြင့် ယင်းအဆောက်အဦတွင် ရုံးထိုင်၍ မရသောကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုးချဲ့အဆောက်အဦရှေ့ (ကားရပ်နားကွင်း) တွင် ယာယီရုံးအဖြစ် ဆောက်လုပ်ခြင်း၊ ဇေယျာသီရိခရိုင်တရားရုံးမှ တရားခွင်(၄)ခုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရုံးထိုင်ကြားနာရန် စီစဉ်ခြင်း နှင့် ယင်းရုံးဝန်းအတွင်း

ဧရိယာသီရိခရိုင်တရားရုံးအတွက် တရားခွင်(၄)ခု ဆောက်လုပ်ရန် တိုးချဲ့တရားရုံး(၁)ရုံး ဆောက်လုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ငလျင်ဒဏ်ကြောင့်ရွှေ့ဆိုင်းခဲ့သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများကို ဧရိယာသီရိခရိုင်တရားရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားခွင် ၄ ခု သတ်မှတ်၍ ရုံးထိုင်ရန် စီစဉ်ခဲ့ရာ ၂၃-၄-၂၀၂၅ ရက်နေ့မှစတင်၍ အမှုများပြန်လည်ကြားနာနိုင်ခဲ့ပြီး တရားစီရင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်နိုင်ခဲ့ပါသည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးထိုင်မည့် ဧရိယာသီရိခရိုင်တရားရုံးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ကြည့်ရှုစစ်ဆေးစဉ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးထိုင်မည့် ဧရိယာသီရိခရိုင်တရားရုံးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ကြည့်ရှုစစ်ဆေးစဉ်

ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အဆောက်အဦထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့၍ ပြည်ထောင်စုတရားသူကြီးချုပ် နာယကအဖြစ် ဆောင်ရွက်ကာ အဖွဲ့ဝင် (၁၁) ဦး ပါဝင်သော ဦးစီးကော်မတီ ဖွဲ့စည်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဆောက်အဦ ပြန်လည်ထိန်းသိမ်းရေးအဖွဲ့၊ ဝန်ထမ်းအိမ်ရာများ ပြန်လည်ထိန်းသိမ်းရေးအဖွဲ့၊ သတင်းအချက်အလက်ရယူရေးနှင့် မှတ်တမ်းအဖွဲ့၊ တရားစီရင်ရေးလုပ်ငန်းများ ရွှေ့ဆိုင်းထားရန် သတင်းထုတ်ပြန်ရေးအဖွဲ့၊ နည်းပညာဆောင်ရွက်ချက်များ ပြန်လည်လည်ပတ်နိုင်ရေးအဖွဲ့၊ စာကြည့်တိုက်စာအုပ်များ ပြန်လည်စုစည်းရေးအဖွဲ့၊ မော်တော်ယာဉ်များပျက်စီးမှု စိစစ်ရေးအဖွဲ့၊ ရုံးသုံးစက်ကိရိယာများ ပြန်လည်ဆယ်တင်စိစစ်ရေးအဖွဲ့၊ ပရိဘောဂများ ပြန်လည်ဆယ်တင်စိစစ်ရေးအဖွဲ့၊ ရေနှင့်လျှပ်စစ်မီး လုပ်ငန်းအဖွဲ့ ထောက်ပံ့ရေးပစ္စည်းများ လက်ခံရေး

အဖွဲ့နှင့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေရေးအဖွဲ့တို့ ဖွဲ့စည်းပြီး သက်ဆိုင်ရာအဖွဲ့အလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။ လျင်လှုပ်ခတ်မှုကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပင်မအဆောက်အဦ ပျက်စီးခဲ့သဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအတွက် ယာယီရုံးခန်းနေရာများ စီစဉ်ဆောင်ရွက်ခဲ့ရပါသည်။ ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် Prefabricated Office ရုံး (၂၅) လုံး ရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးဝန်းအတွင်း တည်ဆောက်အသုံးပြုနိုင်ခဲ့ပါသည်။ ထို့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုးချဲ့အဆောက်အဦရှေ့ ကားရပ်နားကွင်းတွင် ရုံးခန်း(၉)ခန်း ပါဝင်သည့် ယာယီရုံး(၁)ရုံးကို ဆောက်လုပ်၍ ရုံးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှေ့တွင် prefabricated office များနေရာချထားပုံ



ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှေ့တွင် prefabricated office များနေရာချထားပုံ



ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုးချဲ့အဆောက်အဦရှေ့ ယာယီရုံးခန်းများ

e-Government လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ Mini Data Center လည်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး အကောင်အထည်ဖော်ထားသော e-Government စနစ်များ ရပ်ဆိုင်းသွားခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် Mini Data Center အား Container ဖြင့် ယာယီပြန်လည်တည်ဆောက်နိုင်ခဲ့ပြီး ရပ်ဆိုင်းသွားသော e-Government စနစ်များအားလုံး မေလတွင် ပြန်လည်လွှင့်တင်နိုင်ခဲ့ပါသည်။

စာကြည့်တိုက်ပြန်လည်တည်ဆောက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ စာကြည့်တိုက်သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများစွာဖြစ်ခဲ့ရသဖြင့် စာကြည့်တိုက်စာအုပ်များ ပြန်လည်စုစည်းရေးအဖွဲ့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်စာကြည့်တိုက် အပေါ်ထပ်နှင့် အောက်ထပ်ရှိ စာအုပ်များအား ပြန်လည်ဆယ်တင်ဆောင်ရွက်ခဲ့ပါသည်။ စာကြည့်တိုက်မှစာအုပ်များ ဆယ်တင်ပြီးနောက် စာအုပ်များအား သတ်မှတ်ထားသည့်နေရာ အသီးသီးတွင်ထားရှိပြီး စာအုပ်ငှားရမ်းခြင်းဆက်လက်ဆောင်ရွက်နိုင်သည့်အပြင် e-library တွင်လည်း စာအုပ်များ စဉ်ဆက်မပြတ် လွှင့်တင်ထားနိုင်ခဲ့ပါသည်။

ဝန်ထမ်းအိမ်ရာများနေရာချထားခြင်း

ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဝန်ထမ်းအိမ်ရာ(၂၀)လုံးအနက် ထိခိုက်ပျက်စီးမှုအပြာရောင် အဆင့်(၁၂)လုံး၊ လိမ္မော်ရောင် အဆင့်(၂)

လုံးနှင့်အနီရောင်အဆင့်(၆)လုံးတို့ရှိရာ အဆိုပါအိမ်ရာများသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်အိမ်ရာများဖြစ်၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ပြီး အပြာရောင်အဆင့်ရှိ အိမ်ရာ (၁၂) လုံးနှင့် လိမ္မော်ရောင်အဆင့်ရှိ အိမ်ရာ(၁)လုံးတို့ကို ပြန်လည်ပြုပြင်၍ဝန်ထမ်းများအား နေထိုင်ခွင့်ပြုခဲ့ပါသည်။ ပြန်လည်ပြုပြင်ပြီးစီးမှု မရှိသေးသည့်အိမ်ရာများမှ ဝန်ထမ်းများအတွက် ၇ ဧက တွင် ကွန်တိန်နာအိမ်ရာ ၅၇ လုံးနှင့် Judicial College ဝန်းနှင့် ဝန်ထမ်းအိမ်ရာအနီးတွင် ကွန်တိန်နာ ၃၂ လုံးတို့ဖြင့် နေထိုင်နိုင်အောင် ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပိုင် ဝန်ထမ်းအိမ်ရာများဖြစ်သည့် Judicial College ဝန်ထမ်းအိမ်ရာနှင့် ဥတ္တရသီရိမြို့နယ် တရားရုံးဝန်ထမ်းအိမ်ရာမှာ အသင့်အတင့် ပျက်စီးသဖြင့် ဝန်ထမ်းများ နေထိုင်ရန် ပြုပြင်မှုများ ဆောင်ရွက်ခဲ့ပါသည်။ ဝန်ထမ်းအိမ်ရာများ ပြင်ဆင်မှုဆောင်ရွက်ပြီးစီးပါက ကွန်တိန်နာတွင် နေထိုင်သည့်ဝန်ထမ်းများ မိမိတို့အိမ်ရာများတွင် ပြန်လည်နေထိုင်နိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။



တရားရုံးဝန်ထမ်းများအား နေရာချထားသည့် ကွန်တိန်နာအိမ်ရာများကို ပြည်ထောင်စုတရားသူကြီးချုပ်မှ ကြည့်ရှုစစ်ဆေးစဉ်



တပ်မတော်သားများနှင့်မီးသတ်တပ်ဖွဲ့ဝင်များမှ ဆယ်တင်ပစ္စည်းများသယ်ယူရာတွင် ကူညီဆောင်ရွက်ပေးစဉ်

ထောက်ပံ့ရေးဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ငလျင်ဒဏ်သင့်ဝန်ထမ်းများအား နိုင်ငံတော်အပါအဝင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးတရားလွှတ်တော်များက ပေးပို့လှူဒါန်းသည့် လှူဒါန်းငွေ၊ စားသောက်ဖွယ်ရာနှင့်လူသုံးကုန်တို့ကိုလည်း အရာထမ်း၊ အမှုထမ်းများအား စနစ်တကျဖြန့်ဝေခဲ့သည့်အပြင် လုပ်အားပေးရဲဘော်များအား ပေးလှူခြင်း၊ ငလျင်ကာလအတွင်း ရုံးတက်ကြသည့် ဝန်ထမ်းများနှင့် ယာယီစခန်းတွင် နေထိုင်သည့် ဝန်ထမ်းများချက်ပြုတ်စားသောက်မှုအခက်အခဲများ အဆင်ပြေစေရန် ထမင်းနှင့်ဟင်းများ ပေးဝေသည့် အစီအစဉ်များ ဆောင်ရွက်ခဲ့ပါသည်။

၂.၂ တရားစီရင်ရေးဆိုင်ရာအထူးစီမံဆောင်ရွက်ခြင်းများ

သီးသန့်တရားရုံးများဖြင့်စစ်ဆေးစီရင်ခြင်း

နိုင်ငံတော်တွင် အရေးပေါ်အခြေအနေ[၁] ကြေညာပြီးနောက်ပိုင်း တရားရုံးအသီးသီးသို့ စွဲဆိုတင်ပို့လာသည့် မှုခင်းများနှင့်စပ်လျဉ်း၍ လုံခြုံရေးအခြေအနေအရ ရုံးရှေ့သို့တင်ပို့ရန် အခက်အခဲရှိသော အချုပ်တရားခံပါ ရာဇဝတ်မှုများအတွက် တရားစီရင်ရေး အဆင်ပြေ

[၁] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၁/၂၀၂၁(၁-၂-၂၀၂၁)

ချောမွေ့စေရန်လည်းကောင်း၊ အမှုများကြန့်ကြာမှုမရှိစေရန်လည်းကောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်က သီးသန့်တရားရုံးများဖွဲ့စည်း၍ စစ်ဆေးစီရင်ရန်တာဝန်ပေးအပ်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၌ သီးသန့်တရားရုံးများသို့ စွဲဆိုတင်ပို့ခဲ့သောအမှု ၁၄၁၁ မှု ရှိခဲ့ပြီး ယခင်နှစ်လက်ကျန်မှုများ အပါအဝင် ၁၆၅၇ မှု စစ်ဆေးပြီးပြတ်ခဲ့ပါသည်။ တစ်နိုင်ငံလုံးတွင် စုစုပေါင်းရာဇဝတ်မှု ၃၀၀၈၂၇ မှု စစ်ဆေးပြီးပြတ်ခဲ့ရာ သီးသန့်တရားရုံးများတွင် စစ်ဆေးပြီးပြတ်မှုမှာ တစ်နိုင်ငံလုံးစစ်ဆေးပြီးပြတ်မှု၏ ၀.၆% ဖြစ်ပါသည်။ သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့် အမှုအရေအတွက်ကို နောက်ဆက်တွဲ(ခ) ဖြင့်လည်းကောင်း၊ သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သော တရားသူကြီးဦးရေကို နောက်ဆက်တွဲ(ခ-၁) ဖြင့်လည်းကောင်း ဖော်ပြပါသည်။

အထူးကိစ္စရပ်အနေဖြင့် ဘဏ်အပေါင်မှုများအား စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲအပ်ပေးပို့ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဘဏ်အပေါင်မှုများအား အမြန်ပြီးပြတ်စေရန် နှင့် အပေါင်ချေးငွေများ ပြန်လည်ရရှိစေရေးအတွက် စစ်ဆေးဆဲ ဘဏ်အပေါင်မှုများအား စေ့စပ်ဖြေရှင်းလိုကြောင်း ပဏာမဒီကရီမချမှတ်မီ သက်ဆိုင်ရာတရားရုံးသို့ နှစ်ဖက်တင်ပြလျှောက်ထားလာပါက အထူးကိစ္စရပ်အနေဖြင့် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ပေးနိုင်ရန် စေ့စပ်ဖြေရှင်းရေးဌာနသို့ အမှုများကို လွှဲအပ်ပေးပို့ဆောင်ရွက်ရန် ညွှန်ကြားချက်နှင့်အညီ ၁-၁-၂၀၂၅ ရက်နေ့မှ ၃၁-၁၂-၂၀၂၅ ရက်နေ့အတွင်း တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်အသီးသီးရှိ စေ့စပ်ဖြေရှင်းရေးဌာနများမှ ဘဏ်အပေါင်မှုစုစုပေါင်း ၃၆ မှုအား အောင်မြင်အောင် စေ့စပ်ဖြေရှင်းပေးနိုင်ခဲ့ပါသည်။ စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့် ၃၆ မှု တွင် မြန်မာ့စီးပွားရေးဘဏ်မှ စွဲဆိုသော အမှု ၁ မှုနှင့် ပုဂ္ဂလိကဘဏ်များမှ စွဲဆိုသော အမှု ၃၅ မှုတို့ ပါဝင်သည်။ မြန်မာ့စီးပွားရေးဘဏ်က ငွေကျပ်သန်းပေါင်း ၆၂.၂၉၀ (၆၂,၂၉၀,၃၉၈.၄၀) နှင့် ပုဂ္ဂလိကဘဏ်များက ငွေကျပ်သန်းပေါင်း ၁၁၁,၉၇၉.၆၃၈(၁၁၁, ၉၇၉,၆၃၈,၀၃၆.၅၂) ကို ပြန်လည်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

၂.၃ ၂၀၂၅ ခုနှစ်အတွင်း တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ

စေ့စပ်ဖြေရှင်းရေးဆိုင်ရာဆောင်ရွက်ချက်များ

၁-၁-၂၀၂၅ ရက်နေ့မှ ၃၁-၁၂-၂၀၂၅ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနအသီးသီးတွင် နှစ်ဖက်အမှုသည် စုံလင်သောတရားမကြီးမှု ၁၄၂၈ မှုကို စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ခဲ့ပြီး ၅၄၇ မှုသည် စေ့စပ်ဖြေရှင်းရေး အောင်မြင်သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းသည် ဆောင်ရွက်သည့်အမှု စုစုပေါင်း၏ ၃၈.၃% ဖြစ်သည်။ အောင်မြင်သည့်အမှုအရေအတွက် အားဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာနသည် ၂၇၀ မှုဖြင့် အရေအတွက်အများဆုံးဖြစ်ပြီး၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်စေ့စပ်ဖြေရှင်းရေး ဌာန (ပြည်ထောင်စု နယ်မြေအပါအဝင်)သည် ၁၂၁ မှု ဖြင့် ဒုတိယအရေအတွက် အများဆုံး ဖြစ်သည်။



တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနအသီးသီး၏ စေ့စပ်ဖြေရှင်းရေး အောင်မြင်မှု အခြေအနေ

စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့် အမှုစုစုပေါင်း ၅၄၇ မှု တွင် ငွေကြေးဆိုင်ရာအမှု ၃၁၇ မှုသည် အရေအတွက်အများဆုံး ပါဝင်ပါသည်။ ကျန်အမှုအမျိုးအစားများမှာ မိသားစုဆိုင်ရာအမှု ၁၅၈ မှု၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှု ၇ မှုနှင့် အခြားအမှု ၆၅ မှု တို့ဖြစ်သည်။ အခြားအမှုများတွင် လက်ရောက်ရလိုမှု၊ ဖယ်ရှားထွက်ခွာပေးစေလိုမှု၊ ပစ္စည်းနှင့် ငွေကြေးရလိုမှု၊ ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု၊ မြွက်ဟကြေငြာပေးစေလိုမှု၊ စာချုပ်

စာတမ်းပယ်ဖျက်ပေးစေလိုမှု၊ လက်ထပ်ထိမ်းမြားမှုအား ပယ်ဖျက်ပေးစေလိုမှုနှင့် လက်ထပ်ပုတီး ပြန်လည်ရလိုမှု နှင့် အပေါင်ဒီကရီရလိုမှုအစရှိသည့်အမှုများ ပါဝင်သည်။



စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အမှုများအား အမှုအမျိုးအစားအလိုက် ခွဲခြားပြပုံ

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနအသီးသီးတွင် ယခုနှစ်အတွင်း စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန်လက်ခံရရှိသည့်အမှု ၃၅၉၅ မှုနှင့် ယခင်နှစ်လက်ကျန် ၆၇ မှု၊ စုစုပေါင်း ၃၆၆၂ မှုအနက် နှစ်ဖက်အမှုသည်စုံလင်သော ၁၄၂၈ မှုကို စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပြီး၊ စေ့စပ်ဖြေရှင်းရန် ကျန်ရှိသည့်အမှု ၃၁ မှု ဖြစ်ပါသည်။ အမှုသည်လာရောက်ခြင်းမရှိသည့် ၂၂၀၁ မှု နှင့် တရားမကြီးမှုတွင်သာ ဆောင်ရွက်နိုင်သည့် ၂ မှု တို့ကို စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ယင်းကဲ့သို့ စေ့စပ်ဖြေရှင်းရေးဌာနသို့ အမှုသည်များ မလာရောက်နိုင်ရသည့် အဓိကအကြောင်းရင်းများမှာ စေ့စပ်ဖြေရှင်းရေးဌာနတည်ရှိရာနေရာနှင့် အမှုသည်များ တည်ရှိရာနေရာသည် ခရီးကွာဝေးခြင်း၊ စရိတ်ကုန်ကျခြင်းနှင့် အချိန်ကြန့်ကြာခြင်းတို့ကြောင့် ဖြစ်ပါသည်။

စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီးအမှုများနှင့်စပ်လျဉ်း၍ တရားရုံးများ၏ ဆောင်ရွက်ချက်များ

၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အမှုပေါင်း ၅၄၇ မှု ရှိသည့်အနက် ၅၄၃ မှု ကို တရားရုံးအသီးသီးက အမိန့်ချမှတ်ပြီးဖြစ်ပါသည်။



တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်မှုအခြေအနေ

စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီး တရားရုံးအသီးသီးက အမိန့်ချမှတ်ပြီးသည့် ၅၄၃ မှုတွင် တရားလွှတ်တော်အဆင့်မှ ၁၁ မှု၊ ခရိုင်အဆင့် တရားရုံးများမှ ၂၇၉ မှုနှင့် မြို့နယ်အဆင့် တရားရုံးများမှ ၂၅၃ မှုတို့ ပါဝင်သည်။ တရားလွှတ်တော်အဆင့်မှ ၁၁ မှု တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ ၁ မှု (အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု)နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ ၁၀ မှု (ငွေရလိုမှု၊ အပေါင်ဒီကရီရလိုမှု) တို့ဖြစ်ကြသည်။ ယင်းအမှုများအား စေ့စပ်ဖြေရှင်းရေးဌာနသို့ အမှုပေးပို့သည့်နေ့မှ တရားရုံးက အမိန့်ချမှတ်သည်အထိ ကြာမြင့်ချိန်မှာအနည်းဆုံးအချိန် တစ်လခွဲမှ အများဆုံး အချိန်လေးလခန့်သာ ကြာမြင့်ခဲ့ပါသည်။ သို့ဖြစ်၍ တရားမမှုများ မှန်မှန်ကန်ကန်ဖြင့် မြန်ဆန်စွာပြီးပြတ်ရေးအတွက် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်က များစွာအထောက်အကူ ဖြစ်စေခဲ့ပါသည်။

တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်းသည့် အသိပညာပေး ဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆောင်ရွက်ချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃- ၂၀၂၇) ၊ တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅ ခုနှစ်) ၅.၃.၁ ပါ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အသိပညာပေးအစီအစဉ်များကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် အောက်ပါအတိုင်း အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ပါသည်-

စွေစပ်ဖြေရှင်းရေးဌာန	နေ့ရက်	ကျင်းပသည့် နေရာ	တက်ရောက်သူများ
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်စွေစပ်ဖြေရှင်းရေးဌာန	၅-၂-၂၀၂၅	မန္တလေးတက္ကသိုလ်	မန္တလေးတိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ တရားရေးအရာရှိများ၊ ဆရာ/ ဆရာမ၊ ကျောင်းသား/ကျောင်းသူများ၊ စုစုပေါင်း ၉၀ ဦး
	၂၅-၂-၂၀၂၅	ရတနာပုံတက္ကသိုလ်	မန္တလေးတိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ တရားရေးအရာရှိများ၊ ဆရာ/ ဆရာမ၊ ကျောင်းသား/ကျောင်းသူများ၊ စုစုပေါင်း ၁၉၁ ဦး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် စွေစပ်ဖြေရှင်းရေးဌာန	၂၃-၇-၂၀၂၅	ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်	ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ/ ဆရာမ၊ ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၇၅ ဦး
	၂၁-၈-၂၀၂၅	ရန်ကုန်တက္ကသိုလ်	ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ/ ဆရာမ၊ ကျောင်းသား/ ကျောင်းသူများ စုစုပေါင်း ၂၀၀ ဦးခန့်
	၂၇-၈-၂၀၂၅	ဒဂုံတက္ကသိုလ်	ဒဂုံတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ/ ဆရာမ၊ ကျောင်းသား/ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦးခန့်
ကရင်ပြည်နယ်တရားလွှတ်တော် စွေစပ်ဖြေရှင်းရေးဌာန	၁၂-၉-၂၀၂၅	ဘားအံပညာရေး ဒီကရီကောလိပ်	ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ဆရာ/ ဆရာမ၊ ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၁၂၀ ဦး

စေ့စပ်ဖြေရှင်းရေးဌာန	နေ့ရက်	ကျင်းပသည့် နေရာ	တက်ရောက်သူများ
မွန်ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန	၂၄-၉-၂၀၂၅	မော်လမြိုင်တက္ကသိုလ်	ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ဆရာ/ဆရာမ၊ ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၂၉၁ ဦး
ကချင်ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန	၁၂-၁၂-၂၀၂၅	မြစ်ကြီးနားတက္ကသိုလ် ဗဟိုခန်းမ	ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ/ဆရာမ၊ ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၂၂၀ ဦး
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန	၃၀-၁၂-၂၀၂၅	ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်	ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ မြန်မာ့စီးပွားရေးဘဏ် နှင့် ပုဂ္ဂလိက ဘဏ်များမှ တာဝန်ရှိသူများ စုစုပေါင်း ၆၀ ဦး

ပညာပေးဇာတ်လမ်းတိုများရိုက်ကူးထုတ်လွှင့်ခြင်း

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို အများပြည်သူအား သိရှိနိုင်ရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ကရိုက်ကူးသည့် “ပြီးပြည့်စုံသောတရားမျှတမှုကို ဆောင်ကြဉ်းပေးခြင်း” ပညာပေးဇာတ်လမ်းနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ရိုက်ကူးသည့် “ချစ်စကိုရှည်စေ” ပညာပေးဇာတ်လမ်းတို့ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝက်ဘ်

ဆိုဒ်နှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်အသီးသီး၏ ဝက်ဘ်ဆိုဒ်များတွင် လွှင့်တင် ထားပါသည်။

၂.၄ တရားသူကြီးများအတွက် မူပိုင်ခွင့်ဆိုင်ရာ တရားစီရင်ရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မူပိုင်ခွင့်ချိုးဖောက်မှုများ၊ မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာ စစ်ဆေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်း ချက်များနှင့်အညီ တရားရုံးများသို့ မူပိုင်ခွင့်ဆိုင်ရာစီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းဆောင်ရွက် ခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် အတွင်း မူပိုင်ခွင့်ဆိုင်ရာတရားစီရင်ရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် မူပိုင်ခွင့်ဆိုင်ရာ အမေးအဖြေစာအုပ်ပြုစုခြင်း၊ မူပိုင်ခွင့်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းနှင့် မူပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။

မူပိုင်ခွင့်ဆိုင်ရာအမေးအဖြေစာအုပ်ပြုစုခြင်း

မူပိုင်ခွင့်ဆိုင်ရာတရားစီရင်ရေးကဏ္ဍ၏ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် စာတမ်းပြုစုဆောင်ရွက်မှုများအနေဖြင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများစာအုပ်နှင့် အမေးအဖြေစာအုပ် ပြုစုထုတ်ဝေနိုင်ရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပြီး၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများစာအုပ်နှင့် အမေး အဖြေများစာအုပ်၊ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများစာအုပ်နှင့် အမေးအဖြေများ စာအုပ်နှင့် ထုတ်ဝေပြီးသော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အနှစ်ချုပ်စာအုပ်နှင့် အမေး အဖြေများစာအုပ်တို့ကို ပြန်လည်စိစစ်ရန် ဆောင်ရွက်လျက်ရှိပါသည်။

မူပိုင်ခွင့်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း

မူပိုင်ခွင့်မှုခင်းများအား စစ်ဆေးစီရင်မည့် တရားသူကြီးနှင့် တရားရေးအရာရှိများကို မူပိုင်ခွင့်ဆိုင်ရာအသိပညာများ ဖြန့်ဝေပို့ချပေးရန်နှင့် မူပိုင်ခွင့်ဥပဒေများနှင့်စပ်လျဉ်းသည့် အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ရန်ရည်ရွယ်၍ မူပိုင်ခွင့်ချိုးဖောက်မှုများ တားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ပထမဆုံးအကြိမ်အဖြစ် ၂၂-၂-၂၀၂၅ ရက်နေ့ (စနေနေ့) နေ့လယ် ၁၂:၃၀ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက် အမှာစကား ပြောကြားခဲ့ပါသည်။



၂၂-၅-၂၀၂၅ ရက်နေ့ မူပိုင်ခွင့်ချိုးဖောက်မှုများတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကျင်းပခြင်း

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဦးစီးအရာရှိ ဦးနေမျိုးအောင် က Trademark Protection in Myanmar စာတမ်းအားလည်းကောင်း၊ ကျောက်တံတားခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဒေါ်သဲမို့မို့ဆွေ က Criminal Litigation regarding with Trademark in Myanmar စာတမ်းအားလည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးမှ ဦးစီးအရာရှိ ဒေါ်ဝေမာအောင် က Protection of Well-known Trademark စာတမ်းအားလည်းကောင်း၊ ပဲခူးမြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီး ဦးလုံးကျင်းထန်း က Protection of Online Copyright Infringement in Myanmar စာတမ်းအားလည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဦးစီးအရာရှိ ဒေါ်ပန်းသက်စုခိုင်က Monetary Relief for Copyright Infringements စာတမ်းအားလည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇာလီစံက Comparative Study of Damages Resulting from Trademark Infringement: Focusing on Statutory Damages စာတမ်းအားလည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် အသီးသီး ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရား

လွှတ်တော်တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများနှင့် တရားရေးအရာရှိများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များမှ တရားရေးအရာရှိများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြပြီး လူကိုယ်တိုင်တက်ရောက်သူ ၁၇၆ ဦး၊ အွန်လိုင်းဖြင့် တက်ရောက်သူ ၇၀၁ ဦး စုစုပေါင်း တရားသူကြီးနှင့် တရားရေးအရာရှိ ၈၇၇ ဦးတို့ တက်ရောက်ခဲ့ကြသည်။



၂၂-၅-၂၀၂၅ ရက်နေ့ မူပိုင်ခွင့်ချိုးဖောက်မှုများတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကျင်းပခြင်း

ထို့အပြင် မူပိုင်ခွင့်ချိုးဖောက်မှုများတားဆီးကာကွယ်ရေး အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ ၁၃-၉-၂၀၂၅ ရက်နေ့(စနေနေ့) နံနက် ၀၉:၀၀ နာရီတွင် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး၊ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။



၁၃-၉-၂၀၂၅ ရက်နေ့ မူပိုင်ခွင့်ချိုးဖောက်မှုများ တားဆီးကာကွယ်ရေး အသိပညာပေးအလုပ်ရုံ ဆွေးနွေးပွဲကျင်းပခြင်း

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် အငြင်းပွားမှုဖြေရှင်းရေးနှင့်အထူးမှုခင်းကိစ္စရပ်များ ဌာန ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသန့်တို့က မူပိုင်ခွင့်ဥပဒေ (၄) ရပ်အရ တရားစွဲဆိုမှုများနှင့်စပ်လျဉ်း၍ အနှစ်ချုပ်ဆွေးနွေးကြပြီး မူပိုင်ခွင့် ဥပဒေများအရ စွဲဆိုသည့် ရာဇဝတ်မှုနှင့် တရားမမှုများ လက်ခံစစ်ဆေးကြားနာရာတွင် ကြုံတွေ့ရသော အခက်အခဲများနှင့် အတွေ့အကြုံများကို တောင်ငူခရိုင်တရားရုံး၊ ခရိုင်တရား သူကြီး ဦးမိုးကြည်မောင်၊ သဃ်နန်းကျွန်းခရိုင်တရားရုံး၊ တွဲဖက်ခရိုင်တရားသူကြီးဦးကျော်စိုးခိုင်၊ ကျောက်တံတားခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး ဒေါ်မိမိထွေးနှင့် ကျောက်တံတားခရိုင် တရားရုံး၊ တွဲဖက်ခရိုင်တရားသူကြီး ဒေါ်ရူပဝင်းတို့က အသီးသီးဆွေးနွေးကြသည်။ မူပိုင်ခွင့် တရားရုံး၏ တရားရုံးစီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးကိစ္စရပ်များကို အဖွဲ့ဖြင့် ဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



၁၃-၉-၂၀၂၅ ရက်နေ့ မူပိုင်ခွင့်ချိုးဖောက်မှုများ တားဆီးကာကွယ်ရေး အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နှင့် ၄ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ ကြီးမှူး၍ ကျင်းပသည့် ပထမအကြိမ်မြောက် နိုင်ငံတကာ အဆင့် မူပိုင်ခွင့်ဆိုင်ရာညီလာခံ (၂၀၂၅) သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ကိုယ်စား လှယ် ၅ ဦး တက်ရောက်ခဲ့ပြီး ယင်းမူပိုင်ခွင့်ဆိုင်ရာညီလာခံ၌ အပြည်ပြည်ဆိုင်ရာဆက်ဆံရေး နှင့်သုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇာလီစံ က “Compensatory Provisions in Myanmar Trademark Law; Challenges and Recommendations” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တာမွေမြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီး၊ ဒေါ်ပန်းသက်စုခိုင် က “Research on Monetary Relief for Copyright Infringement” ခေါင်းစဉ်ဖြင့် လည်းကောင်း စာတမ်းများ ဖတ်ကြားခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီးတရား လွှတ်တော် ဒုတိယထပ်အစည်းအဝေးခန်းမတွင် မူပိုင်ခွင့်ဆိုင်ရာဥပဒေများဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် (တနင်္ဂနွေနေ့)၊ နံနက် ၀၉ : ၀၀ နာရီ မှ ၁၂ : ၀၀ နာရီအထိ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီး ဦးသိန်းကိုကို နှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားသူကြီးချုပ် ဒေါ်လှမြင့် တို့က အဖွင့်အမှာစကား အသီးသီး ပြောကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက မူပိုင်ခွင့် ဆိုင်ရာဥပဒေများနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပွဲများ အကောင်အထည်ဖော်ဆောင် ရွက်နေမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသ ကြီးတရားရေးဦးစီးမှူး ဦးခင်မောင်မြင့်က ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။



၁၄-၁၂-၂၀၂၅ ရက်နေ့တွင် ကျင်းပခဲ့သော မူပိုင်ခွင့်ဆိုင်ရာဥပဒေများ ဆွေးနွေးပွဲ ကျင်းပခြင်း

ထို့နောက် ဆွေးနွေးပွဲတွင် အငြင်းပွားမှုဖြေရှင်းရေးနှင့်အထူးမှုခင်းကိစ္စရပ်များဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်က “မူပိုင်ခွင့်ဆိုင်ရာဥပဒေ (၄) မျိုး၏ အနှစ်ချုပ်”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဇေယျာသီရိခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဦးမျိုးကျော်အောင်က “စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေဆိုင်ရာမှုခင်းများ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အောင်မြေသာစံခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဒေါ်လွင်လွင်လှိုင်က “တီထွင်မှု မူပိုင်ခွင့်ဥပဒေဆိုင်ရာမှုခင်းများ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပျဉ်းမနားခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး ဦးစိုးခွန်ဖြူက “New Patent Law : New Issues, Challenges and Role of Intellectual Property Court” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးမင်းသန့်က “ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေဆိုင်ရာ သုတအဖြာဖြာ” ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြခဲ့သည်။

ထို့ပြင် မူပိုင်ခွင့်ချိုးဖောက်မှုများအား တားဆီးကာကွယ်နိုင်စေရန်အလို့ငှာ မူပိုင်ခွင့်ထိပါးခိုးချပစ္စည်းများ (Pirated Goods) အား တားဆီးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တရားရေးအရာရှိများ၊ ဥပဒေအရာရှိများ၊ အကောက်ခွန်အရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များ အပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တပ်ဖွဲ့ဝင်များနှင့်ဝန်ထမ်းများကို မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊ မူပိုင်ခွင့်ချိုးဖောက်မှုများအား ကာကွယ်တားဆီးရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မူပိုင်ခွင့်ချိုးဖောက်မှုများဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရယူခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တက္ကသိုလ်ကျောင်းများတွင်

မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

မူပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုများ

အင်ဒိုနီးရှားနိုင်ငံ၊ဂျကာတာမြို့တွင် ၁၇-၃-၂၀၂၅ ရက်နေ့ မှ ၂၁-၃-၂၀၂၅ ရက်နေ့ထိ Hybrid စနစ်ဖြင့်ကျင်းပသည့် (၁၀) ကြိမ်မြောက် အာဆီယံ-ကနေဒါ မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်း အဖွဲ့အစည်းအဝေးတွင် Technological Protecting Measures (TPM) and Rights Management Information (RMI) တို့နှင့်စပ်လျဉ်းသည့် EDM IP Workshop အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အွန်လိုင်းဖြင့် တရားရေးအရာရှိ (၅) ဦး တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ၏ မူပိုင်ခွင့်အခွင့်အရေးဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ASEAN Network of IPR Enforcement Experts (ANIEE) နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် နှင့် မူပိုင်ခွင့်အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အရေးယူ ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။

အမေရိကန်ပြည်ထောင်စု တီထွင်မှုနှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ရုံး (United States Patent and Trademark Office – USPTO) မှ ကြီးမှူး၍ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်၊ ၃၀ ရက်၊ အောက်တိုဘာလ ၁ ရက် နှင့် ၂ ရက် (စုစုပေါင်း ၆ ရက်) နေ့များတွင် Virtual စနစ်ဖြင့် ကျင်းပသည့် ASEAN-UNSPTO Workshop on Copyright Law and Enforcement Against Copyright Piracy သို့ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများ (၆) ဦးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တရားရေးအရာရှိနှင့် တရားသူကြီး (၄၀) ဦး၊ စုစုပေါင်း (၄၆) ဦးတို့ အွန်လိုင်းဖြင့် တက်ရောက်ခဲ့ပါသည်။

၂.၅ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု မြင့်မားစေရန်နှင့် လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်သူများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်ရန် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု မြင့်မားစေရန် နှင့် လူစွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ Judicial College အဆောက်အဦသစ် ဖွင့်လှစ်ခြင်း

အဆင့်မြင့်တရားစီရင်ရေးဆိုင်ရာ သင်ကြားရေးဌာနတစ်ခုအနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အဦသစ်ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရရုံ၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်ရှိ အဆောက်အဦနေရာ၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။ Judicial College ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

Judicial College အဆောက်အဦသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားရေးဝန်ထမ်းအသစ်များ၊ အလယ်အလတ်အဆင့်တရားသူကြီးများ၊ အဆင့်မြင့် တရားသူကြီးများအတွက် လေ့ကျင့်သင်ယူဆွေးနွေးပို့ချပေးနိုင်သော တရားရေးသင်တန်းကျောင်းဖြစ်ပြီး ဆွေးနွေးပွဲများ၊ ညီလာခံများကျင်းပနိုင်သည့်အပြင် ပြည်ပနိုင်ငံများရှိ တရားရေးအရာရှိများလည်း လာရောက် သင်ကြားနိုင်ရန်အတွက် အဆင့်မီစွာတည်ဆောက်ထားသည့် သင်တန်းကျောင်းဖြစ်ပါသည်။

အဆိုပါသင်တန်းကျောင်းကို အဆောက်အဦ(၁)နှင့် အဆောက်အဦ(၂)ဟု တည်ဆောက်ထားပြီး သင်တန်းသား (၂၀၀)ဦးဆံ့ သင်တန်းခန်းမများပါရှိသည့်အပြင် သင်တန်းသား (၁၆၀) ဦး နေထိုင်နိုင်သည့် အခန်းများလည်း ထည့်သွင်းတည်ဆောက်ထားပါသည်။ စာကြည့်တိုက်၊ အားကစားခန်းမ၊ သင်တန်းနည်းပြဆရာများ နားနေခန်းများပါရှိပြီး LED Digital Board များ

လည်း တပ်ဆင်ထားသဖြင့် အဆင့်မြင့်စွာ ပညာသင်ကြားနိုင်သည့် သင်တန်းကျောင်း ဖြစ်ပါသည်။ ယခုအခါ Judicial College တွင် ပုံမှန်ဖွင့်လှစ်ပို့ချလျက်ရှိသော သင်တန်းများအပြင်၊ မူပိုင်ခွင့်တရားစီရင်ရေးနှင့်ပတ်သက်သည့်အကြောင်းအရာများကိုနိုင်ငံတဝန်းရှိတရားသူကြီးများအားလုံးပါဝင်ဆွေးနွေးနိုင်ရန်ဆွေးနွေးပွဲများနှင့်စာတမ်းဖတ်ပွဲများအား Hybrid စနစ်ဖြင့် ကျင်းပလျက်ရှိပါသည်။



၂-၁-၂၀၂၅ ရက်နေ့ Judicial College အဆောက်အဦဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက အမှာစကားပြောကြားစဉ်



၂-၁-၂၀၂၅ ရက်နေ့ Judicial College အဆောက်အဦသစ်အား ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်



ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အဦသစ်

လူစွမ်းအားအရင်းအမြစ်များ

၃၁-၁၂-၂၀၂၅ ရက်နေ့အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တရားရေးအရာရှိနှင့်တရားသူကြီး ၁၄၈၉ ဦးနှင့် ရုံးဝန်ထမ်း ၃၉၈၇ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ ရာထူးအလိုက် အင်အားစာရင်းကို **နောက်ဆက်တွဲ (ဂ)** အဖြစ်လည်းကောင်း၊ ပြုန်းတီးသွားသည့် ဝန်ထမ်းအင်အားစာရင်းကို **နောက်ဆက်တွဲ (ဃ)** အဖြစ်လည်းကောင်း ဖော်ပြထားပါသည်။



အမျိုးသားတရားသူကြီး/ တရားရေးအရာရှိ (၆၆၉) ဦး



အမျိုးသမီးတရားသူကြီး/ တရားရေးအရာရှိ (၈၂၀) ဦး



အမျိုးသား/ အမျိုးသမီး တရားသူကြီးနှင့် တရားရေးအရာရှိစုစုပေါင်း(၁၄၈၉) ဦး



လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ

တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ

တိုးတက်မှုမြင့်မားစေရန်အတွက် တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ လေ့ကျင့်ဌာနက စီမံချက်ရေးဆွဲ၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် အတွင်း တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ် ၁/၂၀၂၅ ကို ဖွင့်လှစ်ခဲ့ကာ အဆိုပါသင်တန်းများသို့ တရားရေးအရာရှိကြီးများ စုစုပေါင်း ၁၁ ဦး တက်ရောက်ခဲ့ပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးမှ တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးဦးဆောင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများမှ တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်စဉ်

အခြားကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ သတင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဌာနက ကြီးမှူးရ၍ တရားရုံးဝန်ဆောင်မှု(ဆရာဖြစ်)သင်တန်းကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့နှင့် ၂၄ ရက်နေ့တို့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ Hybrid System ဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား/ သင်တန်းသူစုစုပေါင်း (၁၂၇) ဦးအား ဆရာဖြစ် သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်။ ဆင့်ပွားသင်တန်းများအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ သဃ်နန်းကျွန်းခရိုင်နှင့် တိုက်ကြီးခရိုင်တရားရုံးတို့တွင် (၁) ကြိမ်စီ သင်ကြားပို့ချပေးနိုင်ခဲ့ရာ စုစုပေါင်း သင်တန်းသား/ သင်တန်းသူ (၁၃၄) ဦးတို့အား ဆင့်ပွားသင်တန်းများ ပို့ချပေးနိုင်ခဲ့ပါသည်။



၂၃-၁၂-၂၀၂၅ ရက်နေ့မှ ၂၄-၁၂-၂၀၂၅ ရက်နေ့ထိ တရားရုံးဝန်ဆောင်မှု (ဆရာဖြစ်) သင်တန်းကျင်းပခြင်း

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အငြင်းပွားမှုဖြေရှင်းရေးနှင့်အထူးမှုခင်း ကိစ္စရပ်များဌာနသည်တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို အကောင်အထည် ဖော်ရာတွင် အဓိကတာဝန်ရှိသည့်ဌာနဖြစ်သည့်အားလျော်စွာ တရားသူကြီးများနှင့် တရားရေး အရာရှိများအတွက် စေ့စပ်ဖြေရှင်းရေး နှင့် စပ်လျဉ်းသည့် လုပ်ငန်းကျွမ်းကျင်မှု သင်တန်း (၁) ကြိမ်၊ စေ့စပ်ဖြေရှင်းရေးမွမ်းမံသင်တန်း (၂) ကြိမ်၊ စုစုပေါင်း သင်တန်း (၃) ကြိမ်ကို ဗီဒီယို

ကွန်ဖရင့်စနစ်ဖြင့်ကြီးမှူးပို့ချရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား စုစုပေါင်း ၁၉၉၇ ဦး တက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်သင်တန်းပို့ချနေစဉ်

တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် နှင့်စပ်လျဉ်းသည့် လုပ်ငန်းကျွမ်းကျင်မှု ဆင့်ပွားသင်တန်းများကို ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စုစုပေါင်း (၄) ကြိမ် ပို့ချခဲ့ရာ တရားသူကြီးနှင့် တရားရေးအရာရှိ ၂၇၈ ဦးနှင့် တရားရုံးဝန်ထမ်း ၂၅ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများ ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြု၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးနှင့် နည်းပညာရင်းနှီးကျွမ်းဝင်စေရေးအတွက် ကွန်ပျူတာနှင့် အခြား နည်းပညာအသုံးပြုသင်တန်း (၂) ကြိမ်အား ယာယီသင်တန်းခန်းမ စီစဉ်၍ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တရားရုံးများတွင် တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်သင်တန်း၊ သတင်းမီဒီယာကျွမ်းကျင်မှုဆင့်ပွားသင်တန်း၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့်ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း၊ ကွန်ပျူတာကျွမ်းကျင်မှုသင်တန်း၊ ငွေစာရင်းဆိုင်ရာသင်တန်း၊ တရားရုံး သတင်းပြန်ကြားရေးနှင့် သတင်းမီဒီယာသင်တန်း၊ ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း၊ ရုံးလုပ်ငန်းအခြေခံသဘောတရားနှင့်လုပ်ငန်းတာဝန်များသင်တန်း၊ ငွေစာရင်းဘတ်ဂျက်စီမံခန့်ခွဲရေးနှင့် ဘီလစ်လုပ်ငန်းတာဝန်များသင်တန်း၊ စေ့စပ်ဖြေရှင်းရေးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း၊ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်

(CMP) ကျွမ်းကျင်မှုသင်တန်း စသည့် သင်တန်းစုစုပေါင်း ၃၂ ခုတွင် တရားရေးအရာရှိနှင့် တရားရုံးဝန်ထမ်း ၈၄၄ ဦးတို့အား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။

ပညာတော်သင်များစေလွှတ်ခြင်း၊ အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားစေခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၅ ခုနှစ်အတွင်း ပြည်တွင်းတက္ကသိုလ်များတွင် ဥပဒေပါရဂူဘွဲ့သင်တန်းသို့ တရားသူကြီး ၅ ဦး၊ ပါရဂူအကြိုသင်တန်းသို့ တရားသူကြီး၂ ဦး၊ မဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး ၆၈ ဦး၊ အွန်လိုင်းမဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး ၁၄ ဦး၊ ပြည်ပပညာတော်သင်အစီအစဉ်ဖြင့် မဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး ၃ ဦးတို့ တက်ရောက်လျက်ရှိပြီး၊ တရားသူကြီး ၁ ဦး က မဟာဥပဒေဘွဲ့ကို ရရှိခဲ့ပါသည်။



ပညာသင်
ဥပဒေပါရဂူ - (၅) ဦး (ပြည်တွင်း)
ဥပဒေပါရဂူအကြို - (၂) ဦး (ပြည်တွင်း)
မဟာဥပဒေဘွဲ့ - (၃) ဦး (ပြည်ပ)
မဟာဥပဒေဘွဲ့ - (၆၈) ဦး (ပြည်တွင်း)

ပြည်တွင်း/ ပြည်ပ တက္ကသိုလ်များတွင် ၂၀၂၅ ခုနှစ်အတွင်း ဥပဒေပါရဂူနှင့် မဟာဥပဒေသင်တန်းတက်ရောက်လျက်ရှိသော တရားရေးအရာရှိအရေအတွက်ပြပုံ

၂.၆ တရားရုံးများအဆင့်မြှင့်တင်ခြင်းနှင့် တရားရုံးအသစ်များတည်ဆောက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးအဆောက်အဦများကို အဆင့်မြှင့်တင်ဆောက်လုပ်ခြင်း၊ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းတို့ကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ်အတွင်း ကော့သောင်းခရိုင်နှင့်မြို့နယ်တရားရုံး (၁၃၅ x ၆၆) ပေ ၅ ထပ် RCC အဆောက်အဦ၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး (၁၆၀ x ၈၂) ပေ ၄ ထပ် RCC အဆောက်အဦ၊ ဒလမြို့နယ်တရားရုံး (၉၀x၇၀) ပေ ၄ ထပ် RCC အဆောက်အဦနှင့် ဇေယျာသီရိခရိုင် တရားရုံးဝင်းအတွင်းတိုးချဲ့တရားရုံး(၁)ရုံးတည်ဆောက်ခြင်းတို့ကို ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ဝါးခယ်မ

မြို့နယ်တရားရုံး အချုပ်ခန်း(၃၀'x၂၆')ဆောက်လုပ်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း၊ ကလေးခရိုင် တရားရုံး ခြံစည်းရိုးကာရံခြင်း၊ မြင်းခြံခရိုင်နှင့် မြို့နယ်တရားရုံးအဆောက်အဦ ခေါင်မိုးနှင့် မျက်နှာကျက် ပြုပြင်ခြင်း၊ အောင်လံမြို့နယ်တရားရုံးတိုးချဲ့ မြေနေရာခြံစည်းရိုးကာရံခြင်း၊ မိုင်းကိုင်မြို့နယ်တရားရုံးပြုပြင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။



ကော့သောင်းခရိုင်နှင့်မြို့နယ်တရားရုံး



မြောက်ဥက္ကလာပမြို့နယ်တရားရုံး



ဒလမြို့နယ်တရားရုံး



ဧရာယာသီရိခရိုင်တရားရုံးဝင်းအတွင်းရှိ တိုးချဲ့တရားရုံး

၂.၇ တရားရုံးလုပ်ငန်းနှင့်တရားစီရင်ရေးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးလုပ်ငန်းနှင့် တရားစီရင်ရေး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရာတွင် ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ရှေ့နေရှေ့ရပ်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်ခံနေရ သူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးရရှိရေး ဆောင်ရွက်ခြင်း၊ ရုံးခွန်နှင့် ဒဏ်ငွေ ကောက်ခံခြင်း တို့ ပါဝင်ပါသည်။

ဝန်ထမ်းရေးရာကိစ္စရပ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လက်အောက်တရားရုံးများ၏ တရားစီရင်ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများကိုလည်းကောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသော တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၏ ကျင့်ဝတ်စည်းကမ်းလိုက်နာမှုတို့ကိုလည်းကောင်း ကြီးကြပ်ဆောင်ရွက်ပါသည်။ ဝန်ထမ်းစည်းကမ်း ဖောက်ဖျက်ခြင်းနှင့် တာဝန်ထမ်းဆောင်ရာတွင် မှားယွင်းမှုတို့အတွက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိုက်သင့်သော အရေးယူဆောင်ရွက်မှု ပြုလုပ်ပါသည်။

၁-၁-၂၀၂၅ ရက်နေ့မှ ၃၁-၁၂-၂၀၂၅ ရက်နေ့အထိ လက်ခံရရှိခဲ့သည့် တိုင်ကြားစာ ၁၄၅၃ စောင်တွင် ၁၄၄၂ စောင် စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး၊ ကျန်တိုင်ကြားစာ ၁၁ စောင်မှာ စုံစမ်းစစ်ဆေးမှုပြုလုပ်ဆဲဖြစ်ပါသည်။ စုံစမ်းစစ်ဆေးချက်အရ တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန် တိုင်ကြားစာ ၈၃၄ စောင် နှင့် တိုင်တန်းမှုမမှန်ကန်သည့် တိုင်ကြားစာ ၆၀၆ စောင်တို့ကို ပိတ်သိမ်းခဲ့ပြီး အရေးယူမှုပြုခဲ့သည့် တိုင်ကြားစာ ၂ စောင် ရှိပါသည်။

ပေးပို့သည့်ဌာန	ရရှိသည့် တိုင်စာ	စုံစမ်းစစ်ဆေးဆောင်ရွက်မှု			
		စုံစမ်း စစ်ဆေးမှု ပြုလုပ်ဆဲ	တရားစီရင်ရေး လမ်းကြောင်းအရ ဆောင်ရွက်ရန် ပိတ်သိမ်းခြင်း	တိုင်တန်းမှု မမှန်ကန်၍ ပိတ်သိမ်းခြင်း	အရေးယူ အပြစ် ပေးခြင်း
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီရုံး	၂၂၆	၆	၂၀၈	၁၁	**၁**
အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်	၁၅	၁	၁၃	-	၁
အခြားဝန်ကြီးဌာနများ	၇	၁	-	၆	-
ပြည်ထောင်စုတရားသူကြီးချုပ်ထံ လိပ်မူ/ မိတ္တူပေးပို့သည့်စာ	၁၂၀၅	၃	၆၁၃	၅၈၉	-
စုစုပေါင်း	**၁၄၅၃**	**၁၁**	**၈၃၄**	**၆၀၆**	**၂**

ထို့ပြင် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ လုပ်ထုံးလုပ်နည်းမလိုက်နာခြင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်းတို့အတွက် အရေးယူဆောင်ရွက်မှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံး အဆင့်ဆင့်ရှိ တရားရေးအရာရှိ/ တရားသူကြီး ၃၀ ဦး၊ ရုံးဝန်ထမ်း ၁၃၄ ဦး၊ စုစုပေါင်း ၁၆၄ ဦး တို့အား ရာထူးအလိုက် ဝန်ထမ်းပြစ်ဒဏ်ချမှတ်ခဲ့မှု အခြေအနေကို **နောက်ဆက်တွဲ (c)** တွင် ဖော်ပြထားပါသည်။

ရှေ့နေရှေ့ရပ်ဆိုင်ရာကိစ္စရပ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနသည် ရှေ့နေလိုင်စင်စိစစ်ထုတ်ပေးခြင်း၊ ရှေ့နေရှေ့ရပ်များအား ကျင့်ဝတ်နှင့်အညီ လုပ်ငန်းများဆောင်ရွက်စေခြင်း၊ ကျင့်ဝတ်ဖောက်ဖျက်သူရှေ့နေများကို စိစစ်အရေးယူခြင်းတို့ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုခြင်းနှင့် ကြီးကြပ်ကွပ်ကဲအရေးယူခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေနှင့်အလုပ်သင်ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာများကို ရှေ့နေရှေ့ရပ်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ပြီး ညီညွတ်သူများအား ခွင့်ပြုခဲ့ရာ ၂၀၂၅ ခုနှစ်တွင် အလုပ်သင်ရှေ့နေလျှောက်ထားသူများအနက် ခွင့်ပြုသူ ၁၃၂၈ ဦး ရှိပါသည်။ ထို့ပြင်အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုသူ ၃၆၈ ဦး နှင့် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုသူ ၅၄၆ ဦးတို့အား ရှေ့နေလိုင်စင်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ အထက်တန်းရှေ့နေနှင့် တရားလွှတ်တော်ရှေ့နေလိုင်စင်စာရင်းတင်သွင်းခွင့်ရရှိသူများအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုဒ်မှတစ်ဆင့် ကြေညာအသိပေးခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရှေ့နေအဖြစ် စာရင်းတင်သွင်း လိုက်ပါဆောင်ရွက်ခွင့်ပြုထားသူများအား ရှေ့နေရှေ့ရပ်များ ကျင့်ဝတ်နှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ၊ မရှိကိုလည်းကောင်း၊ တည်ဆဲဥပဒေ အရပ်ရပ်ကို လေးစားလိုက်နာခြင်း ရှိ၊ မရှိကိုလည်းကောင်း အစဉ်တစိုက် ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။ ၂၀၂၅ ခုနှစ်အတွင်း

တရား လွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် အရေးယူပေးရန် တိုင်စာ ၂၁၈ စောင် လက်ခံရရှိခဲ့ပါသည်။ ကနဦးစိစစ်တွေ့ရှိချက်နှင့် စုံစမ်းစစ်ဆေးမှု ပေါ်ပေါက်ချက်များ အရ ဆက်လက်အရေးယူဆောင်ရွက်ရန် မပေါ်ပေါက်သည့် တိုင်ကြားစာ ၇၁ စောင်အား ပိတ်သိမ်းခဲ့ပါသည်။

၃၁-၁၂-၂၀၂၅ ရက်နေ့အထိ တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာဖောက်ဖျက်မှုအတွက် တိုင်ကြားစာ ၄၄ စောင် နှင့် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခံရခြင်းအတွက် အစီရင်ခံစာ ၂၆ စောင်တို့မှာ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

ရှေ့နေရှေ့ရပ်များအားစုံစမ်းစစ်ဆေးမှုတွင် တရားလွှတ်တော်ရှေ့နေများနှင့် စပ်လျဉ်း၍ တရားလွှတ်တော်ရှေ့နေများကောင်စီ၏ သဘောထားရယူခြင်း၊ အထက်တန်းရှေ့နေများ နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာအပေါ် စိစစ်ခြင်းတို့ဖြင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီးများ အစည်းအဝေးသို့ တင်ပြအဆုံးအဖြတ်ခံယူပြီး နိုတြီပဗ္ဗလစ် ၂ ဦး၊ တရားလွှတ်တော်ရှေ့နေ ၅၁ ဦးနှင့် အထက်တန်းရှေ့နေ ၁၇ ဦးတို့ကို အရေးယူခဲ့ပါသည်။ ရှေ့နေရှေ့ရပ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာဖောက်ဖျက်သူ ၄၆ ဦး၊ တရားရုံးများ အပေါ် မထီမဲ့မြင်ပြုလုပ်သူ ၃ ဦး၊ ရာဇဝတ်ကြောင်းအရ ပြစ်ဒဏ်ချမှတ်ခံရသူ ၂၁ ဦး တို့နှင့်ပတ်သက်၍ အစည်းအဝေးသို့တင်ပြခဲ့ရာ ဆုံးဖြတ်ချက်အရ နိုတြီပဗ္ဗလစ် ၂ ဦးအား တာဝန်မှရပ်စဲခြင်း၊ တရားလွှတ်တော်ရှေ့နေ ၂၇ ဦးနှင့် အထက်တန်းရှေ့နေ ၄ ဦး တို့အား အမှုလိုက်ပါခွင့် ဆိုင်းငံ့ခြင်း၊ တရားလွှတ်တော်ရှေ့နေ ၁၉ ဦးအား ထုတ်ပယ်ခြင်း၊ အထက်တန်း ရှေ့နေ ၁၃ ဦးအား ထုတ်ပစ်ခြင်းနှင့် တရားလွှတ်တော်ရှေ့နေ ၅ ဦးအား သတိပေးခြင်း စသည့် အမိန့်များ ထုတ်ပြန်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုခဲ့သည့် ဇယားကို **နောက်ဆက်တွဲ(စ)** ဖြင့် လည်းကောင်း၊ နိုတြီပဗ္ဗလစ်၊ တရားလွှတ်တော်ရှေ့နေနှင့် အထက်တန်း ရှေ့နေများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေအား **နောက်ဆက်တွဲ (စ-၁)** ဖြင့် လည်း ကောင်း၊ ရှေ့နေများအပေါ် ကြီးကြပ်ကွပ်ကဲအရေးယူမှုအခြေပြဇယားကို **နောက်ဆက်တွဲ (စ-၂)** ဖြင့် လည်းကောင်း၊ ရှေ့နေများအပေါ် တိုင်ကြားစာအရေအတွက်နှင့် အရေးယူဆောင်ရွက်မှု အခြေပြဇယားကို **နောက်ဆက်တွဲ (စ-၃)** ဖြင့် လည်းကောင်း ဖော်ပြထားပါသည်။

တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၂၅ ခုနှစ်အတွင်း တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်လျှောက်ထားသူ ၅၄၆ ဦးအား တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ၇-၇-၂၀၂၅ ရက်နေ့တွင် ၂၁၄ ဦးအား Hybrid စနစ်ဖြင့်လည်းကောင်း၊ ၃-၁၂-၂၀၂၅ ရက်နေ့တွင် ၁၁၅ ဦး၊ ၁၀-၁၂-၂၀၂၅ ရက်နေ့တွင် ၁၀၆ ဦးနှင့် ၁၇-၁၂-၂၀၂၅ ရက်နေ့တွင် ၁၁၁ ဦး တို့အား လူကိုယ်တိုင် တက်ရောက်ခြင်းဖြင့်လည်းကောင်း တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



၇-၇-၂၀၂၅ ရက်နေ့တွင် ကျင်းပသောတရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသောင်းနိုင်က လက်မှတ်ပေးအပ်စဉ်



၃-၁၂-၂၀၂၅ ရက်နေ့တွင်ကျင်းပသောတရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဒေါ်ခင်မေရီက လက်မှတ်ပေးအပ်စဉ်



၁၀-၁၂-၂၀၂၅ ရက်နေ့တွင်ကျင်းပသော တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ
အခမ်းအနားမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဒေါ်သင်းသင်းချိုက လက်မှတ်ပေးအပ်စဉ်



၁၇-၁၂-၂၀၂၅ ရက်နေ့တွင်ကျင်းပသော တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက် မှတ်ပေးအပ်ပွဲ
အခမ်းအနားမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်သင်းသင်းနွဲ့ လက်မှတ်ပေးအပ်စဉ်

ကြီးကြပ်ရေးအာဏာပိုင်အဖြစ် ဆောင်ရွက်ခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၁၄-၃-၂၀၂၂ ရက် စွဲပါ အမိန့်အမှတ် (၁/၂၀၂၂) ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရား စီရင်ရေးကြီးကြပ်မှုရုံး၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနအား ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များ နှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအပေါ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အရ သတ်မှတ်ချက်များ လိုက်နာဆောင်ရွက်စေရေးအတွက် ကြီးကြပ်စေရန် ကြီးကြပ်ရေး အာဏာပိုင်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ ကြီးကြပ်ရေးအာဏာပိုင် (Competent

Authority) သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် AML/CFT အမျိုးသားအဆင့် မဟာဗျူဟာဆိုင်ရာနှစ်စဉ်လုပ်ငန်းအစီအစဉ်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မိမိကြီးကြပ်ရသောသတင်းပို့အဖွဲ့အစည်းများသည် ၎င်းတို့လုပ်ငန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ရေး အရာရှိခန့်အပ်ခြင်း၊ မူဝါဒအစီအမံများ ချမှတ်ခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်း၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (CDD) ၊ အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း (EDD)၊ သတ်မှတ်ပမာဏထက် ကျော်လွန် သော လွှဲပြောင်းဆောင်ရွက်မှု(TTR) နှင့် သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှု (STR) တို့ကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (MFIU) သို့ သတင်းပေးပို့ခြင်းတို့နှင့်စပ်လျဉ်း၍ (Off-site) စစ်တမ်းလွှာဖြင့် လုပ်ငန်းခွင်ပြင်ပစောင့်ကြည့်ခြင်း၊ လိုအပ်ပါက လုပ်ငန်းခွင်သို့ ကွင်းဆင်း (Onsite) စစ်ဆေးခြင်းတို့ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ကွင်းဆင်းစစ်ဆေးမှုနှင့် ကြီးကြပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များ၏ ရလဒ်များအား အစီရင်ခံ တင်ပြခြင်းနှင့် အရေးယူခြင်းတို့အပြင် AML/CFT ဆိုင်ရာ အသိပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများကို သတင်းပို့အဖွဲ့အစည်းများအတွက်သာမက တရားရေးအရာရှိများအတွက်ပါ အသိပညာမျှဝေခြင်း ပြုလုပ်ပါသည်။

အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းအတွက် ထောက်ခံချက်ပေးခြင်း

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့အသီးသီးတွင် မှတ်ပုံတင်မည့်ရှေ့နေရှေ့ရပ်များ၊ ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ၊ ဥပဒေဆိုင်ရာ ဝန်ဆောင်မှု၊ အဆိုပါဝန်ဆောင်မှု နှင့် ဆက်စပ်လုပ်ငန်းဆိုင်ရာ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များဖြင့် ဖွဲ့စည်းလိုသည့် အသင်းအဖွဲ့များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထောက်ခံချက် ပေးရပါသည်။

ရှေ့နေအသင်းအဖွဲ့များ၊ ဥပဒေဆိုင်ရာ ဝန်ဆောင်မှု အသင်းအဖွဲ့များက မှတ်ပုံတင်ရန်အတွက် လျှောက်ထားခြင်းအပေါ် စိစစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မန္တလေးရှေ့နေအသင်း၊ ဥပဒေရေးရာကုစားရေးအဖွဲ့ (မြန်မာ)၊ မုံရွာခရိုင်ရှေ့နေအသင်း၊ မြန်မာနိုင်ငံလွှတ်လပ်သောရှေ့နေများအသင်းစသည့် အသင်းအဖွဲ့ ၄ ခု ကို ထောက်ခံချက် ထုတ်ပေးထားပါသည်။

ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများ ရရှိရေး ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇၊ ပုဒ်မ ၆၈ တို့နှင့်အညီ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင်ကြန့်ကြာမှုမရှိစေရေးတို့အတွက် ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများသည် အကျဉ်းထောင် (၁၉) ခု၊ ရဲဘက်စခန်း (၇) ခုနှင့် ရဲတပ်ဖွဲ့အချုပ်စခန်း (၆၃)ခု တို့အား လည်းကောင်း၊ ခရိုင်အဆင့်တရားသူကြီးများသည် အကျဉ်းထောင်(၈)ခုနှင့် ရဲတပ်ဖွဲ့ အချုပ်စခန်း (၂၆၄) ခု တို့အား လည်းကောင်း သွားရောက်စစ်ဆေး၍ အကျဉ်းသားနှင့်အချုပ်သားများအတွက် လိုအပ်သည်များကို လမ်းညွှန်ဆောင်ရွက်ပေးခဲ့ပါသည်။

ထိမ်းမြားလက်ထပ်ကျမ်းကျိန်လွှာဆိုင်ရာညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ ခရစ်ယာန် လက်ထပ်ထိမ်းမြားခွင့်လိုင်စင်ကိစ္စရပ်များကြီးကြပ်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံရှိအမျိုးသမီးများ၏ လက်ထပ်ထိမ်းမြားမှုတရားဝင်ဖြစ်စေရေး၊ အလွယ်တကူလက်ထပ်ထိမ်းမြားပေးခြင်းဖြင့် မလိုလားအပ်သော လူကုန်ကူးမှုကဲ့သို့ ဥပဒေပြဿနာများပေါ်ပေါက်လာနိုင်သည့် အခြေအနေများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် တရားရုံးများတွင် နိုင်ငံခြားသားနှင့် မြန်မာအမျိုးသမီးများ ထိမ်းမြားလက်ထပ်ကျမ်းကျိန်လွှာ ပြုလုပ်ရာ၌ လိုအပ်သည့် အချက်အလက်များပြည့်စုံမှု ရှိ၊ မရှိ သေချာစွာ စိစစ်ဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ် ၁/၂၀၂၅ ကို ထုတ်ပြန်ခဲ့သည့်အပြင် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေအရ ဝိနည်းနှင့်အညီ ထိမ်းမြားလက်ထပ်ရာတွင်လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်အတွင်းတွင် ၁၈၇၂ ခုနှစ်၊ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆ အရ လိုင်စင်ရရှိသူ ၃ ဦး၊ ပုဒ်မ ၆ နှင့် ၉ အရ လိုင်စင်ရရှိသူ ၁၁ ဦး၊ စုစုပေါင်းဦးရေ ၁၄ ဦး ခွင့်ပြုခဲ့ပါသည်။ ၁၈၇၂ ခုနှစ်၊ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိသော ခရစ်ယာန်ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ရရှိသူ ၁ ဦးအား လိုင်စင်မှ ရုပ်သိမ်းခဲ့ပါသည်။

ဘဏ္ဍာသိမ်း သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်း

တရားရုံးရှိ သက်သေခံပစ္စည်းများ လျော့နည်းပျောက်ဆုံးပျက်စီးမှုမရှိစေရေးအတွက် အလေးထား ကြီးကြပ်လျက်ရှိရာ ရွှေ့ပြောင်းနိုင်သောပစ္စည်း(လိုင်စင်ရှိ၊ လိုင်စင်မဲ့) မော်တော်ယာဉ်များ အယူခံ/ပြင်ဆင်ရက်ကျော်လွန်ပါက လိုင်စင်မဲ့မော်တော်ယာဉ်များအား ဗဟို စက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနသို့လည်းကောင်း၊ လိုင်စင်ရှိ မော်တော်ယာဉ်များအား သက်ဆိုင်ရာအစိုးရအဖွဲ့သို့လည်းကောင်း လွှဲပြောင်းအပ်နှံနိုင်ရေးအတွက် စီစစ်ကြီးကြပ်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းကြောင်း အမိန့်ချမှတ်ပြီးသော သက်သေခံမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့်စပ်လျဉ်း၍ စုစုပေါင်း မော်တော်ယာဉ် ၆၇၀ စီး ၊ မော်တော်ဆိုင်ကယ် ၄၀၁၈ စီးကို စီမံခန့်ခွဲဆောင်ရွက်ရန် စာရင်းပေးပို့နိုင်ခဲ့ပါသည်။ အမှုပေါင်း ၃၅ မှမှ ဘဏ္ဍာသိမ်းမရွှေ့မပြောင်းနိုင်သောပစ္စည်း (အိမ်၊ ခြံ ၊ မြေ) များကို စီစစ်စာရင်းပြုစု၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ ပေးပို့ ဆောင်ရွက်ခဲ့ပါသည်။

ရုံးခွန်နှင့် ဒဏ်ငွေကောက်ခံခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရငွေများဖြစ်သော ရုံးခွန်နှင့် ဒဏ်ငွေများကို အလေအလွင့် မရှိအောင် ကောက်ခံ၍ နိုင်ငံတော်ဘဏ္ဍာသို့ နှစ်စဉ် ပေးသွင်းလျက် ရှိပါသည်။

ရုံးခွန်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်၌ စွဲဆိုသောအမှုများတွင် ရုံးခွန်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များမှလည်းကောင်း၊ ရှေ့နေရှေ့ရပ်ကိစ္စများတွင် ရှေ့နေများမှလည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၂၅ ခုနှစ် အတွင်း ရုံးခွန်တံဆိပ်ခေါင်းများ ထမ်းဆောင်ရရှိငွေမှာ ၉,၃၇၆,၂၄၂,၂၄၅.၈၁ ကျပ် ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်အတွင်း ကောက်ခံရရှိသည့် ရုံးခွန်အခြေပြဇယား

တရားရုံးများ	**ရုံးခွန်ရရှိငွေ(ကျပ်)**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်	၂၇၇,၉၁၉,၇၅၀
တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ	၁,၁၀၇,၂၈၃,၃၇၃
ခရိုင်တရားရုံးများ	၆,၇၇၀,၃၈၅,၃၇၉.၂၅
မြို့နယ်တရားရုံးများ	၁,၂၂၀,၆၅၃,၇၄၃.၅၆
စုစုပေါင်း	**၉,၃၇၆,၂၄၂,၂၄၅.၈၁**

ဒဏ်ငွေ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ တရားရုံးများမှ ကောက်ခံရရှိသော ဒဏ်ငွေများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရငွေများအဖြစ် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပါသည်။ ၂၀၂၅ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်က တပ်ရိုက်ခဲ့သော ဒဏ်ငွေ စုစုပေါင်းမှာ ၈,၈၃၁,၆၂၉,၆၅၈ ကျပ် ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်အတွင်း ဒဏ်ငွေရရှိမှုအခြေပြဇယား

တရားရုံးများ	**တပ်ရိုက်ဒဏ်ငွေ (ကျပ်)**	**ကောက်ခံရဒဏ်ငွေ (ကျပ်)**	**ယခင်ကာလအပါအဝင် ကြွေးကျန်(ကျပ်)**
တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်များ	၁,၂၁၀,၀၀၀	၁,၂၁၀,၀၀၀	မရှိပါ
ခရိုင်တရားရုံးများ	၁၈,၂၁၀,၀၀၀	၁၆,၂၁၀,၀၀၀	၂,၀၀၀,၀၀၀
မြို့နယ်တရားရုံးများ	၈,၈၁၂,၂၀၉,၆၅၈	၈,၈၁၃,၃၅၉,၆၅၈	၁၀၈,၃၂၀,၀၀၀
စုစုပေါင်း	**၈,၈၃၁,၆၂၉,၆၅၈**	**၈,၈၃၀,၇၇၉,၆၅၈**	**၁၁၀,၃၂၀,၀၀၀**

၂.၈ တရားရုံးနည်းပညာအသုံးပြုမှုစီမံကိန်းများကို တိုးမြှင့်အကောင်အထည်ဖော်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ e-Government ဆိုင်ရာ ရှေ့လုပ်ငန်းစဉ်(၆)ရပ် အကောင်အထည်ဖော်ခြင်း

တရားစီရင်ရေးကဏ္ဍတွင် နည်းပညာအသုံးပြုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန်အတွက် “e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ” နှင့် “နည်းပညာအသုံးပြုမှုခင်းသတင်းအချက်အလက်စနစ် အကောင်အထည်ဖော်ဆောင်ရေးကော်မတီ” တို့၏ လမ်းညွှန်မှုဖြင့် ၂၀၂၅ ခုနှစ် အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ e-Government ဆိုင်ရာ ရှေ့လုပ်ငန်းစဉ်(၆)ရပ် ချမှတ်အကောင်အထည်ဖော်ခဲ့ပါသည်။ အဆိုပါ ရှေ့လုပ်ငန်းစဉ်များဖြစ်သော နည်းပညာအသုံးပြု မှုခင်းစီမံခန့်ခွဲမှုစနစ် (Case Management System-CMS)၊ စာရွက်စာတမ်း စီမံခန့်ခွဲမှုစနစ် (Document Management System -DMS) စနစ်၊ e-Learning စနစ်၊ ရှေ့နေရှေ့ရပ် အချက်အလက် စီမံခန့်ခွဲမှုစနစ်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုဒ်တွင် “ရှေ့နေရှေ့ရပ်ကဏ္ဍ”အား တိုးချဲ့လွှင့်တင်ခြင်းနှင့် သတင်းအချက်အလက်များ ကြည့်ရှုအသုံးပြုနိုင်သည့် Internal Portal တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ပါသည်။

နည်းပညာအသုံးပြု မှုခင်းစီမံခန့်ခွဲမှုစနစ် (Case Management System-CMS)ဖြင့် တရားစီရင်ရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း၊ လေ့လာသုံးသပ်ခြင်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်တရားရုံးများက အမှုအချက်အလက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများအား CIS စနစ်ဖြင့် လစဉ်ပေးပို့ တင်ပြနိုင်ရန် ဆောင်ရွက်ခဲ့ ပါသည်။

Document Management System (DMS) စနစ်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ ဌာနများက စာရွက်စာတမ်းများစွာ အသုံးပြုမှု လျော့ချနိုင်စေရန်နှင့် စာရွက်စာတမ်းစီမံခန့်ခွဲမှုများ ပိုမိုစနစ်တကျဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ်အတွင်း e-Learning စနစ်ကိုအသုံးပြု၍ နိုင်ငံတစ်ဝန်းရှိ ဒုတိယမြို့နယ် တရားသူကြီးများ ၁၇၆ ယောက်အား ဌာနဆိုင်ရာစာမေးပွဲအား အွန်လိုင်းစနစ်ဖြင့် ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လက်ရှိအချိန်ထိ တရားရေးဝန်ထမ်း စုစုပေါင်း ၄၁၈ ဦးကို ရာထူးတိုးမြှင့်ခန့်ထားနိုင်ရန် အရည်အချင်းစစ်ဆေးခြင်း၊ ဌာနဆိုင်ရာစာမေးပွဲများအား အွန်လိုင်းစနစ်ဖြင့် ဖြေဆိုစေခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

တရားရုံးအားလုံးက Mobile App ဖြင့် အသုံးပြု၍ တရားရုံးများတွင် အမှုလိုက်ပါ ဆောင်ရွက်ကြသည့် ရှေ့နေများ၏ အချက်အလက်များစစ်ဆေးနိုင်သည့် ရှေ့နေရှေ့ရပ် အချက်အလက် စီမံခန့်ခွဲမှုစနစ် Lawyer Database စနစ်စတင်လွှင့်တင်ခြင်းနှင့် Mobile Application မိတ်ဆက်အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် အွန်လိုင်း စနစ်ဖြင့် ကျင်းပခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ တရားလွှတ်တော်များနှင့် ခရိုင်တရားရုံးများက အသုံးပြု နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုဒ်တွင် "ရှေ့နေရှေ့ရပ်ကဏ္ဍ" အား တိုးချဲ့လွှင့်တင်နိုင်ခဲ့ပြီး အဆိုပါကဏ္ဍမှတစ်ဆင့် နိုင်ငံတစ်ဝန်းရှိ ရှေ့နေရှေ့ရပ်အသီးသီး အတွက် အသိပေးကြေညာချက်များ၊ သတင်းအချက်အလက်များ၊ AML/CFT ဆိုင်ရာ အချက် အလက်များကို တိုးမြှင့်လွှင့်တင်နိုင်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နည်းပညာဆိုင်ရာစနစ်များအားလုံး တစ်စု တစ်စည်းဖော်ပြနိုင်ရေးနှင့် လိုအပ်သည့် ကြေညာချက်များ၊ သတင်းအချက်အလက်များ ကြည့်ရှုအသုံးပြုနိုင်သည့် Internal Portal စနစ်စတင်လွှင့်တင်ခြင်းနှင့် မိတ်ဆက်ရှင်းလင်းပွဲ ကို ၆-၁၁-၂၀၂၅ ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က Virtual / Online စနစ်ဖြင့် တရား လွှတ်တော်ရှေ့နေ အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားများ ကျင်းပခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် နိုင်ငံတစ်ဝန်းရှိ တရားရုံးအသီးသီးက Virtual / Online စနစ်ဖြင့် အစည်းအဝေးများ ကျင်းပခြင်း၊ သင်တန်းဖွင့်လှစ်ပို့ချခြင်းများနှင့် အခြားကိစ္စရပ်များ အပါအဝင် စုစုပေါင်း ၁၄၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များထုတ်ပြန်ခြင်း

တရားရုံးဆောင်ရွက်ချက်များနှင့် သတင်းအချက်အလက်များကို အများပြည်သူ လက်လှမ်းမီမှုနှင့် အများပြည်သူ၏အသိအမြင်ကို မြှင့်တင်နိုင်ရန်၊ တရားရုံးနှင့်ပြည်သူတို့ကြား ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ကူးသန်းရောင်းဝယ်ရေးမှုခင်းများတွင် ဥပဒေအနက်အဓိပ္ပါယ် ကောက်ယူသုံးသပ်မှုများ ညီညွတ်မှုရှိစေရန်တို့ကို ရည်ရွယ်၍ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှု စီရင်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုဒ် တွင် ၂၀၁၈ ခုနှစ်မှစ၍ လွှင့်တင်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုများ၏ စီရင်ချက် ၁၈ မှု

ကို လွှင့်တင်နိုင်ခဲ့ပြီး လက်ရှိအချိန်ထိ cjs.usc.gov.mm တွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစုစုပေါင်း ၃၀၆ မှုအား လွှင့်တင်ဖော်ပြထားပြီး ဖြစ်ပါသည်။

တရားစီရင်ထုံးအကြောင်းအရာများရှာဖွေခြင်းစနစ် (RCMS)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နှစ်စဉ်ထုတ်ဝေလျက်ရှိသော မြန်မာနိုင်ငံ တရားစီရင်ထုံးများကို လွယ်ကူလျင်မြန်စွာ ရှာဖွေအသုံးပြုနိုင်ရန်အတွက် တရားစီရင်ထုံး အကြောင်းအရာများရှာဖွေခြင်းစနစ်(RCMS)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။ ၁၉၄၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စီရင်ထုံးများကို https://rcms.usc. gov.mm/precedents တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။

၂.၉ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ဝေခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏တရားစီရင်ရေး ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်း များအား ပြည်တွင်းပြည်ပမှ သိရှိနိုင်ရန်၊ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် စသည့် ရည်ရွယ် ချက်များဖြင့် ၂၀၁၆ ခုနှစ်မှစ၍ တရားရုံးနှစ်စဉ်အစီရင်ခံစာအား ထုတ်ဝေလျက်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးနှစ်စဉ်အစီရင်ခံစာ ၂၀၂၄ ခုနှစ်ကို ၃၀-၄-၂၀၂၅ ရက်နေ့တွင် မြန်မာနှင့်အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့ပါသည်။





၂.၁၀ ပုံနှိပ်ထုတ်ဝေခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ဥပဒေအရာရှိများ၊ ဥပဒေပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုသော ရှေ့နေရှေ့ရပ်များ သာမက ပြည်သူအများဥပဒေဗဟုသုတရရှိစေရန်ရည်ရွယ်၍ ဥပဒေဆောင်းပါးများ၊ သုတရသ ဆောင်းပါးများ၊ အများသိရှိသင့်သော ကြေညာချက်များနှင့် မှတ်သားဖွယ် အထူးအယူခံ စီရင်ချက်များပါဝင်သည့် တရားရေးဂျာနယ် အတွဲ(၄)၊ အမှတ် (၃) နှင့် တရားသူကြီးများ လိုက်နာဆောင်ရွက်ရန် ၂၀၂၄ ခုနှစ် လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက် နှင့် အမှာစာများ စာအုပ်တို့ကို ထုတ်ဝေခဲ့ပါသည်။ ထို့အပြင် တရားရုံးစာကြည့်တိုက်ကို စနစ်တကျ ထိန်းသိမ်းရန်နှင့် e-Libraryစနစ်ကို ထိရောက်စွာအသုံးပြုနိုင်ရန်အတွက် ၁၉၉၃ ခုနှစ် တရားရုံး စာကြည့်တိုက်လက်စွဲကို ပြင်ဆင်၍ ၂၀၂၅ ခုနှစ် တရားရုံးစာကြည့်တိုက် လက်စွဲကို ထုတ်ဝေခဲ့ပါသည်။







၂.၁၁ နိုင်ငံတော်၏ အမျိုးသားအဆင့်မဟာဗျူဟာများနှင့်စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်၏ အမျိုးသားအဆင့်မဟာဗျူဟာများနှင့် စီမံကိန်းများ၏ လုပ်ငန်းစဉ်များ တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး နှင့် လူကုန်ကူးခံရသူများအကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့တွင် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ လူကုန်ကူးမှု

တိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ (၅) နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ (National Task Force) တွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြစ်မှုတရားစီရင်ရေးဌာန၊ ညွှန်ကြားရေးမှူးက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ National Task Force သည် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ (၅) နှစ်စီမံကိန်း၏ နှစ်အလိုက်လုပ်ငန်းစီမံချက်များအရ လူကုန်ကူးခံရသူများက တရားရုံးတွင် သက်သေခံရာ၌ လုံခြုံရေးနှင့်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည်။

ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈)

ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့တွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းအဖွဲ့သည် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ၏ ငွေကြေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ၏ ကြိုတင်ကာကွယ်ရေးအစီအစဉ်၊ တရားစီရင်ရေးအဖွဲ့များ၏ စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် AML/CFT အမျိုးသားအဆင့် မဟာဗျူဟာဆိုင်ရာလုပ်ငန်းအစီအစဉ်(၂၀၂၅ခုနှစ်)ရေးဆွဲ၍ မဟာဗျူဟာနယ်ပယ်ပါ လုပ်ငန်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ (Corruption Prevention Unit)၊ ပြစ်မှုတရားစီရင်ရေးဌာန၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနတို့က မိမိတို့တာဝန်ယူရသည့်ကဏ္ဍအသီးသီးမှ အကောင်အထည်ဖော် ဆောင်ရွက်သည်။ ၂၀၂၅ ခုနှစ် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်နိုင်မှုနှင့် ရလဒ်များကို **နောက်ဆက်တွဲ(ဆ)** ဖြင့် အသေးစိတ် ဖော်ပြထားပါသည်။



AML/CFT အမျိုးသားအဆင့် မဟာဗျူဟာ ဆိုင်ရာ လုပ်ငန်းအစီအစဉ်(၂၀၂၅ ခုနှစ်)

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး လုပ်ငန်းကော်မတီတွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းကော်မတီသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားမဟာဗျူဟာစီမံကိန်း၏ အမျိုးသမီးများ တရားမျှတမှုလက်လှမ်းမီစေရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည်။

အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာများ မူပိုင်ခွင့်ချိုးဖောက်မှုများ ကာကွယ် တားဆီးနိုင်ရေး လုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၈) ရေးဆွဲခြင်း

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီသည် မဟာဗျူဟာ (၆) ရပ် ပါရှိသော အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာ (၂၀၂၅-၂၀၂၈)ကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ အားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက် နံနက် ၉ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး အစည်းအဝေးခန်းမ၌ မူပိုင်ခွင့်ချိုးဖောက်မှုများ တားဆီးကာကွယ်ရေး လုပ်ငန်းစီမံချက် ရေးဆွဲအကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ မူပိုင်ခွင့်ဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သတင်းအချက်အလက် နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေး

ဝန်ကြီးဌာနမှ အကောက်ခွန်ဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနမှတရားစွဲနှင့်အမှုလိုက် ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး၊ ဌာနကြီးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းစီမံချက်ရေးဆွဲရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် အဆိုပါ လုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၈) (မူကြမ်း)ကို ဦးဆောင်ရေးဆွဲခဲ့ပြီး သက်ဆိုင်ရာဌာနများဖြစ်သည့် မူပိုင်ခွင့်ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေရေးရာဝန်ကြီးဌာန နှင့် သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနတို့ထံသို့ ပေးပို့၍ အကြံပြုချက်များ ရယူခဲ့ပြီးနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီသို့ အတည်ပြုရန် တင်ပြခဲ့ပြီးဖြစ်ပါသည်။

၂.၁၂ တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဒေသတွင်းတရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဒေသတွင်းတရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွင်ပါဝင်ခြင်း

၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားသူကြီးချုပ်သည် ဖိုရမ် (၁) ခု နှင့် ဒေသတွင်းအစည်းအဝေး (၁) ခုသို့ ကိုယ်တိုင်တက်ရောက်ခဲ့ပြီး တရားရုံးအဆင့်ဆင့်မှ တရားသူကြီးနှင့် တရားရေးအရာရှိ စုစုပေါင်း ၂၄၅ ဦးတို့သည် ပြည်ပသင်တန်း၊ ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေး ၁၈ ခုသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် လည်းကောင်း၊ လူကိုယ်တိုင် လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရားသူကြီးချုပ်၏ ဖိတ်ကြားချက်အရ ၂၁-၉-၂၀၂၅ ရက်နေ့မှ ၂၄-၉-၂၀၂၅ ရက်နေ့အထိ ကျင်းပသည့် “(၁၃) ကြိမ်မြောက်အာရှ-ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာ ဥပဒေဖိုရမ်” သို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါဖိုရမ်သည် အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံ

များ၏ တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်း လာစေရန် ရည်ရွယ်ချက်ဖြင့် နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပသောဖိုရမ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အာရှနှင့်ပစိဖိတ်ဒေသနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်လျက်ရှိရာ ဤဖိုရမ်သို့ တက်ရောက်ခြင်းဖြင့် ဒေသတွင်းရှိ တရားသူကြီးချုပ်များ၊ တရားစီရင်ရေးအကြီးအကဲများနှင့် အမြင်ချင်းဖလှယ်ပြီး၊ မိမိတို့ သက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပါသည်။ အဆိုပါဖိုရမ်တွင် အခွန်ဥပဒေ၊ အကောက်ခွန်ဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေနှင့် မူပိုင်ခွင့်ဥပဒေဆိုင်ရာ တရားစီရင်ရေးနှင့် သက်ဆိုင်သည့် ဥပဒေပြဿနာရပ်များကို စာတမ်းဖတ်ကြားဆွေးနွေးကြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇာလီစံက “Intellectual Property Rights Protection in Myanmar: Judicial Perspective and Experience” ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးခဲ့ပါသည်။



“(၁၃) ကြိမ်မြောက်အာရှ-ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာ ဥပဒေဖိုရမ်” တွင်
ပြည်ထောင်စုတရားသူကြီးချုပ် က မိန့်ခွန်းပြောကြားစဉ်



ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇာလီစံက "Intellectual Property Rights Protection in Myanmar: Judicial Perspective and Experience" ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားစဉ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ၊ တရားရုံးချုပ်တွင် ၁၃-၁၁-၂၀၂၅ ရက်နေ့မှ ၁၅-၁၁-၂၀၂၅ ရက်နေ့အထိ ကျင်းပသည့် "(၁၂) ကြိမ်မြောက်အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေး" သို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်သည် အာဆီယံတရားစီရင်ရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ လုပ်ငန်းအဖွဲ့များက သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ရရှိသည့် အောင်မြင်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အဆိုပြုချက်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်၏ ပြည်ပခရီးစဉ်များကို **နောက်ဆက်တွဲ (၈)** ဖြင့် ဖော်ပြထားပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့
“(၁၂) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး”သို့ တက်ရောက်စဉ်



“(၁၂) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး”သို့ တက်ရောက်သော
အာဆီယံတရားသူကြီးချုပ်များ၏ မှတ်တမ်းဓါတ်ပုံ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဦးကျော်ကျော်သည် အိန္ဒိယသမ္မတနိုင်ငံ၊ လပ်ခနောင်းမြို့တွင် ၁၉-၁၁-၂၀၂၅ ရက်နေ့မှ ၂၄-၁၁-၂၀၂၅ ရက်နေ့အထိ ကျင်းပခဲ့သည့် “(၂၆) ကြိမ်မြောက် တရားသူကြီးချုပ်များ၏ အပြည်ပြည်ဆိုင်ရာညီလာခံ” သို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါညီလာခံသို့ တက်ရောက်လာသော တရားသူကြီးများက တရားစီရင်ရေးကဏ္ဍအနေဖြင့် တရားမျှတမှုကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းစောင့်ရှောက်ရန် ကမ္ဘာကြီးကိုငြိမ်းချမ်းအောင် ဆောင်ရွက်

ရန် နည်းပညာများတိုးတက်ရေးကို အထောက်အကူပြုရန်စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးဦးကျော်ကျော်၏ ပြည်ပခရီးစဉ်ကို **နောက်ဆက်တွဲ (၈၂)** ဖြင့် ဖော်ပြထားပါသည်။





ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဦးကျော်ကျော် "(၂၆) ကြိမ်မြောက် တရားသူကြီးချုပ်များ၏ အပြည်ပြည်ဆိုင်ရာညီလာခံ"သို့ တက်ရောက်စဉ်

တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်အား အကောင်အထည်ဖော်ခြင်း

ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံအမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့အကြား ၁၁-၁၂-၂၀၁၈ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် "မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" သည် သက်တမ်းကုန်ဆုံးသွားသဖြင့် သတ်မှတ်ထားသည့်သင်တန်းသား အရေအတွက် (၄၀၀) ဦး ပြည့်မြောက်သည်အထိစေလွှတ်နိုင်ရန် နားလည်မှုစာချွန်လွှာအား ပြင်ဆင်ပြောင်းလဲမှုမပြုလုပ်ဘဲ နောက်ထပ်သက်တမ်း (၃) နှစ် တိုးမြှင့်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ယင်းနားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံ၊ ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတွင် သင်တန်းတက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှတရားသူကြီးများနှင့် တရားရေးအရာရှိများကို ၂၀၁၉ ခုနှစ်မှစ၍ စေလွှတ်လျက်ရှိပြီး၊ ၂၀၂၅ ခုနှစ်အထိ နားလည်မှုစာချွန်လွှာအရ တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းသို့ စုစုပေါင်းသင်တန်းသား(၃၂၀)ဦး စေလွှတ်ခဲ့ပြီးပါသည်။

၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဘယ်လာရုစ် သမ္မတနိုင်ငံတရားလွှတ်တော်ချုပ်၊ အိန္ဒိယနိုင်ငံ နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနတို့နှင့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။



၄-၁-၂၀၂၅ ရက်နေ့တွင် ပဉ္စမအကြိမ်မြောက် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများ အတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းသို့ သင်တန်းသား(၄၀)ဦး စေလွှတ်စဉ်



၁-၃-၂၀၂၅ ရက်နေ့တွင် ဆဋ္ဌမအကြိမ်မြောက် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများ အတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းသို့ သင်တန်းသား(၄၀)ဦး စေလွှတ်စဉ်



၂၂-၁၁-၂၀၂၅ ရက်နေ့တွင် သတ္တမအကြိမ်မြောက်မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများ အတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းသို့ သင်တန်းသား(၄၀)ဦး စေလွှတ်စဉ်



၁၃-၁၂-၂၀၂၅ ရက်နေ့တွင် အဋ္ဌမအကြိမ်မြောက် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများ အတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းသို့ သင်တန်းသား(၄၀)ဦး စေလွှတ်စဉ်

အပိုင်း (၃)

တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ

အပိုင်း (၃)

တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ

၃ ၂၀၂၅ ခုနှစ် မူခင်းစစ်ဆေးစီရင်မှုတွင် တွေ့ရှိချက်များ

၂၀၂၅ခုနှစ် မူခင်းစာရင်းများအရ တစ်နိုင်ငံလုံးရှိ တရားရုံးအဆင့်ဆင့်တွင် အမှုစွဲဆိုမှုမှာ ယခင်နှစ် အမှုစွဲဆိုမှုကဲ့သို့ပင် ၉၇% ရှိပြီး၊ ရာဇဝတ်မှုနှင့် တရားမမှုများ တစ်နိုင်ငံလုံး အမှုပြီးပြတ်မှုနှုန်းမှာလည်းယခင်နှစ်ကဲ့သို့ပင် ၁၀၃% စစ်ဆေးပြီးပြတ်ခဲ့ကြောင်းတွေ့ရှိရသဖြင့် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)တွင် လျာထားသည့် တစ်နိုင်ငံလုံးအမှုပြီးပြတ်မှုနှုန်းစုစုပေါင်း ၁၀၀% ထက် ကျော်လွန်ပြီးပြတ်ခဲ့ကြောင်းတွေ့ရှိရပါသည်။

၃.၁ မူခင်းများစစ်ဆေးစီရင်ခြင်း

မူခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန်စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။ တရားရုံး၏ဆောင်ရွက်ချက်များအား အများသိရှိနိုင်ရန်နှင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းလျာထားသတ်မှတ်ချက်များ ပြည့်မီနိုင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုအတိုင်းအတာများကို နှစ်စဉ် ထုတ်ပြန်လျက် ရှိပါသည်။ ၂၀၂၅ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်၏ မူခင်းများ စစ်ဆေးစီရင်မှု အခြေအနေကို တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ပါ အဓိကလုပ်ငန်း လျာထားသတ်မှတ်ချက်များဖြစ်သည့် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း၊ ဆုံးဖြတ်ပြီး အမှုများ၏ သက်တမ်း၊ စစ်ဆေးဆဲ အမှုများ၏သက်တမ်း၊ အမှုရုံးချိန်းသေချာစေမှု၊ တရားရုံး အသုံးပြုသူများ၏ စိတ်ကျေနပ်မှု စသည့်အချက်များဖြင့် တိုင်းတာပါသည်။ ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း နှစ်အလိုက် လုပ်ငန်းလျာထား သတ်မှတ်ချက်များကို **ဇယား (က)** တွင် ဖော်ပြထားပါသည်။ ထို့အပြင် အယူခံတက်ရောက်မှုနှုန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမှုစွဲဆိုမှုရာခိုင်နှုန်း၊ မူခင်းပမာဏနှင့် တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု၊ အရေးကြီး ရာဇဝတ်မှုအမျိုးအစားအလိုက်ခွဲခြားခြင်းစသည့်စံနှုန်းများပေါ်မူတည်၍လည်း နှိုင်းယှဉ်ဖော်ပြထားပါသည်။

ဇယား (က) ၂၀၂၅ ခုနှစ်အတွက် လုပ်ငန်းလျာထားသတ်မှတ်ချက် အခြေပြဇယား

အဓိကဆောင်ရွက်မှု အတိုင်းအတာ	အခြေခံမျဉ်း အချက်အလက် အရင်းအမြစ်	တိုင်းတာမှု	အခြေခံမျဉ်း	လုပ်ငန်းလျာထားသတ်မှတ်ချက်		
				၂၀၂၃	၂၀၂၄-၂၅	၂၀၂၆-၂၇
ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း	တစ်နိုင်ငံလုံး အမှုပြီးပြတ်နှုန်း	ရာဇဝတ်မှုပြီးပြတ်နှုန်း	၁၀၀%	၁၀၀%	၁၀၀%	၁၀၀%
		တရားမမှုပြီးပြတ်နှုန်း	၉၅%	၉၈%	၁၀၀%	၁၀၀%
		စုစုပေါင်းပြီးပြတ်မှုနှုန်း	၉၈%	၉၉%	၁၀၀%	၁၀၀%
စစ်ဆေးဆဲ အမှုများ၏ သက်တမ်း	တစ်နိုင်ငံလုံး စစ်ဆေးဆဲ အမှုများ၏ သက်တမ်း	၁၂လအထက် စစ်ဆေးဆဲ ရာဇဝတ်မှု	၂၃%	၆%	၅%	၅%
		၃၆လအထက် စစ်ဆေးဆဲ တရားမမှု	၁၁%	၃%	၂%	၂%
တရားရုံး အသုံးပြုသူများ၏ ကျေနပ်မှု	တရားရုံးများ၏ မေးခွန်း ၁၀ ခု ပါ စစ်တမ်း	တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု	၇၈%	၇၅%	၇၇%	၈၀%
အမှုရွှေ့ဆိုင်းသည့် နှုန်း	တရားရုံးများ	ရာဇဝတ်မှု ရွှေ့ဆိုင်းမှုနှုန်း	၅၀%	၂၅%	၂၀%	၂၀%
		တရားမမှု ရွှေ့ဆိုင်းမှုနှုန်း	၄၁%	၂၅%	၂၀%	၂၀%
အမှုအလိုက် ကြားနာရန် ချိန်းဆိုသော ပျမ်းမျှရုံးချိန်း အရေအတွက်	တရားရုံးများ	ရာဇဝတ်မှု	၂၂	၈	၈	၈
		တရားမမှု	၂၇	၁၈	၁၄	၁၂

၃.၂ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်းသည် တရားရုံးသို့စွဲဆိုတင်ပို့သည့် မှုခင်းပမာဏကို အဓိလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာစွမ်းရည်ကို တိုင်းတာရန် ဖော်ပြခြင်း ဖြစ်ပါသည်။ အမှုပြီးပြတ်နှုန်းကို တွက်ချက်ရာတွင် ပြက္ခဒိန်နှစ်အတွင်း တရားရုံးသို့ စွဲဆိုတင်ပို့သော အမှုအရေအတွက်နှင့် စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်သည် ယခင်နှစ်လက်ကျန်အမှုများနှင့်ယခုနှစ်အတွင်း စွဲဆိုတင်ပို့သော အမှုများမှ စစ်ဆေးဆုံးဖြတ်ခဲ့သည့် စုစုပေါင်း အမှုအရေအတွက် ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်ရန် ရည်မှန်းထားခဲ့ပါသည်-

- ရာဇဝတ်မှုပြီးပြတ်နှုန်း ၁၀၀%
- တရားမမှုပြီးပြတ်နှုန်း ၁၀၀%
- စုစုပေါင်းပြီးပြတ်နှုန်း ၁၀၀%

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို **ဇယား (၁)** တွင် ဖော်ပြထားပါသည်။ ၂၀၂၅ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စွဲဆို လျှောက်ထားသည့် အမှုပေါင်း ၄၅၁၆ မှုရှိပြီး၊ ပြီးပြတ်မှုသည် ၄၄၆၄ မှု ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုပြီးပြတ်မှုနှုန်းသည် ယခင်နှစ် အောက် ၁၁ % လျော့နည်းသည်ကို တွေ့ရှိရပါသည်။

ဇယား (၁) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
စွဲတင်	ရာဇဝတ်	၅၆၆	၁၀၇၆	၁၅၁၄	၁၄၅၃	၁၃၅၆
	တရားမ	၁၁၀၇	၁၈၄၄	၂၂၃၃	၂၉၃၀	၃၁၅၉
	စာချုန်	၇၂	၀	၀	၀	၁
	စုစုပေါင်း	**၁၇၄၅**	**၂၉၂၀**	**၃၇၄၇**	**၄၃၈၃**	**၄၅၁၆**
ပြီးပြတ်	ရာဇဝတ်	၁၀၅၁	၉၃၆	၁၄၂၅	၁၅၂၁	၁၃၅၃
	တရားမ	၁၄၉၇	၁၉၉၇	၂၁၆၇	၃၂၉၅	၃၁၁၁
	စာချုန်	၁	၀	၀	၀	၀
	စုစုပေါင်း	**၂၅၄၉**	**၂၉၃၃**	**၃၅၉၂**	**၄၈၁၆**	**၄၄၆၄**
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၁၈၆%	၈၇%	၉၄%	၁၀၅%	၁၀၀%

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
	တရားမ	၁၃၅%	၁၀၈%	၉၇%	၁၁၂%	၉၈%
	စာချွန်	၁%	၀%	၀%	၀%	၀%
	စုစုပေါင်း	**၁၄၆%**	**၁၀၀%**	**၉၆%**	**၁၁၀%**	**၉၉%**

*** စာချွန်တော်လျှောက်ထားမှုများအပေါ် ပြီးပြတ်မှုရာခိုင်နှုန်း ၀ % ရရှိခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆(ခ)၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ ၃(ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆(ခ)တို့အရ ၃၁-၇-၂၀၂၅ ရက်နေ့အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော် ကြားနာမှုများအား ရပ်ဆိုင်းထားခြင်းကြောင့် ဖြစ်ပါသည်။**



ပုံ (၁) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုအမျိုးအစားအရ နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း နိုင်းယှဉ်ချက်

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား(၂)** တွင် ဖော်ပြထားပါသည်။ ၂၀၂၅ ခုနှစ်တွင် တရားလွှတ်တော်များသို့ စွဲဆိုသည့် အမှုပေါင်း ၁၀၂၇၃ မှုရှိပြီး ပြီးပြတ်မှုသည် ၁၁၂၄၇ မှု ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုပြီးပြတ်မှုနှုန်းသည် ယခင်နှစ်ထက် ၁၂% ပိုများခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်

တရားလွှတ်တော်များ၏ တရားစီရင်ရေးစွမ်းဆောင်ရည်တိုးမြှင့်ဆောင်ရွက်မှုကို မြင်တွေ့နိုင်ပါသည်။

ဇယား (၂) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
စွဲတင်	ရာဇဝတ်	၂၁၃၇	၄၅၀၅	၅၄၆၅	၄၉၇၉	၄၁၇၃
	တရားမ	၁၆၈၉	၄၃၅၅	၅၄၇၂	၆၈၇၃	၆၁၀၀
	စုစုပေါင်း	**၃၈၂၆**	**၈၈၆၀**	**၁၀၉၃၇**	**၁၁၈၅၂**	**၁၀၂၇၃**
ပြီးပြတ်	ရာဇဝတ်	၃၉၃၅	၄၆၆၂	၅၄၇၉	၅၀၀၄	၄၆၃၅
	တရားမ	၃၈၇၅	၅၀၃၂	၅၈၀၀	၆၅၀၀	၆၆၁၂
	စုစုပေါင်း	**၇၈၁၀**	**၉၆၉၄**	**၁၁၂၇၉**	**၁၁၅၀၄**	**၁၁၂၄၇**
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၁၈၄%	၁၀၃%	၁၀၀%	၁၀၁%	၁၁၁%
	တရားမ	၂၂၉%	၁၁၆%	၁၀၆%	၉၅%	၁၀၈%
	စုစုပေါင်း	**၂၀၄%**	**၁၀၉%**	**၁၀၃%**	**၉၇%**	**၁၀၉%**



ပုံ (၂) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုအမျိုးအစားအရ နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားလွှတ်တော်များ၏ ရာဇဝတ်မှုများနှင့် တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား (၃)** တွင် ဖော်ပြထား

ပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အမှုပြီးပြတ်မှုနှုန်းမှာ ရာဇဝတ်မှုများတွင် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်သည် အမှုပြီးပြတ်နှုန်းအမြင့်ဆုံးဖြစ်ပြီး တရားမမှုများတွင် ကရင်ပြည်နယ်တရားလွှတ်တော်သည် အမှုပြီးပြတ်မှုနှုန်းအမြင့်ဆုံး ဖြစ်ပါသည်။

ဇယား (၃) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားလွှတ်တော်များ၏ ၂၀၂၅ ခုနှစ်အတွင်း စုစုပေါင်း အမှုပြီးပြတ်မှုနှုန်း

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
		စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
၁	ကချင်	၁၃၇	၁၉၉	၁၂၅	၁၃၀	၁၄၅%	၁၀၄%
၂	ကယား	၁၂	၁၆	၀	၁*	၁၃၃%	၀%
၃	ကရင်	၁၅၉	၁၈၇	၈၇	၁၁၀	၁၁၈%	၁၂၆%
၄	ချင်း	၁	၁	၁	၀	၁၀၀%	၀%
၅	စစ်ကိုင်း	၂၃၄	၃၄၂	၁၉၅	၂၁၅	၁၄၆%	၁၁၀%
၆	တနင်္သာရီ	၁၂၂	၁၂၄	၈၈	၈၄	၁၀၂%	၉၅%
၇	ပဲခူး	၃၇၇	၄၀၅	၆၀၄	၇၃၁	၁၀၇%	၁၂၁%
၈	မကွေး	၂၀၇	၂၁၂	၃၁၉	၃၃၀	၁၀၂%	၁၀၃%
၉	မန္တလေး	၉၂၀	၁၀၆၈	၁၃၄၀	၁၅၉၀	၁၁၆%	၁၁၉%
၁၀	မွန်	၂၁၄	၂၁၈	၃၇၂	၃၉၄	၁၀၂%	၁၀၆%
၁၁	ရခိုင်	၂၁	၁၅	၅	၃	၇၁%	၆၀%
၁၂	ရန်ကုန်	၈၈၅	၉၉၃	၂၂၁၆	၂၂၂၃	၁၁၂%	၁၀၀%
၁၃	ရှမ်း	၃၅၅	၃၂၃	၃၁၉	၃၅၁	၉၁%	၁၁၀%
၁၄	ဧရာဝတီ	၅၂၉	၅၃၂	၄၂၉	၄၅၀	၁၀၁%	၁၀၅%

*ကယားပြည်နယ်တွင် ၂၀၂၅ ခုနှစ်အတွင်း တရားမမှု စွဲတင်ခြင်းမရှိသော်လည်း ယခင်နှစ် အမှုလက်ကျန်အနက်မှ ၁ မှု ပြီးပြတ်ခြင်း ဖြစ်ပါသည်။



ပုံ (၃) တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တရားလွှတ်တော်များ၏ ၂၀၂၅ ခုနှစ်အတွင်း အမှုပြီးပြတ်မှုနှုန်း နိုင်းယှဉ်ချက်

ခရိုင်အဆင့်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

ခရိုင်အဆင့်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား(၄)** တွင် ဖော်ပြထားပါသည်။ ၂၀၂၅ ခုနှစ်တွင် ခရိုင်အဆင့်တရားရုံးများသို့ စွဲဆိုသည့်အမှုပေါင်း ၃၁၀၂၈ မှုရှိပြီး ပြီးပြတ်မှုသည် ၃၃၈၀၁ မှုဖြစ်ပါသည်။ မှုခင်းအားလုံး၏ပြီးပြတ်မှုသည် ယခင်နှစ်အောက် ၁၀% လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။

ဇယား (၄) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
စွဲဆို	ရာဇဝတ်	၁၂၉၂၁	၂၈၂၇၂	၂၂၄၆၁	၁၇၅၁၈	၁၇၁၃၂
	တရားမ	၇၂၄၃	၂၇၄၂၈	၁၅၆၀၉	၁၃၃၁၉	၁၃၈၉၆
	စုစုပေါင်း	**၂၀၁၆၄**	**၅၁၇၀၀**	**၃၈၀၇၀**	**၃၀၈၃၇**	**၃၁၀၂၈**
ပြီးပြတ်	ရာဇဝတ်	၁၃၅၄၅	၂၉၃၂၁	၂၆၃၄၄	၁၈၇၅၉	၁၇၆၅၇
	တရားမ	၆၃၅၀	၂၇၈၆၆	၁၈၂၉၉	၁၈၀၂၆	၁၆၁၄၄

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
	စုစုပေါင်း	၁၉၈၉၅	၅၇၁၈၇	၄၄၆၄၃	၃၆၇၈၅	၃၃၈၀၁
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၁၀၅%	၁၀၄%	၁၁၇%	၁၀၇%	၁၀၃%
	တရားမ	၈၈%	၁၀၂%	၁၁၇%	၁၃၅%	၁၁၆%
	စုစုပေါင်း	၉၉%	၁၀၃%	၁၁၇%	၁၁၉%	၁၀၉%

ပုံ (၄) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ခရိုင်အဆင့်တရားရုံးများအလိုက် ရာဇဝတ်မှုများနှင့် တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား (၅)** တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ခရိုင်အဆင့်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းကိုကြည့်လျှင် ရာဇဝတ်မှုများတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အဆင့် တရားရုံးများသည် အမှုပြီးပြတ်နှုန်းအမြင့်ဆုံးဖြစ်ပြီး တရားမမှုများတွင် ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်အဆင့်တရားရုံးများသည် အမှုပြီးပြတ်မှုနှုန်း အမြင့်ဆုံးဖြစ်ပါသည်။

ဇယား(၅) ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ခရိုင်အဆင့်တရားရုံးများ၏ စုစုပေါင်းအမှုပြီးပြတ်မှုနှုန်း

တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
	စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
ကချင်	၅၇၆	၅၃၀	၁၅၅	၂၅၂	၉၂%	၁၆၃%
ကယား	၂၄၈	၂၅၄	၄၃	၆၈	၁၀၂%	၁၅၈%
ကရင်	၃၈၂	၄၂၇	၁၃၂	၁၆၂	၁၁၂%	၁၂၃%
ချင်း	၂၂	၂၀	၉	၈	၉၁%	၈၉%
စစ်ကိုင်း	၁၀၃၄	၁၁၆၃	၂၉၁	၃၉၈	၁၁၂%	၁၃၇%
တနင်္သာရီ	၆၆၇	၆၇၃	၁၅၄	၂၁၂	၁၀၁%	၁၃၈%
ပဲခူး	၁၂၈၅	၁၄၀၀	၁၁၈၄	၁၃၇၄	၁၀၉%	၁၁၆%
မကွေး	၁၁၇၀	၁၁၉၀	၆၄၈	၇၀၀	၁၀၂%	၁၀၈%
မန္တလေး	၃၂၄၆	၃၅၅၆	၄၁၁၂	၄၆၆၀	၁၁၀%	၁၁၃%
မွန်	၉၇၉	၉၉၈	၅၃၈	၆၅၃	၁၀၂%	၁၂၁%
ရခိုင်	၁၇၇	၁၉၀	၁၀	၂၂	၁၀၇%	၂၂၀%
ရန်ကုန်	၃၄၄၃	၃၃၅၇	၄၉၃၀	၅၇၆၆	၉၈%	၁၁၇%
ရှမ်း	၂၃၁၁	၂၂၃၁	၆၀၂	၇၁၇	၉၇%	၁၁၉%
ဧရာဝတီ	၁၅၉၂	၁၆၆၈	၁၀၈၈	၁၁၅၂	၁၀၅%	၁၀၆%



ပုံ (၅) ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ခရိုင်အဆင့်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား (၆)** တွင် ဖော်ပြထားပါသည်။ ၂၀၂၅ ခုနှစ်တွင် မြို့နယ်တရားရုံးများသို့ စွဲဆိုသည့်အမှုပေါင်း ၁၈၄၇၀၁ မှုတွင် ပြီးပြတ်မှုသည် ၁၉၀၀၂၁ မှုဖြစ်ပြီး အမှုပြီးပြတ်နှုန်းမှာ ၁၀၃ % ဖြစ်၍ ယခင်နှစ် နှင့် ရာခိုင်နှုန်းတူညီပြီး တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းလျာထား သတ်မှတ်ချက် ကျော်လွန်အောင် စစ်ဆေးစီရင်နိုင်သည်ကို တွေ့ရှိရပါသည်။

ဇယား(၆) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၂၁	၂၀၂၂*	၂၀၂၃*	၂၀၂၄*	၂၀၂၅
စွဲဆို	ရာဇဝတ်	၁၁၅၇၉၈	၁၆၉၄၂၁	၂၂၄၂၆၅	၂၀၅၅၄၃	၁၇၁၀၄၂
	တရားမ	၁၃၀၁၉	၁၉၅၁၄	၁၆၂၂၀	၁၅၁၃၂	၁၃၆၅၉
	စုစုပေါင်း	**၁၂၈၈၁၇**	**၁၈၈၉၃၅**	**၂၄၀၄၈၅**	**၂၂၀၆၇၅**	**၁၈၄၇၀၁**
ပြီးပြတ်	ရာဇဝတ်	၁၃၅၈၄၄	၁၈၉၉၁၀	၂၃၇၅၈၆	၂၀၉၁၈၆	၁၇၄၃၂၅
	တရားမ	၁၄၅၃၁	၂၅၇၁၄	၂၂၇၁၄	၁၈၂၃၃	၁၅၆၉၆
	စုစုပေါင်း	**၁၅၀၃၇၅**	**၂၁၅၆၂၄**	**၂၆၀၃၀၀**	**၂၂၇၄၁၉**	**၁၉၀၀၂၁**
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၁၁၇%	၁၁၂%	၁၀၆%	၁၀၂%	၁၀၂%
	တရားမ	၁၁၂%	၁၃၂%	၁၄၀%	၁၂၀%	၁၁၅%
	စုစုပေါင်း	**၁၁၇%**	**၁၁၄%**	**၁၀၈%**	**၁၀၃%**	**၁၀၃%**

မြို့နယ်တရားရုံးများ၏ ရာဇဝတ်မှုစွဲဆို/ ပြီးပြတ်မှုများတွင် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ ပါဝင်ခြင်းမရှိပါ။ အဆိုပါတရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းကို ဇယား (၈) တွင် သီးခြားဖော်ပြထားပါသည်။



ပုံ (၆) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ မြို့နယ်တရားရုံးများအလိုက် ရာဇဝတ်မှုများနှင့်တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား(၇)** တွင် ဖော်ပြထားပါသည်။ ရာဇဝတ်မှုများတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများသည် ပြီးပြတ်မှုရာခိုင်နှုန်းအမြင့်ဆုံး ဖြစ်ပြီး၊ တရားမမှုပြီးပြတ်မှုတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများသည် ရာခိုင်နှုန်းအမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၇) ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မြို့နယ်တရားရုံးများ၏ စုစုပေါင်းအမှုပြီးပြတ်မှုနှုန်း

တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
	စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
ကချင်	၂၁၄၁	၂၂၃၄	၁၇၃	၂၁၀	၁၀၄%	၁၂၁%
ကယား	၆၇၅	၇၀၆	၃၄	၆၀	၁၀၅%	၁၇၆%
ကရင်	၆၁၅၂	၆၁၄၉	၆၀	၇၃	၁၀၀%	၁၂၂%
ချင်း	၂၃၈	၂၃၇	၀	၀	၁၀၀%	၀%
စစ်ကိုင်း	၅၆၃၉	၅၈၉၇	၁၅၁	၃၈၈	၁၀၅%	၂၅၇%
တနင်္သာရီ	၅၄၃၉	၅၄၆၁	၁၅၁	၁၇၂	၁၀၀%	၁၁၄%
ပဲခူး	၂၉၅၀၂	၃၀၀၄၄	၁၇၈၁	၂၄၃၃	၁၀၂%	၁၃၇%

တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
	စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
မကွေး	၆၁၄၁	၆၅၁၆	၁၀၇၆	၁၂၁၆	၁၀၆%	၁၁၃%
မန္တလေး	၁၉၃၅၅	၂၀၁၁၈	၃၃၉၄	၃၇၅၅	၁၀၄%	၁၁၁%
မွန်	၁၄၉၂၇	၁၄၉၉၁	၅၂၆	၅၇၆	၁၀၀%	၁၁၀%
ရခိုင်	၁၀၂၅	၁၅၂၉	၂၄	၆၀	၁၄၉%	၂၅၀%
ရန်ကုန်	၂၉၁၆၄	၂၉၇၆၁	၃၃၇၃	၃၅၂၀	၁၀၂%	၁၀၄%
ရှမ်း	၁၁၄၈၆	၁၁၂၄၈	၅၈၄	၅၆၅	၉၈%	၉၇%
ဧရာဝတီ	၃၉၁၅၈	၃၉၄၃၄	၂၃၃၂	၂၆၆၈	၁၀၁%	၁၁၄%



ပုံ (၇) ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မြို့နယ်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်းကို **ဇယား (၈)** တွင် ဖော်ပြထားပါသည်။ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် မော်တော်ယာဉ်တရားရုံးများသည် ၁၀၀% ဖြစ်ပြီး စည်ပင်သာယာတရားရုံးများသည် ၁၀၂%နှင့် ကလေးသူငယ်တရားရုံးများ၏ စုစုပေါင်းအမှု ပြီးပြတ်မှုနှုန်းသည် ၁၀၇% ဖြစ်ပါသည်။

ဇယား(၈) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
စွဲတင်	မော်တော်ယာဉ်တရားရုံး	၂၉၃၇၉	၄၅၅၄၇	၈၅၆၃၆	၁၀၃၂၀၇	၉၇၇၈၈
	စည်ပင်သာယာတရားရုံး	၁၇၉၀	၅၆၄၂	၆၃၀၈	၅၃၅၇	၄၇၅၅
	ကလေးသူငယ်တရားရုံး	၂၉၀	၃၈၅	၄၅၇	၃၄၇	၂၂၃
	စုစုပေါင်း	**၃၁၄၅၅**	**၅၁၈၈၇**	**၉၀၅၀၁**	**၁၀၈၉၁၁**	**၁၀၂၇၆၆**
ပြီးပြတ်	မော်တော်ယာဉ်တရားရုံး	၂၉၃၇၉	၄၅၅၄၇	၈၅၆၃၆	၁၀၃၂၀၇	၉၇၇၈၈
	စည်ပင်သာယာတရားရုံး	၁၈၅၉	၆၁၀၅	၄၃၄၉	၅၃၁၈	၄၈၃၂
	ကလေးသူငယ်တရားရုံး	၃၈၈	၃၉၅	၄၈၀	၃၄၉	၂၃၈
	စုစုပေါင်း	**၃၁၆၂၆**	**၅၂၁၁၇**	**၉၀၄၆၅**	**၁၀၈၈၇၄**	**၁၀၂၈၅၈**
အမှုပြီးပြတ်နှုန်း	မော်တော်ယာဉ်တရားရုံး	၁၀၀%	၁၀၀%	၁၀၀%	၁၀၀%	၁၀၀%
	စည်ပင်သာယာတရားရုံး	၁၀၄%	၁၀၄%	၉၉%	၉၉%	၁၀၂%
	ကလေးသူငယ်တရားရုံး	၁၃၄%	၁၀၃%	၁၀၅%	၁၀၁%	၁၀၇%
	စုစုပေါင်း	**၁၀၀%**	**၁၀၀%**	**၁၀၀%**	**၁၀၀%**	**၁၀၀%**



ပုံ (၈) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

၃.၃ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း

ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းသည် တရားရုံးများ၏ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်မှုစွမ်းရည်ကို တိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးကဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်နှင့် ကြာမြင့်သည့်ကာလအလိုက် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ (၁၂) လအထက်ကြာမြင့်သည့် ရာဇဝတ်မှုနှင့် (၃၆)လအထက်ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရာဇဝတ်နှင့်တရားမဆိုင်ရာအယူခံမှုများ၊ ပြင်ဆင်မှုများ၊ အထွေထွေလျှောက်ထားမှုများ၊ စာချုပ်တော်လျှောက်ထားမှုတို့ကို စစ်ဆေးပါသည်။ **ဇယား (၉) နှင့် (၁၀)** တို့တွင် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၅ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ ၆၂% သည် (၃)လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၃၁% သည် (၃)လမှ (၆)လ အတွင်း၊ ၆% သည် (၆) လမှ (၁၂) လအတွင်း၊ ၁% သည် (၁၂) လအထက် ကြာမြင့်ခဲ့သည့် အမှုများဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၉)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စစ်ဆေးပြီးပြတ်ခဲ့သည့် ရာဇဝတ်မှုများအနက် ယခင်နှစ်က (၁၂) လအထက် ကြာမြင့်သည့်အမှု ၁% ရှိပြီး ယခုနှစ်တွင် ၁% ရှိသဖြင့် ကြန့်ကြာ မှုခင်းများ၌ ရာခိုင်နှုန်းများတူညီနေကြောင်း တွေ့ရှိရပါသည်။

ဇယား (၉) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လအောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ လ အထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၃၁၈	၁၆၂	၃၅၂	၂၁၉	၁၀၅၁
	ရာခိုင်နှုန်း	၃၀%	၁၅%	၃၃%	၂၁%	၁၀၀%
၂၀၂၂	အရေအတွက်	၅၃၄	၂၉၉	၇၇	၂၆	၉၃၆

ခုနှစ်		၃ လအောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ လ အထက်	စုစုပေါင်း
	ရာခိုင်နှုန်း	၅၇%	၃၂%	၈%	၃%	၁၀၀%
၂၀၂၃	အရေအတွက်	၈၃၈	၃၅၃	၁၈၉	၄၃	၁၄၂၅
	ရာခိုင်နှုန်း	၅၉%	၂၅%	၁၃%	၃%	၁၀၀%
၂၀၂၄	အရေအတွက်	၈၂၅	၅၀၈	၁၀၃	၁၅	၁၅၂၁
	ရာခိုင်နှုန်း	၅၄%	၃၈%	၇%	၁%	၁၀၀%
၂၀၂၅	အရေအတွက်	၈၃၈	၄၁၄	၈၁	၂၀	၁၃၅၃
	ရာခိုင်နှုန်း	၆၂%	၃၁%	၆%	၁%	၁၀၀%



ပုံ(၉) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်း နိုင်းယှဉ်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၅ ခုနှစ်အတွင်း ဆုံးဖြတ်ပြီး တရားမမှုများ၏ ၆၈% သည် (၃) လအောက် ကြာမြင့်ခဲ့သည့် အမှုများဖြစ်ပြီး၊ ၂၆% သည် (၃) လမှ (၆) လအတွင်း၊ ၅% သည် (၆) လမှ (၁၂) လ အတွင်း၊ ၁% သည် (၁၂) လအထက် ကြာမြင့်ခဲ့သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၀)** တွင် ဖော်ပြထားပါသည်။

ယင်းဇယား အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စစ်ဆေးပြီးပြတ်ခဲ့သည့် တရားမမှုများအနက် ယခင်နှစ်က (၁၂) လအထက်ကြာမြင့်သည့်အမှု ၃% ရှိခဲ့သော်လည်း ယခုနှစ်တွင် ၁% သာ ရှိသဖြင့် ကြန့်ကြာတရားမမှုများမရှိသည်ကို တွေ့ရှိရပါသည်။ ရာဇဝတ်မှုနှင့်တရားမမှုများကို သက်တမ်းတိုအတွင်း ဆုံးဖြတ်နိုင်သည့် ရာခိုင်နှုန်းများသဖြင့် ရလဒ်ကောင်းမွန်ကြောင်း တွေ့မြင်နိုင်ပါသည်။

ဧယား (၁၀) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးတရားမမှုများသက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လအောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ လ အထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၁၇၈	၄၇၇	၂၈၆	၅၅၆	၁၄၉၇
	ရာခိုင်နှုန်း	၁၂%	၃၂%	၁၉%	၃၇%	၁၀၀%
၂၀၂၂	အရေအတွက်	၅	၉၁၄	၆၄၉	၄၂၉	၁၉၉၇
	ရာခိုင်နှုန်း	၀%	၄၆%	၃၂%	၂၁%	၁၀၀%
၂၀၂၃	အရေအတွက်	၇၆၇	၃၁၁	၈၉၉	၁၉၀	၂၁၆၇
	ရာခိုင်နှုန်း	၃၅%	၁၄%	၄၁%	၉%	၁၀၀%
၂၀၂၄	အရေအတွက်	၁၈၁၈	၁၀၁၇	၃၄၉	၁၁၁	၃၂၉၅
	ရာခိုင်နှုန်း	၅၅%	၃၁%	၁၁%	၃%	၁၀၀%
၂၀၂၅	အရေအတွက်	၂၁၂၄	၈၁၆	၁၄၉	၂၂	၃၁၁၁
	ရာခိုင်နှုန်း	၆၈%	၂၆%	၅%	၁%	၁၀၀%



ပုံ (၁၀) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်းနှိုင်းယှဉ်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၅ခုနှစ်အတွင်း စာချွန်တော်အမှုများ ဆုံးဖြတ်ခြင်းမရှိပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၁-၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် (၁/၂၀၂၁) ဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကို တစ်နှစ်သတ်မှတ် ကြေညာထားသည့်ကာလ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၃၁-

၁-၂၀၂၂ ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၂၂)၊ ၃၁-၇-၂၀၂၂ ရက်စွဲပါ ကြေညာချက်အမှတ် (၂/၂၀၂၂)၊ ၁-၂-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၂၃)၊ ၃၁-၇-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၂/၂၀၂၃)၊ ၃၁-၁-၂၀၂၄ ရက်နေ့တွင် ကျင်းပသော အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၄)၊ ၃၁-၇-၂၀၂၄ ရက်နေ့တွင် ကျင်းပသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄) တို့၏ ဆုံးဖြတ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၅ နှင့်အညီ နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ်အခြေအနေကို ခြောက်လစီ သက်တမ်းတိုးမြှင့်ကြောင်းကြေညာထားသည့် ကာလ၊ သတ်မှတ်သည့်ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၆(ခ)၊ စာချုန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေပုဒ်မ ၃(ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆(ခ)တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချုန်တော်လျှောက်ထားမှုများနှင့် ကြားနာမှုများအား ရပ်ဆိုင်းထားပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ၏ ၃၁-၇-၂၀၂၅ ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်အမှတ် ၁/၂၀၂၅ နှင့် ၃၁-၁၀-၂၀၂၅ ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်အမှတ် ၃/၂၀၂၅ တို့အရ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များရှိ မြို့နယ်ပေါင်း ၆၃ မြို့နယ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂(က)နှင့်အညီ အရေးပေါ် အခြေအနေကို ရက်ပေါင်း ၉၀အထိ အတည်ဖြစ်ကြောင်း ကြေညာထားပါသည်။

နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာထားသည့်ကာလများတွင် အထက်ပါ မြို့နယ်ပေါင်း ၆၃ မြို့နယ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၆(ခ)၊ စာချုန်တော် အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ၃(ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆(ခ)တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချုန်တော် လျှောက်ထားမှုများနှင့် ကြားနာမှုများအား ရပ်ဆိုင်းထားပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များသည် ရာဇဝတ်နှင့်တရားမဆိုင်ရာ မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေမှုများကို စစ်ဆေးပါသည်။ **ဇယား (၁၁)**နှင့် **(၁၂)** တို့တွင် ၂၀၂၁ ခုနှစ် မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်

များ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက် နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၅ ခုနှစ်အတွင်း ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ ၄၈% သည် (၃) လအောက်ကြာမြင့်ခဲ့သည့် အမှုများဖြစ်ပြီး ၂၂% သည် (၃) လမှ (၆)လအတွင်း၊ ၁၆% သည် (၆) လမှ (၁၂) လအတွင်းနှင့် ၁၄% သည် (၁၂) လ အထက် ကြာမြင့်ခဲ့သည့်အမှုများဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၁)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် စစ်ဆေးပြီးပြတ်ခဲ့သည့် ရာဇဝတ်မှုများအနက် (၁၂) လအထက် ကြာမြင့်သည့်အမှုများသည် ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၁၄% ရှိခဲ့ပြီး ယခုနှစ်တွင် ၁၄% ရှိသဖြင့် ယခင်နှစ်နှင့် စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်း တူညီသည်ကို တွေ့ရှိရပါသည်။

ဇယား (၁၁) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း အလိုက်အမှုအရေအတွက်

ခုနှစ်		၃ လအောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ လအထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၈၁၈	၁၁၀၄	၁၀၇၉	၉၃၄	၃၉၃၅
	ရာခိုင်နှုန်း	၂၁%	၂၈%	၂၇%	၂၄%	၁၀၀%
၂၀၂၂	အရေအတွက်	၂၀၀၀	၁၀၅၅	၇၁၈	၈၈၉	၄၆၆၂
	ရာခိုင်နှုန်း	၄၃%	၂၃%	၁၅%	၁၉%	၁၀၀%
၂၀၂၃	အရေအတွက်	၂၉၉၆	၁၂၉၈	၆၂၉	၅၄၉	၅၄၇၂
	ရာခိုင်နှုန်း	၅၅%	၂၄%	၁၁%	၁၀%	၁၀၀%
၂၀၂၄	အရေအတွက်	၂၃၁၇	၁၂၃၉	၇၅၀	၆၉၈	၅၀၀၄
	ရာခိုင်နှုန်း	၄၆%	၂၅%	၁၅%	၁၄%	၁၀၀%

ခုနှစ်		၃ လအောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ လအထက်	စုစုပေါင်း
၂၀၂၅	အရေအတွက်	၂၂၂၇	၁၀၁၅	၇၂၃	၆၇၀	၄၆၃၅
	ရာခိုင်နှုန်း	၄၈%	၂၂%	၁၆%	၁၄%	၁၀၀%



ပုံ (၁၁) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၅ ခုနှစ်အတွင်း ဆုံးဖြတ်ပြီး တရားမမှုများ၏ ၃၁% သည် (၃) လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၅% သည် (၃) လမှ (၆) လအတွင်း၊ ၁၇% သည် (၆) လမှ (၁၂) လအတွင်း၊ ၂၅% သည် (၁၂) လမှ (၃၆) လအတွင်းနှင့် ၂% သည် (၃၆) လအထက် ကြာမြင့်ခဲ့သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၂)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် စစ်ဆေးပြီးပြတ်သည့် တရားမမှုများအနက် (၃၆) လအထက်ကြာမြင့်သည့်အမှုများသည် ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၄% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၂% သာရှိသဖြင့် ကြန့်ကြာတရားမမှုများ သိသာစွာ လျော့ကျခဲ့သည်ကို တွေ့ရှိရပါသည်။

ဇယား (၁၂) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးတရားမမှုများ သက်တမ်းအလိုက်အမှုအရေအတွက်

ခုနှစ်		၃ လ အောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ - ၃၆ လ	၃၆ လ အထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၃၉၅	၆၉၂	၁၂၃၃	၁၁၉၃	၃၆၂	၃၈၇၅
	ရာခိုင်နှုန်း	၁၀%	၁၈%	၃၂%	၃၁%	၉%	၁၀၀%
၂၀၂၂	အရေအတွက်	၁၂၈၇	၁၁၃၈	၁၁၁၁	၁၂၅၃	၂၄၃	၅၀၃၂
	ရာခိုင်နှုန်း	၂၆%	၂၃%	၂၂%	၂၅%	၅%	၁၀၀%
၂၀၂၃	အရေအတွက်	၁၁၁၂	၁၀၁၆	၁၃၈၀	၁၃၉၂	၈၉၆	၅၇၉၆
	ရာခိုင်နှုန်း	၁၉%	၁၈%	၂၄%	၂၄%	၁၅%	၁၀၀%
၂၀၂၄	အရေအတွက်	၂၂၃၃	၁၃၆၀	၁၄၄၉	၁၂၃၂	၂၂၆	၆၅၀၀
	ရာခိုင်နှုန်း	၃၄%	၂၁%	၂၂%	၁၉%	၄%	၁၀၀%
၂၀၂၅	အရေအတွက်	၂၀၅၇	၁၆၈၂	၁၁၂၂	၁၆၃၉	၁၁၂	၆၆၁၂
	ရာခိုင်နှုန်း	၃၁%	၂၅%	၁၇%	၂၅%	၂%	၁၀၀%



ပုံ (၁၂) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

ခရိုင်အဆင့်တရားရုံးများသည် ရာဇဝတ်နှင့်တရားမဆိုင်ရာ မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေမှုများကို စစ်ဆေးပါသည်။ **ဇယား (၁၃)**နှင့် **(၁၄)** တို့တွင် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ခရိုင်အဆင့်တရားရုံးများတွင် ၂၀၂၅ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ ၇၀% သည် (၃) လအောက် ကြာမြင့်ခဲ့သည့်အမှုများဖြစ်ပြီး ၁၉% သည် (၃) လမှ (၆) လအတွင်း၊ ၈% သည် (၆) လမှ (၁၂) လအတွင်းနှင့် ၃% သည် (၁၂) လအထက် ကြာမြင့်ခဲ့သည့်အမှုများဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၁၃)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ခရိုင်အဆင့်တရားရုံးများတွင် စစ်ဆေးပြီးပြတ်သည့် ရာဇဝတ်မှုများအနက် (၁၂) လအထက် ကြာမြင့်သည့် ရာဇဝတ်မှုများသည် ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၄% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၃% သာ ရှိသဖြင့် ကြန့်ကြာရာဇဝတ်မှုများ လျော့ကျခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၃) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လ အောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ လအထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၃၈၆၁	၃၂၄၆	၃၄၀၈	၃၀၃၀	၁၃၅၄၅
	ရာခိုင်နှုန်း	၂၉%	၂၄%	၂၅%	၂၂%	၁၀၀%
၂၀၂၂	အရေအတွက်	၁၀၅၉၉	၆၀၄၅	၆၁၂၅	၅၃၀၃	၂၈၀၇၂
	ရာခိုင်နှုန်း	၃၈%	၂၂%	၂၂%	၁၉%	၁၀၀%
၂၀၂၃	အရေအတွက်	၁၂၉၈၄	၆၃၀၃	၄၃၄၆	၂၄၁၀	၂၆၀၄၃
	ရာခိုင်နှုန်း	၅၀%	၂၄%	၁၇%	၉%	၁၀၀%
၂၀၂၄	အရေအတွက်	၁၂၄၅၆	၃၄၄၉	၂၀၉၈	၇၅၆	၁၈၇၅၉

ခုနှစ်		၃ လ အောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ လအထက်	စုစုပေါင်း
	ရာခိုင်နှုန်း	၆၆%	၁၉%	၁၁%	၄%	၁၀၀%
၂၀၂၅	အရေအတွက်	၁၂၂၇၉	၃၃၀၉	၁၄၈၅	၅၆၆	၁၇၆၅၇
	ရာခိုင်နှုန်း	၇၀%	၁၉%	၈%	၃%	၁၀၀%



ပုံ (၁၃) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်းနှိုင်းယှဉ်ချက်

ခရိုင်အဆင့်တရားရုံးများတွင် ၂၀၂၅ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးတရားမမှုများ၏ ၁၀% သည် (၃) လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၃၆% သည် (၃) လမှ (၆) လအတွင်း၊ ၁၇% သည် (၆) လမှ (၁၂) လအတွင်း၊ ၂၄% သည် (၁၂) လမှ (၃၆) လအတွင်းနှင့် ၁၃% သည် (၃၆) လအထက် ကြာမြင့်ခဲ့သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၄)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ခရိုင်အဆင့်တရားရုံးများတွင် စစ်ဆေးဆုံးဖြတ်ခဲ့သည့် တရားမမှုများအနက် (၃၆) လ အထက် ကြန့်ကြာခဲ့သည့်အမှုများမှာ ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၁၇% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၁၃% ရှိသဖြင့် ကြန့်ကြာ တရားမမှုများ လျော့ကျအောင် စစ်ဆေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၄) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လ အောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ - ၂၄ လ	၂၄ လ အထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၅၆၂	၁၃၀၆	၁၄၄၂	၂၁၉၈	၈၄၂	၆၃၅၀
	ရာခိုင်နှုန်း	၉%	၂၁%	၂၃%	၃၅%	၁၃%	၁၀၀%
၂၀၂၂	အရေအတွက်	၁၇၃၀	၅၁၁၆	၆၃၂၈	၆၆၀၁	၂၀၆၅	၂၀၆၀၀
	ရာခိုင်နှုန်း	၉%	၂၅%	၃၁%	၃၂%	၁၀%	၁၀၀%
၂၀၂၃	အရေအတွက်	၁၆၁၈	၅၂၂၆	၆၂၂၄	၆၄၁၃	၂၀၄၆	၁၈၀၂၆
	ရာခိုင်နှုန်း	၉%	၂၃%	၃၅%	၃၆%	၁၁%	၁၀၀%
၂၀၂၄	အရေအတွက်	၁၆၅၆	၅၆၆၉	၆၆၆၁	၆၆၄၃	၂၀၁၂	၁၈၀၂၆
	ရာခိုင်နှုန်း	၉%	၂၃%	၃၆%	၃၆%	၁၁%	၁၀၀%
၂၀၂၅	အရေအတွက်	၁၆၅၈	၅၂၂၆	၆၂၂၄	၆၄၁၃	၂၀၄၆	၁၈၀၂၆
	ရာခိုင်နှုန်း	၉%	၂၃%	၃၅%	၃၆%	၁၁%	၁၀၀%

(၁၄) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်းနှိုင်းယှဉ်ချက်

မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

မြို့နယ်တရားရုံးများသည် ရာဇဝတ်နှင့်တရားမဆိုင်ရာ မူလမှုများကို စစ်ဆေးပါသည်။ **ဇယား (၁၅)**နှင့် **(၁၆)** တို့တွင် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက် နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

မြို့နယ်တရားရုံးများတွင် ၂၀၂၅ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ ၆၇% သည် နေ့ချင်းပြီး အမှုများဖြစ်ပြီး ၂၀% သည် (၃) လအောက်၊ ၆% သည် (၃) လမှ (၆) လ အတွင်း၊ ၄% သည် (၆) လမှ (၁၂) လအတွင်းနှင့် ၃% သည် (၁၂) လအထက် ကြာမြင့်ခဲ့သည့် အမှုများဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၁၅)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် စစ်ဆေးဆုံးဖြတ်ခဲ့သည့် ရာဇဝတ်မှုများအနက် (၁၂) လအထက် ကြန့်ကြာခဲ့သည့်အမှုများမှာ ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီး အမှုများ၏ ၃% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း ဆုံးဖြတ်ပြီးအမှုများ၏ ၃% ရှိသဖြင့် ကြန့်ကြာ ရာဇဝတ်မှုများ ရာခိုင်နှုန်းများတူညီကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၅) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		နေ့ချင်း	၃ လ အောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ လ အထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၅၁၂၉၃	၂၂၅၈၉	၁၄၅၉၈	၂၃၅၆၀	၂၃၈၀၄	၁၃၅၈၄၄
	ရာခိုင်နှုန်း	၃၈%	၁၇%	၁၁%	၁၇%	၁၈%	၁၀၀%
၂၀၂၂	အရေအတွက်	၁၄၈၉၉၈	၃၄၇၈၀	၁၇၄၇၁	၁၈၁၈၈	၂၂၅၉၀	၂၄၂၀၂၇
	ရာခိုင်နှုန်း	၆၂%	၁၄%	၇%	၈%	၉%	၁၀၀%
၂၀၂၃	အရေအတွက်	၂၄၇၆၉၈	၃၉၂၈၃	၁၃၀၀၁	၁၁၈၉၄	၁၆၀၄၆	၃၂၇၉၂၂
	ရာခိုင်နှုန်း	၇၆%	၁၂%	၄%	၄%	၅%	၁၀၀%
၂၀၂၄	အရေအတွက်	၁၅၀၃၃၉	၃၂၇၅၈	၁၀၉၇၅	၈၄၀၄	၆၇၁၀	၂၀၉၁၈၆
	ရာခိုင်နှုန်း	၇၂%	၁၆%	၅%	၄%	၃%	၁၀၀%
၂၀၂၅	အရေအတွက်	၁၁၆၇၄၁	၃၄၁၆၇	၁၀၀၅၃	၇၇၇၂	၅၅၉၂	၁၇၄၃၂၅
	ရာခိုင်နှုန်း	၆၇%	၂၀%	၆%	၄%	၃%	၁၀၀%



ပုံ (၁၅) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်းနှိုင်းယှဉ်ချက်

မြို့နယ်တရားရုံးများတွင် ၂၀၂၅ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးတရားမမှုများ၏ ၄၅% သည် (၆) လအောက် ကြာမြင့်ခဲ့သည့်အမှုများဖြစ်ပြီး ၂၅% သည် (၆) လမှ (၁၂) လအတွင်း၊ ၂၂% သည် (၁၂) လမှ (၃၆) လအတွင်းနှင့် ၈% သည် (၃၆) လအထက် ကြာမြင့်သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၆)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် စစ်ဆေးဆုံးဖြတ်ခဲ့သည့် တရားမမှုများအနက် (၃၆) လအထက် ကြန့်ကြာခဲ့သည့် အမှုများမှာ ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီး အမှုများ၏ ၁၀% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း ဆုံးဖြတ်ပြီးအမှုများ၏ ၈% သာ ရှိသဖြင့် ကြန့်ကြာတရားမမှုများ လျော့ချနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၆) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၆ လအောက်	၆ - ၁၂ လ	၁၂ - ၃၆ လ	၃၆ လအထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၄၆၁၆	၃၆၀၁	၅၅၂၂	၁၀၉၂	၁၄၅၃၁
	ရာခိုင်နှုန်း	၃၂%	၂၅%	၃၆%	၈%	၁၀၀%
၂၀၂၂	အရေအတွက်	၅၉၅၅	၄၉၀၄	၆၃၀၃	၁၄၆၃	၁၈၂၂၅
	ရာခိုင်နှုန်း	၃၂%	၂၇%	၃၅%	၈%	၁၀၀%
၂၀၂၃	အရေအတွက်	၆၀၅၄	၅၀၈၀	၆၆၂၆	၁၆၂၂	၁၉၂၂၂
	ရာခိုင်နှုန်း	၃၂%	၂၇%	၃၅%	၉%	၁၀၀%
၂၀၂၄	အရေအတွက်	၆၂၆၅	၅၂၆၇	၆၉၁၃	၁၆၆၂	၂၀၂၂၇
	ရာခိုင်နှုန်း	၃၁%	၂၆%	၃၄%	၈%	၁၀၀%
၂၀၂၅	အရေအတွက်	၆၂၂၆	၅၂၂၆	၆၉၂၂	၁၆၂၂	၂၀၂၂၂
	ရာခိုင်နှုန်း	၃၁%	၂၆%	၃၄%	၈%	၁၀၀%



ပုံ (၁၆) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

၃.၄ စစ်ဆေးဆဲအမှုများ၏သက်တမ်း

တရားရုံးများ၏ အမှုဟောင်းနှင့် ကြန့်ကြာမှုခင်းများကို စောင့်ကြပ်ကြည့်ရှုရန်အတွက် စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို တွက်ချက်ခြင်း ဖြစ်ပါသည်။ စစ်ဆေးဆဲအမှုများ၏ သက်တမ်းမှာ ပြက္ခဒိန်နှစ်ကုန်ဆုံးချိန်တွင် ကြာမြင့်သည့်ကာလအလိုက် အမှုအရေအတွက် နှင့် စစ်ဆေးဆဲအမှုအရေအတွက်စုစုပေါင်းတို့၏အချိုး ဖြစ်ပါသည်။ (၁၂) လအထက် ကြာမြင့်သည့် ရာဇဝတ်မှုနှင့် (၃၆) လအထက် ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်း အဖြစ် သတ်မှတ်ထားပါသည်။

၂၀၂၅ ခုနှစ်အတွက် တရားရုံးများ၏ စစ်ဆေးဆဲအမှုများအနက် ကြန့်ကြာမှုခင်းများကို အောက်ပါအတိုင်း လျှော့ချနိုင်ရန် ရည်မှန်းထားပါသည်-

- ၁၂ လအထက် စစ်ဆေးဆဲ ရာဇဝတ်မှုများကို ၅% ထိ လျှော့ချရန်
- ၃၆ လအထက် စစ်ဆေးဆဲ တရားမမှုများကို ၂% ထိ လျှော့ချရန်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှုများသက်တမ်း

ဇယား (၁၇) (၁၈) (၁၉) တို့တွင် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှုများသက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၅ ခုနှစ်အတွင်း စစ်ဆေးဆဲ ရာဇဝတ်မှုများ၏ ၇၀% သည် (၃) လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၁၂% သည် (၃) လမှ (၆) လအတွင်း၊ ၈% သည် (၆) လမှ (၁၂) လအတွင်း၊ ၁၀% သည် (၁၂) လအထက် ကြာမြင့်ခဲ့သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၁၇)** တွင် ဖော်ပြထား ပါသည်။

ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ယခင်နှစ်က (၁၂) လ အထက် ကြန့်ကြာခဲ့သည့် စစ်ဆေးဆဲရာဇဝတ်မှုများသည် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၆% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း စစ်ဆေးဆဲ အမှုများ၏ ၁၀% ရှိပါသည်။ ၂၀၂၅ ခုနှစ်တွင် ၁၂ လ အထက် ကြန့်ကြာခဲ့သည့် စစ်ဆေးဆဲရာဇဝတ်မှုသည် ယခင်နှစ်များထက် ပိုမို များပြား သဖြင့် လာမည့်နှစ်တွင် လျော့နည်းစေရန် ဦးစားပေးစစ်ဆေးရမည် ဖြစ်ပါသည်။

ဇယား (၁၇) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ ရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လ အောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂- ၂၄ လ	စုစုပေါင်း
၂၀၂၁	အရေအတွက်	၁၁၀	၃၇	၂၄	၁၇	၁၈၈
	ရာခိုင်နှုန်း	၅၉%	၂၀%	၁၃%	၉%	၁၀၀%
၂၀၂၂	အရေအတွက်	၂၁၈	၈၆	၁၆	၈	၃၂၈
	ရာခိုင်နှုန်း	၆၆%	၂၆%	၅%	၂%	၁၀၀%
၂၀၂၃	အရေအတွက်	၂၆၄	၉၆	၃၈	၁၉	၄၁၇
	ရာခိုင်နှုန်း	၆၃%	၂၃%	၉%	၅%	၁၀၀%
၂၀၂၄	အရေအတွက်	၂၄၇	၅၁	၃၁	၂၀	၃၄၉
	ရာခိုင်နှုန်း	၇၁%	၁၄%	၉%	၆%	၁၀၀%
၂၀၂၅	အရေအတွက်	၂၄၇	၄၄	၂၇	၃၄	၃၅၂
	ရာခိုင်နှုန်း	၇၀%	၁၂%	၈%	၁၀%	၁၀၀%



ပုံ (၁၇) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၅ ခုနှစ်အတွင်း စစ်ဆေးဆဲ တရားမမှု များ၏ ၇၄% သည် (၃) လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၂၀% သည် (၃) လမှ (၆) လအတွင်း၊ ၅% သည် (၆) လမှ (၁၂) လအတွင်း၊ ၁% သည် (၁၂) လအထက် ကြာမြင့်သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၈)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် (၁၂) လအထက် ကြန့်ကြာ သည့် တရားမမှုများမှာ ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၂% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၁% ရှိသဖြင့် ကြန့်ကြာတရားမမှုလျော့နည်းပြီး လျာထားချက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၈) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လ အောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂- ၂၄ လ	စုစုပေါင်း
၂၀၂၁	အရေအတွက်	၂၅၄	၁၀၄	၂၈၈	၃၆၂	၁၀၀၈
	ရာခိုင်နှုန်း	၂၅%	၁၀%	၂၉%	၃၆%	၁၀၀%
၂၀၂၂	အရေအတွက်	၃၉၀	၂၅၆	၁၄၅	၆၄	၈၅၅
	ရာခိုင်နှုန်း	၄၆%	၃၀%	၁၇%	၈%	၁၀၀%
၂၀၂၃	အရေအတွက်	၃၅၁	၂၄၀	၂၉၆	၃၄	၉၂၁
	ရာခိုင်နှုန်း	၃၈%	၂၆%	၃၂%	၄%	၁၀၀%
၂၀၂၄	အရေအတွက်	၄၁၉	၈၈	၄၀	၉	၅၅၆
	ရာခိုင်နှုန်း	၇၅%	၁၆%	၇%	၂%	၁၀၀%
၂၀၂၅	အရေအတွက်	၄၄၅	၁၂၁	၂၉	၉	၆၀၄
	ရာခိုင်နှုန်း	၇၄%	၂၀%	၅%	၁%	၁၀၀%



ပုံ (၁၈) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၅ ခုနှစ်အတွင်း စစ်ဆေးဆဲစာရွက်တော်မှုများအနက် (၃)လအောက်နှင့် (၃) လမှ (၆) လအတွင်း၊ (၆) လမှ (၁၂) လအတွင်း၊ (၁၂) လမှ (၂၄) လအတွင်း ကြာမြင့်မှုများ မရှိပါ။ စစ်ဆေးဆဲအမှုများ၏၁၀၀% မှာ (၂၄)လ အထက် ကြာမြင့်နေသည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၉)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ စာရွက်တော်မှုများတွင် (၂၄) လအထက် ကြန့်ကြာသည့် စစ်ဆေးဆဲအမှု (၂၁၇) မှုရှိရခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတော်တစ်ဝန်းလုံးအရေးပေါ်အခြေအနေကြေညာထားသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာရွက်တော်လျှောက်ထားမှုများနှင့် ကြားနာမှုများကို ရပ်ဆိုင်းထားခြင်းကြောင့် ဖြစ်ပါသည်။

ဇယား(၁၉) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ စာရွက်တော်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လ အောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂- ၂၄ လ	၂၄ လ အထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၀	၀	၇၂	၁၄၅	၀	၂၁၇
	ရာခိုင်နှုန်း	၀%	၀%	၃၃%	၆၇%	၀%	၁၀၀%

၂၀၂၂	အရေအတွက်	၀	၀	၀	၇၂	၁၄၅	၂၁၇
	ရာခိုင်နှုန်း	၀%	၀%	၀%	၃၃%	၆၇%	၁၀၀%
၂၀၂၃	အရေအတွက်	၀	၀	၀	၀	၂၁၇	၂၁၇
	ရာခိုင်နှုန်း	၀%	၀%	၀%	၀%	၁၀၀%	၁၀၀%
၂၀၂၄	အရေအတွက်	၀	၀	၀	၀	၂၁၇	၂၁၇
	ရာခိုင်နှုန်း	၀%	၀%	၀%	၀%	၁၀၀%	၁၀၀%
၂၀၂၅	အရေအတွက်	၁	၀	၀	၀	၂၁၇	၂၁၈
	ရာခိုင်နှုန်း	၀%	၀%	၀%	၀%	၁၀၀%	၁၀၀%



ပုံ (၁၉) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ စာချုန်တော်မှုများသက်တမ်း နှိုင်းယှဉ်ချက်

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲအမှုများသက်တမ်း

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် အတွင်း စစ်ဆေးဆဲအမှုများ သက်တမ်းကို **ဇယား (၂၀)** နှင့် **(၂၁)** တို့တွင် အမှုအရေအတွက် ဖြင့်လည်းကောင်း၊ နှစ်အလိုက် နှိုင်းယှဉ်၍ လည်းကောင်း ဖော်ပြထားပါသည်။ တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၅ ခုနှစ်အတွင်း စစ်ဆေးဆဲရာဇဝတ်မှုများ၏ ၂၉% သည် (၃) လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၂၀% သည် (၃) လမှ (၆) လ

အတွင်း၊ ၂၂% သည် (၆) လမှ (၁၂) လအတွင်းနှင့် ၂၉% သည် (၁၂) လအထက် ကြာမြင့်နေသည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၀)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် (၁၂) လ အထက် ကြန့်ကြာသည့် ရာဇဝတ်မှုများမှာ ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၁၉% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၂၉% ရှိသဖြင့် (၁၂) လအထက် အမှုများမှာ ယခင်နှစ်ထက် ၁၀ % ပိုမိုခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၂၀) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လ အောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ လ အထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၃၉၄	၂၂၂	၃၉၃	၁၁၅၇	၂၁၆၆
	ရာခိုင်နှုန်း	၁၈%	၁၀%	၁၈%	၅၃%	၁၀၀%
၂၀၂၂	အရေအတွက်	၈၃၅	၅၆၁	၃၆၉	၂၄၄	၂၀၀၉
	ရာခိုင်နှုန်း	၄၂%	၂၈%	၁၈%	၁၂%	၁၀၀%
၂၀၂၃	အရေအတွက်	၈၅၀	၄၂၃	၃၇၀	၃၄၈	၁၉၉၁
	ရာခိုင်နှုန်း	၄၃%	၂၁%	၁၉%	၁၇%	၁၀၀%
၂၀၂၄	အရေအတွက်	၆၆၁	၄၅၄	၄၈၉	၃၆၆	၁၉၇၀
	ရာခိုင်နှုန်း	၃၄%	၂၃%	၂၅%	၁၉%	၁၀၀%
၂၀၂၅	အရေအတွက်	၄၄၃	၃၀၀	၃၂၂	၄၃၃	၁၅၀၈
	ရာခိုင်နှုန်း	၂၉%	၂၀%	၂၂%	၂၉%	၁၀၀%



ပုံ (၂၀) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၅ခုနှစ်အတွင်း စစ်ဆေးဆဲ တရားမမှုများ၏ ၂၂% သည် (၃) လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၂၃% သည် (၃) လမှ (၆) လအတွင်း၊ ၂၂% သည် (၆) လမှ (၁၂) လအတွင်း၊ ၃၁% သည် (၁၂) လမှ (၃၆) လ အတွင်းနှင့် ၂% သည် (၃၆) လအထက် ကြာမြင့်နေသည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၁)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် (၃၆) လ အထက် ကြန့်ကြာသည့် စစ်ဆေးဆဲတရားမမှုများမှာ ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှု များ၏ ၂% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၂% ရှိသဖြင့် စစ်ဆေးဆဲ အမှု ရာခိုင်နှုန်းများတူညီကြောင်းတွေ့ရှိရသော်လည်း အမှုအရေအတွက်ပိုမိုလျော့ကျလာကြောင်း တွေ့ရှိရပါသည်။

ဇယား (၂၁) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လ အောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ - ၃၆ လ	၃၆ လ အထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၄၂၉	၃၅၃	၁၀၁၄	၂၆၄၂	၂၈၉	၄၇၂၇
	ရာခိုင်နှုန်း	၉%	၇%	၂၁%	၅၆%	၆%	၁၀၀%
၂၀၂၂	အရေအတွက်	၇၁၆	၆၇၇	၅၅၉	၁၃၃၄	၄၄၄	၄၀၅၀
	ရာခိုင်နှုန်း	၁၈%	၂၄%	၁၄%	၃၃%	၁၁%	၁၀၀%
၂၀၂၃	အရေအတွက်	၁၀၉၉	၁၁၁၈	၇၅၈	၅၂၄	၂၁၇	၃၀၆၆
	ရာခိုင်နှုန်း	၃၀%	၃၀%	၂၀%	၁၄%	၆%	၁၀၀%
၂၀၂၄	အရေအတွက်	၈၂၂	၁၁၅၉	၁၄၂၆	၅၉၀	၉၈	၄၀၉၅
	ရာခိုင်နှုန်း	၂%	၂၈%	၃၅%	၁၅%	၂%	၁၀၀%
၂၀၂၅	အရေအတွက်	၈၀၇	၈၂၃	၇၆၃	၁၁၀၃	၅၇	၃၃၈၃
	ရာခိုင်နှုန်း	၂၂%	၂၃%	၂၂%	၃၃%	၂%	၁၀၀%



ပုံ (၂၁) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

ခရိုင်အဆင့်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း

ခရိုင်အဆင့်တရားရုံးများ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို **ဇယား (၂၂)** နှင့် **(၂၃)** တို့တွင် အမှုအရေအတွက်ဖြင့်လည်းကောင်း၊ နှစ်အလိုက် နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ခရိုင်အဆင့်တရားရုံးများတွင် ၂၀၂၅ ခုနှစ်အတွင်း စစ်ဆေးဆဲရာဇဝတ်မှုများ၏ ၆၃% သည် ၃ လအောက်ကြာမြင့်သည့်အမှုများဖြစ်ပြီး ၁၉% သည် (၃)လ မှ (၆) လအတွင်း၊ ၈% သည် (၆)လမှ (၁၂) လအတွင်းနှင့် ၁၀% သည် (၁၂) လအထက် ကြာမြင့်သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၂)** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ခရိုင် အဆင့်တရားရုံးများတွင် (၁၂) လအထက် ကြန့်ကြာသည့် ရာဇဝတ်မှုများမှာ ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၁၄% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၁၀% ရှိသဖြင့် စစ်ဆေးဆဲ ရာဇဝတ်မှု ၄ % လျော့နည်းလာသည်ကို တွေ့ရှိရသဖြင့် ကြန့်ကြာ မှုခင်းလျော့နည်းလာပါသည်။

ဇယား (၂၂) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လအောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ လ အထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၃၃၅၄	၁၈၃၃	၂၂၃၃	၂၁၁၉	၉၅၃၉
	ရာခိုင်နှုန်း	၃၅%	၁၉%	၂၃%	၂၂%	၁၀၀%
၂၀၂၂	အရေအတွက်	၃၅၈၃	၁၈၇၆	၁၆၅၈	၁၃၇၃	၈၄၉၀
	ရာခိုင်နှုန်း	၄၂%	၂၂%	၂၀%	၁၆%	၁၀၀%
၂၀၂၃	အရေအတွက်	၂၄၅၁	၉၆၉	၆၂၉	၅၃၀	၄၅၇၉
	ရာခိုင်နှုန်း	၅၄%	၂၁%	၁၄%	၁၂%	၁၀၀%
၂၀၂၄	အရေအတွက်	၁၈၃၉	၅၉၄	၄၅၀	၄၈၃	၃၃၆၆
	ရာခိုင်နှုန်း	၅၅%	၁၈%	၁၃%	၁၄%	၁၀၀%
၂၀၂၅	အရေအတွက်	၁၇၉၉	၅၃၁	၂၁၇	၂၉၄	၂၈၄၁
	ရာခိုင်နှုန်း	၆၃%	၁၉%	၈%	၁၀%	၁၀၀%



ပုံ (၂၂) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်းနှိုင်းယှဉ်ချက်

ခရိုင်အဆင့်တရားရုံးများတွင် ၂၀၂၅ ခုနှစ်အတွင်း စစ်ဆေးဆဲတရားမမှုများ၏ ၁% သည် (၃) လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၂၆% သည် (၃) လမှ (၆) လအတွင်း၊ ၂၁% သည် (၆) လမှ (၁၂) လအတွင်း၊ ၃၄% သည် (၁၂) လမှ (၃၆) လအတွင်းနှင့် ၁၈% သည် (၃၆) လအထက် ကြာမြင့်သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၃)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ (၃၆)လအထက်ကြာမြင့်သည့်စစ်ဆေးဆဲအမှုများသည် ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၂၁% ဖြစ်ပြီး ယခုနှစ်တွင် စုစုပေါင်း စစ်ဆေးဆဲအမှုများ၏ ၁၈% ဖြစ်သဖြင့် စစ်ဆေးဆဲတရားမကြန့်ကြာမှုခင်းများ လျော့ကျလာသည်ကို တွေ့ရှိရပါသည်။

ဇယား (၂၃) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လ အောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ - ၂၄ လ	၂၄ လ အထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၂၄၂	၃၂၆	၃၃၃	၅၅၆	၄၉၁	၁၈၅၈
	ရာခိုင်နှုန်း	၁%	၁၅%	၁၈%	၃၀%	၂၆%	၁၀၀%
၂၀၂၂	အရေအတွက်	၁၈၇	၃၄၁	၃၆၀	၅၀၆	၄၆၃	၁၇၆၃
	ရာခိုင်နှုန်း	၁%	၁၉%	၂၀%	၂၈%	၂၆%	၁၀၀%
၂၀၂၃	အရေအတွက်	၁၈၁	၃၆၃	၄၀၄	၅၄၀	၄၈၄	၁၇၅၂
	ရာခိုင်နှုန်း	၁%	၂၀%	၂၃%	၃၀%	၂၇%	၁၀၀%
၂၀၂၄	အရေအတွက်	၁၇၀	၃၀၃	၄၁၆	၅၂၆	၄၁၆	၁၆၁၇
	ရာခိုင်နှုန်း	၁%	၁၉%	၂၅%	၃၂%	၂၅%	၁၀၀%
၂၀၂၅	အရေအတွက်	၁၀၄	၂၆၃	၃၆၆	၄၆၆	၃၆၆	၁၄၂၅
	ရာခိုင်နှုန်း	၁%	၁၈%	၂၆%	၃၃%	၂၆%	၁၀၀%

ပုံ (၂၃) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း

မြို့နယ်တရားရုံးများ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို **ဇယား (၂၄)** နှင့် **(၂၅)** တို့တွင် အမှုအရေအတွက်ဖြင့်လည်းကောင်း၊ နှစ်အလိုက် နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

မြို့နယ်တရားရုံးများတွင် ၂၀၂၅ ခုနှစ်အတွင်း စစ်ဆေးဆဲရာဇဝတ်မှုများ၏ ၃၇% သည် (၃) လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၀% သည် (၃) လမှ (၆) လအတွင်း၊ ၁၈% သည် (၆) လမှ (၁၂) လအတွင်းနှင့် ၂၅% သည် (၁၂) လအထက် ကြာမြင့်သည့် အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၄)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် (၁၂) လအထက် ကြာမြင့်နေသည့် ရာဇဝတ်မှုများသည် ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၂၃% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၂၅% ရှိသဖြင့် ယခင်နှစ်ထက် ၂% ပိုမိုခဲ့ကြောင်း တွေ့ရှိ ရပါသည်။

ဇယား (၂၄) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လအောက်	၃ - ၆ လ	၆ - ၁၂ လ	၁၂ လအထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၁၃၄၁၁	၆၆၁၉	၁၃၂၁၅	၂၃၃၁၇	၅၆၅၆၂
	ရာခိုင်နှုန်း	၂၄%	၁၂%	၂၃%	၄၁%	၁၀၀%
၂၀၂၂	အရေအတွက်	၁၀၁၁၉	၆၁၇၁	၇၄၀၁	၁၂၄၇၈	၃၆၁၆၉
	ရာခိုင်နှုန်း	၂၈%	၁၇%	၂၀%	၃၄%	၁၀၀%
၂၀၂၃	အရေအတွက်	၈၁၈၂	၄၇၄၄	၄၁၆၀	၅၇၃၀	၂၂၈၁၆
	ရာခိုင်နှုန်း	၃၆%	၂၁%	၁၈%	၂၅%	၁၀၀%
၂၀၂၄	အရေအတွက်	၇၀၁၁	၃၈၃၅	၃၉၁၆	၄၅၁၆	၁၉၂၇၈
	ရာခိုင်နှုန်း	၃၇%	၂၀%	၂၀%	၂၃%	၁၀၀%
၂၀၂၅	အရေအတွက်	၅၈၉၃	၃၁၀၁	၂၈၃၆	၃၉၉၆	၁၅၈၂၆
	ရာခိုင်နှုန်း	၃၇%	၂၀%	၁၈%	၂၅%	၁၀၀%



ပုံ (၂၄) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်းနှိုင်းယှဉ်ချက်

မြို့နယ်တရားရုံးများတွင် ၂၀၂၅ ခုနှစ်အတွင်း စစ်ဆေးဆဲတရားမမှုများ၏ ၄၀% သည် (၆) လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၇% သည် (၆) လမှ (၁၂) လအတွင်း၊ ၂၅% သည် (၁၂) လမှ (၃၆) လအတွင်းနှင့် ၈% သည် (၃၆) လအထက် ကြာမြင့်သည့်အမှုများဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၂၅)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် (၃၆)လအထက် ကြာမြင့်လျက်ရှိသည့် တရားမမှုများသည် ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၁၂% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း စစ်ဆေးဆဲအမှုများ၏ ၈% ရှိသဖြင့် ယခင်နှစ်အောက် ၄% လျော့ကျခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၂၅) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၆ လ အောက်	၆ - ၁၂ လ	၁၂ - ၃၆ လ	၃၆ လ အထက်	စုစုပေါင်း
၂၀၂၁	အရေအတွက်	၄၃၈၅	၅၀၆၆	၁၃၈၀၁	၃၅၆၈	၂၆၈၂၀
	ရာခိုင်နှုန်း	၁၆%	၁၉%	၅၁%	၁၃%	၁၀၀%
၂၀၂၂	အရေအတွက်	၆၅၃၀	၆၂၄၇	၁၆၇၉	၃၅၆၄	၂၀၆၂၀
	ရာခိုင်နှုန်း	၃၂%	၃၀%	၄၀%	၁၇%	၁၀၀%
၂၀၂၃	အရေအတွက်	၄၅၅၄	၃၂၀၄	၁၀၅၁	၂၂၈၉	၁၄၀၉၈
	ရာခိုင်နှုန်း	၃၂%	၂၃%	၄၈%	၁၆%	၁၀၀%
၂၀၂၄	အရေအတွက်	၄၂၅၃	၂၆၄၄	၁၈၄၄	၁၂၈၄	၁၁၀၂၅
	ရာခိုင်နှုန်း	၃၈%	၂၄%	၃၄%	၁၂%	၁၀၀%
၂၀၂၅	အရေအတွက်	၃၂၇၃	၂၃၆၉	၁၀၆၁	၁၆၇	၇၆၈၈
	ရာခိုင်နှုန်း	၄၀%	၂၉%	၄၅%	၆%	၁၀၀%

ပုံ (၂၅) ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

၃.၅ အမှုရုံးချိန်းသေချာစေမှု

အမှုများစစ်ဆေးဆုံးဖြတ်ရာတွင် အမှုရုံးချိန်းသေချာစေမှုရှိစေရန်ရည်ရွယ်၍ အမှုရွှေ့ဆိုင်းနှုန်း၊ ပျမ်းမျှရုံးချိန်းနှင့် စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှုတို့ကို လျာထားချက် သတ်မှတ်ထားပါသည်။

အမှုရွှေ့ဆိုင်းသည့်နှုန်း - ရုံးချိန်းချိန်းဆိုမှုနှင့် အမှုရွှေ့ဆိုင်းမှုအချိုးဖြစ်သည်။ တရားရုံးတွင် အမှုစစ်ဆေးရန် ချိန်းဆိုသည့်နေ့များ၊ အမှုရွှေ့ဆိုင်းမှုနှုန်းများကို လျှော့ချပြီး တရားရုံး၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန် ရည်ရွယ်၍ သတ်မှတ်ထားပါသည်။

၂၀၂၅ ခုနှစ်အတွက် တရားရုံးများ၏ အမှုရွှေ့ဆိုင်းသည့်နှုန်းမှာ အောက်ပါအတိုင်း လျှော့ချရန် ရည်ရွယ်ထားပါသည်-

- ရာဇဝတ်မှုရွှေ့ဆိုင်းနှုန်းကို ၂၀ % ထိ လျှော့ချရန်
- တရားမမှုရွှေ့ဆိုင်းနှုန်းကို ၂၀ % ထိ လျှော့ချရန်

ပျမ်းမျှရုံးချိန်း - အမှုစွဲဆိုသည်မှပြီးပြတ်သည်ထိကြားနာသည့် ရုံးချိန်းအရေအတွက် ဖြစ်သည်။ အမှုကြားနာရန် ချိန်းဆိုမှုလျှော့ချရန် ရည်ရွယ်၍ သတ်မှတ်ထားပါသည်။

၂၀၂၅ခုနှစ်အတွက်တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက်မှာ အောက်ပါအတိုင်း လျှော့ချရန် ရည်ရွယ်ထားပါသည်-

- ရာဇဝတ်မှုများ ၈ ချိန်းထိ လျှော့ချရန်
- တရားမမှုများ ၁၄ ချိန်းထိ လျှော့ချရန်

စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှု - မှုခင်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများတွင် မှုခင်းများကို အချိန်နှင့်တစ်ပြေးညီစစ်ဆေးစီရင်နိုင်ရန် ရည်ရွယ်၍ ရိုးရှင်းသော ရာဇဝတ်မှုကို ရက်ပေါင်း ၁၈၀ အတွင်း၊ ရိုးရှင်းသော တရားမမှုကို ၃၆၅ ရက် အတွင်း စစ်ဆေးပြီးပြတ်ရန် အချိန်စံနှုန်းများ သတ်မှတ်ထားပါသည်။ အမှုများ၏ ၉၀% အထိ သတ်မှတ်သည့် အချိန်အတွင်း ဆုံးဖြတ်နိုင်ရန် လျာထားပါသည်။

၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားရုံးများက ဆောင်ရွက်နိုင်ခဲ့သည့်အမှုရွှေ့ဆိုင်းနှုန်း၊ ပျမ်းမျှရုံးချိန်း၊ စံသတ်မှတ်ရက်ကာလအတွင်း အမှုဆုံးဖြတ်မှုနှုန်းတို့ကို **နောက်ဆက်တွဲ(ည)** ဖြင့် ဖော်ပြထားပါသည်။

၃.၆ အယူခံတက်ရောက်မှုနှုန်း

အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အတွင်း တရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက်အပေါ် အမှုသည်များ၏ကျေနပ်မှုကို တိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။

(က) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း

မြို့နယ်တရားရုံးများ၏ဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် မြို့နယ် တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် ခရိုင်တရားရုံးများ၏ အယူခံမှုအရေအတွက်တို့၏အချိုးအစားကို တွက်ချက်ခြင်း ဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ စုစုပေါင်းအယူခံတက်ရောက်မှုနှုန်းသည် ရာဇဝတ်မှုများတွင် ၀.၇% ရှိပြီး၊ တရားမမှုများတွင် ၇.၀% ရှိပါသည်။

၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၆)** တွင် ဖော်ပြထားပါသည်။

ဇယား (၂၆) ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းနှင့် အမှုအရေအတွက်

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အယူခံနှုန်း	
		ဆုံးဖြတ်ပြီးအမှု (မြို့နယ်)	အယူခံမှု (ခရိုင်)	ဆုံးဖြတ်ပြီးအမှု (မြို့နယ်)	အယူခံမှု (ခရိုင်)	ရာဇဝတ်	တရားမ
၁	ကချင်	၂၂၃၄	၆၆	၂၁၀	၄	၃.၀%	၁.၉%
၂	ကယား	၇၀၆	၂	၆၀	၁	၀.၃%	၁.၇%
၃	ကရင်	၆၁၄၉	၂၃	၇၃	၆	၀.၄%	၈.၂%
၄	ချင်း	၂၃၇	၀	၀	၀	၀%	၀%
၅	စစ်ကိုင်း	၅၈၉၇	၃၂	၃၈၈	၂၃	၀.၅%	၅.၉%
၆	တနင်္သာရီ	၅၄၆၁	၂၀	၁၇၂	၁၁	၀.၄%	၆.၄%
၇	ပဲခူး	၃၀၀၄၄	၈၂	၂၄၃၃	၁၉၅	၀.၃%	၈.၀%
၈	မကွေး	၆၅၁၆	၁၀၃	၁၂၁၆	၁၄၃	၁.၆%	၁၁.၈%
၉	မန္တလေး	၂၀၁၁၈	၃၆၆	၃၇၅၅	၂၁၅	၁.၈%	၅.၇%
၁၀	မွန်	၁၄၉၉၁	၅၆	၅၇၆	၆၂	၀.၄%	၁၀.၈%

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ရာဇဝတ်		တရားမ		အယူခံနှုန်း	
		ဆုံးဖြတ်ပြီးအမှု (မြို့နယ်)	အယူခံမှု (ခရိုင်)	ဆုံးဖြတ်ပြီးအမှု (မြို့နယ်)	အယူခံမှု (ခရိုင်)	ရာဇဝတ်	တရားမ
၁၁	ရခိုင်	၁၅၂၉	၅	၆၀	၁	၀.၃%	၁.၇%
၁၂	ရန်ကုန်	၂၉၇၆၁	၂၄၂	၃၅၂၀	၂၁၃	၀.၈%	၆.၁%
၁၃	ရှမ်း	၁၁၂၄၈	၁၀၇	၅၆၅	၂၂	၁.၀%	၃.၉%
၁၄	ဧရာဝတီ	၃၉၄၃၄	၁၂၇	၂၆၆၈	၁၉၆	၀.၃%	၇.၃%
စုစုပေါင်း		**၁၇၄၃၅**	**၁၂၃၁**	**၁၅၆၉၆**	**၁၀၉၂**	**၀.၇%**	**၇.၀%**



ပုံ (၂၆) ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်အဆင့် တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း နှိုင်းယှဉ်ချက်

(ခ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်အဆင့်တရားရုံးများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်း

ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် ခရိုင်အဆင့်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ အယူခံမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်း ဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၅ ခုနှစ်အတွင်း ခရိုင်အဆင့်တရားရုံးများမှ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များသို့ စုစုပေါင်း အယူခံတက်ရောက်နှုန်းသည် ရာဇဝတ်မှုများတွင် ၁၀% ရှိပြီး တရားမမှုများတွင် ၁၇% ရှိပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်အဆင့် တရားရုံးများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှု နှုန်းကို **ဇယား (၂၇)** တွင် ဖော်ပြထားပါသည်။

ဇယား (၂၇) ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်တရားရုံးများမှ တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်းနှင့် အမှုအရေအတွက်

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အယူခံနှုန်း	
		ဆုံးဖြတ်ပြီး အမှု (ခရိုင်)	အယူခံမှု (တရား လွှတ်တော်)	ဆုံးဖြတ်ပြီး အမှု (ခရိုင်)	အယူခံမှု (တရား လွှတ်တော်)	ရာဇဝတ်	တရားမ
၁	ကချင်	၅၃၀	၈၃	၂၅၂	၅၄	၁၆%	၂၁%
၂	ကယား	၂၅၄	၂	၆၈	၀	၁%	၀%
၃	ကရင်	၄၂၇	၇၆	၁၆၂	၃၇	၁၈%	၂၃%
၄	ချင်း	၂၀	၀	၈	၀	၀%	၀%
၅	စစ်ကိုင်း	၁၁၆၃	၉၇	၃၉၈	၁၀၂	၈%	၂၆%
၆	တနင်္သာရီ	၆၇၃	၆၉	၂၁၂	၄၆	၁၀%	၂၂%
၇	ပဲခူး	၁၄၀၀	၁၇၆	၁၃၇၄	၂၈၉	၁၃%	၂၁%
၈	မကွေး	၁၁၉၀	၈၀	၇၀၀	၁၄၈	၇%	၂၁%
၉	မန္တလေး	၃၅၅၆	၄၅၁	၄၆၆၀	၆၄၀	၁၃%	၁၄%
၁၀	မွန်	၉၉၈	၆၉	၆၅၃	၁၄၉	၇%	၂၃%
၁၁	ရခိုင်	၁၉၀	၁၈	၂၂	၃	၉%	၁၄%
၁၂	ရန်ကုန်	၃၃၅၇	၂၈၀	၅၇၆၆	၉၁၇	၈%	၁၆%
၁၃	ရှမ်း	၂၂၃၁	၁၉၃	၇၁၇	၁၀၁	၉%	၁၄%
၁၄	ဧရာဝတီ	၁၆၆၈	၂၂၄	၁၁၅၂	၂၁၇	၁၃%	၁၉%
စုစုပေါင်း		**၁၇၆၅၇**	**၁၈၁၈**	**၁၆၁၄၄**	**၂၇၀၃**	**၁၀%**	**၁၇%**



ပုံ (၂၇) ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်အဆင့်တရားရုံးများမှ တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်း နှိုင်းယှဉ်ချက်

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်း

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အယူခံမှုအရေအတွက်တို့ကို အချိုးအစားတွက်ချက်ခြင်း ဖြစ်ပါသည်။ အယူခံမှု အရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စုစုပေါင်းအယူခံတက်ရောက်နှုန်းသည် ရာဇဝတ်မှုများတွင် ၄% ရှိပြီး တရားမမှုများတွင် ၁၈% ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၈)** တွင် ဖော်ပြထားပါသည်။

ဇယား (၂၈) ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်းနှင့်အမှုအရေအတွက်

ရာဇဝတ်		တရားမ		အယူခံနှုန်း	
ဆုံးဖြတ်ပြီးအမှု (တရားလွှတ်တော်)	အယူခံမှု (ပြည်ထောင်စု တရားလွှတ်တော်ချုပ်)	ဆုံးဖြတ်ပြီးအမှု (တရားလွှတ်တော်)	အယူခံမှု (ပြည်ထောင်စု တရားလွှတ်တော်ချုပ်)	ရာဇဝတ်	တရားမ
၄၆၃၅	၁၇၁	၆၆၁၂	၁၁၆၉	၄%	၁၈%



ပုံ (၂၈) ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်း

၃.၇ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့် ရာဇဝတ်မှုနှင့် တရားမမှု စွဲဆိုမှု ရာခိုင်နှုန်း

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ဆောင်ရသည့်လုပ်ငန်းပမာဏကို သိရှိနိုင်စေရန် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုတွင် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုမှုအရေအတွက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် စွဲဆိုသော အမှုအရေအတွက်အချိုးအစားကို ရာခိုင်နှုန်း ဖြင့် ဖော်ပြထားပါသည်။

၂၀၂၅ခုနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုတင်ပို့ခဲ့သည့် ရာဇဝတ်မှုနှင့်တရားမမှု စွဲဆိုမှုရာခိုင်နှုန်းများကို **ဇယား (၂၉)** တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။ ထိုဇယားအရ တိုင်းဒေသကြီး၊ ပြည်နယ် (၁၄) ခုတွင် စွဲဆိုထားသော ရာဇဝတ်မှုစုစုပေါင်း ၂၉၅၁၁၃ မှု ရှိပါသည်။ အဆိုပါ စွဲဆိုမှုများတွင် ရန်ကုန်တိုင်းဒေသကြီး၌ ရာဇဝတ်မှု စွဲဆိုမှုအများဆုံးဖြစ်ပြီး ၃၂.၄၄% ဖြစ်ပါကြောင်း၊

၂၁.၇၁% ကို မန္တလေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁၃.၉၉% ကို ဧရာဝတီတိုင်းဒေသကြီးတွင်လည်းကောင်း တွေ့ရှိရသဖြင့် စုစုပေါင်းစွဲဆိုမှု၏ ဒုတိယအများဆုံးမှာ မန္တလေးတိုင်းဒေသကြီးဖြစ်ပြီး စွဲဆိုမှု၏တတိယအများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီး ဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄) ခုတွင် စွဲဆိုထားသော တရားမမှုစုစုပေါင်း ၃၃၆၅၅ မှု ရှိပါသည်။ အဆိုပါ စွဲဆိုမှု၏ ၃၁.၂၆% ကို ရန်ကုန်တိုင်းဒေသကြီးတွင် စွဲဆိုခဲ့ပြီး၊ ၂၆% ကို မန္တလေးတိုင်းဒေသကြီးနှင့် ၁၁.၄၄% ကို ဧရာဝတီတိုင်းဒေသကြီးတွင် စွဲဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၂၉) ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်တရားရုံးအဆင့်ဆင့်သို့ စွဲဆိုတင်ပို့ခဲ့သည့် ရာဇဝတ်နှင့်တရားမမှု စုစုပေါင်းစာရင်းနှင့် စွဲဆိုမှုရာခိုင်နှုန်း

တိုင်းဒေသကြီး / ပြည်နယ်	ရာဇဝတ်မှုစွဲတင်စုစုပေါင်း	တရားမမှုစွဲတင်စုစုပေါင်း	ရာဇဝတ်မှုစွဲတင်ရာခိုင်နှုန်း	တရားမမှုစွဲတင်ရာခိုင်နှုန်း
ကချင်	၂၈၅၄	၄၅၃	၀.၉၇%	၁.၃၅%
ကယား	၉၃၅	၇၇	၀.၃၂%	၀.၂၃%
ကရင်	၆၆၉၃	၂၇၉	၂.၂၇%	၀.၈၃%
ချင်း	၂၆၁	၁၀	၀.၀၉%	၀.၀၃%
စစ်ကိုင်း	၆၉၀၇	၆၃၇	၂.၃၄%	၁.၉%
တနင်္သာရီ	၆၂၂၈	၃၉၃	၂.၁၁%	၁.၁၇%
ပဲခူး	၃၁၁၆၄	၃၅၆၉	၁၀.၅၆%	၁၀.၆၀%
မကွေး	၇၅၁၈	၂၀၄၃	၂.၅၅%	၆.၀၇%
မန္တလေး	၆၄၀၅၆	၈၈၄၆	၂၁.၇၁%	၂၆%
မွန်	၁၆၁၂၀	၁၄၃၆	၅.၄၆%	၄.၂၇%
ရခိုင်	၁၂၂၃	၃၉	၀.၄၁%	၀.၁၂%
ရန်ကုန်	၉၅၇၂၃	၁၀၅၁၉	၃၂.၄၄%	၃၁.၂၆%

တိုင်းဒေသကြီး / ပြည်နယ်	ရာဇဝတ်မှုစွဲတင်စုစုပေါင်း	တရားမမှုစွဲတင်စုစုပေါင်း	ရာဇဝတ်မှုစွဲတင်ရာခိုင်နှုန်း	တရားမမှုစွဲတင်ရာခိုင်နှုန်း
ရှမ်း	၁၄၁၅၂	၁၅၀၅	၄.၈၀%	၄.၄၇%
ဧရာဝတီ	၄၁၂၇၉	၃၈၄၉	၁၃.၉၉%	၁၁.၄၄%
စုစုပေါင်း	**၂၉၅၁၁၃**	**၃၃၆၅၅**	**၈၉.၈%**	**၁၀.၂%**



ပုံ (၂၉) ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုခဲ့သည့် ရာဇဝတ်မှု၊ တရားမမှု စွဲဆိုမှုရာခိုင်နှုန်း

၃.၈ မှုခင်းပမာဏနှင့်တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု

ပြက္ခဒိန်နှစ်အတွင်း တရားသူကြီးတစ်ဦး စစ်ဆေးရသည့် မှုခင်းပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့် အမှုပမာဏကို တိုင်းတာရန် ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်တွင် တရားရုံးအဆင့်အလိုက် တရားသူကြီးတစ်ဦးလျှင် လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်နှင့် စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်တို့ကို **ဇယား (၃၀)** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှု အရေအတွက်မှာ ၄၁၁ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ၄၀၆ မှုဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့်အမှုအရေအတွက်မှာ ၁၇၇ မှုဖြစ်ပြီး စီရင်ဆုံးဖြတ်ခဲ့သည့်

အမှုအရေအတွက်မှာ ၁၉၄ မှု ဖြစ်ပါသည်။

ခရိုင်အဆင့်တရားရုံးများတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၉၅ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၁၀၄ မှု ဖြစ်ပါသည်။

မြို့နယ်တရားရုံးများတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၂၃၈ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၂၄၅ မှု ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များနှင့် ခရိုင်အဆင့် တရားရုံးများ၏အမှုစစ်ဆေးပြီးပြတ်နိုင်သည့်စွမ်းဆောင်နိုင်မှုသည် အမြင့်မားဆုံး ဖြစ်ပါသည်။

ဇယား (၃၀) ၂၀၂၅ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်အလိုက် တရားသူကြီးတစ်ဦးစစ်ဆေးရသည့် အမှုပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏ

	စွဲဆိုမှု (ရာဇဝတ်+ တရားမ+ စာချုန်)	ပြီးပြတ် (ရာဇဝတ်+ တရားမ+ စာချုန်)	တရားသူကြီး အရေအတွက်	မှုခင်း ပမာဏ	ဆောင်ရွက်နိုင်မှု	ဆောင်ရွက်မှုရာခိုင်နှုန်း
ပြည်ထောင်စု တရားလွှတ်တော်ချုပ်	၄၅၁၆	၄၄၆၄	၁၁	၄၁၁	၄၀၆	၉၉%
တရားလွှတ်တော်များ	၁၀၂၇၃	၁၁၂၄၇	၅၈	၁၇၇	၁၉၄	၁၀၉%
ခရိုင်အဆင့် တရားရုံးများ	၃၁၀၂၈	၃၃၈၀၁	၃၂၅	၉၅	၁၀၄	၁၀၉%
မြို့နယ်တရားရုံးများ	၁၈၄၇၀၁	၁၉၀၀၂၁	၇၇၅	၂၃၈	၂၄၅	၁၀၃%



ပုံ(၃၀) ၂၀၂၅ ခုနှစ်အတွင်း တရားသူကြီးတစ်ဦးစစ်ဆေးရသည့်အမှုပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့် အမှုပမာဏ

၃.၉ အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း

၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်အဆင့်တရားရုံးများသို့ စွဲဆိုခဲ့သည့် အရေးကြီး ရာဇဝတ်မှု များဖြစ်သည့် မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ယာဉ်မတော်တဆမှုကြောင့် လူသေမှု၊ ကလေးသူငယ်ဥပဒေအရစွဲဆိုသည့် မှုခင်းများ၏ စွဲဆိုသည့် ပမာဏအရ ဖြစ်ပွားနေသည့်အခြေအနေကို သိရှိစေရန် ရည်ရွယ်၍ ဖော်ပြခြင်း ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်အဆင့်တရားရုံးများသို့ စွဲဆိုခဲ့သည့် ရာဇဝတ်မူလမှု စုစုပေါင်း ၂၁၅၇၂၉ မှု ရှိပါသည်။ အဆိုပါအမှုများအနက် နေ့ချင်းပြီး စစ်ဆေးပြီးပြတ်ခဲ့သည့် အသေးအဖွဲမှုစုစုပေါင်း ၂၁၆၀၃၆ မှု ရှိပါသည်။

ကျန်ရှိသည့်အမှုပေါင်း ၄၅၆၂၉ မှုတွင် မူးယစ်ဆေးဝါးမှုများသည် ၁၁.၁%၊ လူသတ်မှု များသည် ၁.၅%၊ မုဒိမ်းမှုများသည် ၀.၄%၊ သက်ငယ်မုဒိမ်းမှုများသည် ၀.၈%၊ လူကုန်ကူးမှု များသည် ၀.၃၀%၊ ယာဉ်မတော်တဆမှုကြောင့် လူသေမှုသည် ၂.၂% ၊ ကလေးသူငယ်မှုခင်း များသည် ၃.၆% နှင့် အခြားရာဇဝတ်မှုများ ၈၀.၂% စွဲဆိုခဲ့ပါသည်။ အမှုအမျိုးအစား တစ်ခုချင်း အလိုက် အသေးစိတ်စာရင်းကို **ဇယား (၃၁)** တွင် ဖော်ပြထားပါသည်။

၂၀၂၅ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မူးယစ်ဆေးဝါးမှု၊ လူသတ်မှု၊ မုဒိမ်းမှု၊သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှု၊ ယာဉ်မတော်တဆမှုကြောင့်လူသေမှု၊ ကလေးသူငယ် မှုခင်းများ၏ စွဲဆိုမှုအခြေပြဇယားကို **နောက်ဆက်တွဲ (၄)** တွင် ဖော်ပြ ထားပါသည်။

အရေးကြီးရာဇဝတ်မှုခင်းများအနက် မူးယစ်ဆေးဝါးမှုများသည် စွဲဆိုမှုအများဆုံး ဖြစ်ပြီး၊ ကလေးသူငယ် မှုခင်းများနှင့် ယာဉ်မတော်တဆမှုကြောင့် လူသေမှုများသည် ဒုတိယ နှင့် တတိယအများဆုံးစွဲဆိုသော အမှုများ ဖြစ်သည်ကို တွေ့ရှိရပါသည်။

ဇယား (၃၁) ၂၀၂၅ ခုနှစ်အတွင်း အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက်စွဲဆိုမှု

အမှုအမျိုးအစား	စွဲဆိုသည့်အမှုအရေအတွက်	ရာခိုင်နှုန်း
မူးယစ်ဆေးဝါးမှု	၅၀၆၂	၁၁.၁%
လူသတ်မှု	၆၈၁	၁.၅%

အမှုအမျိုးအစား		စွဲဆိုသည့်အမှုအရေအတွက်	ရာခိုင်နှုန်း
မုဒိမ်းမှု	အရွယ်ရောက်	၁၉၆	၀.၄%
	သက်ငယ်	၃၄၅	၀.၈%
လူကုန်ကူးမှု		၁၃၇	၀.၃၀%
ယာဉ်မတော်တဆမှုကြောင့် လူသေမှု		၉၉၃	၂.၂%
ကလေးသူငယ်ဥပဒေအရ စွဲဆိုသည့်မှုခင်းများ		၁၆၃၆	၃.၆%
အခြား		၃၆၅၇၉	၈၀.၂%
စုစုပေါင်း		**၄၅၆၂၉**	**၁၀၀%**

တစ်နိုင်ငံလုံးရှိ မြို့နယ်တရားရုံးများနှင့် ခရိုင်အဆင့်တရားရုံးများသို့စွဲဆိုခဲ့သည့် ရာဇဝတ်မှုမူလမှုအရေအတွက်မှ နေရာချင်းပြီး စစ်ဆေးပြီးပြတ်သည့်အမှုများကို နုတ်၍ ကျန်ရှိသည့်အမှုအရေအတွက်နှင့် အရေးကြီးအမှုအမျိုးအစား တစ်ခုချင်းအလိုက် စွဲဆိုသည့် အမှုအရေအတွက်ကို အချိုးယူ တွက်ချက်ထားခြင်းဖြစ်ပါသည်။



ပုံ (၃၁)၂၀၂၅ ခုနှစ်အတွင်း အရေးကြီး ရာဇဝတ်မှုအမျိုးအစားအလိုက် စွဲဆိုမှု

၃.၁၀ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများအရ စွဲဆိုမှုများ

၂၀၂၅ ခုနှစ်အတွင်း ခရိုင်နှင့်မြို့နယ်အဆင့်တရားရုံးများတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများအရ စွဲဆိုမှု ၁၃၇ မှုရှိပြီး၊ ယခင်နှစ်လက်ကျန် ၃၃ မှုရှိပါသည်။ ၎င်းတို့အနက်မှ စုစုပေါင်း ၁၁၁ မှု စစ်ဆေးပြီးပြတ်

ပါသည်။ ၁-၁-၂၀၂၅ ရက်နေ့မှ ၃၁-၁၂-၂၀၂၅ ရက်နေ့အထိ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများအရ စွဲဆိုမှုများအတွက် အခြေပြဇယားကို **နောက်ဆက်တွဲ (၄)** တွင် ဖော်ပြထားပါသည်။

၃.၁၁ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စွဲဆိုမှုများ

၂၀၂၅ ခုနှစ်အတွင်း ခရိုင်နှင့်မြို့နယ်အဆင့်တရားရုံးများတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ စွဲဆိုမှု ၂၄ မှုရှိပြီး၊ ယခင်နှစ်လက်ကျန် ၅ မှုရှိပါသည်။ ၎င်းတို့အနက်မှ စုစုပေါင်း ၁၉ မှု စစ်ဆေးပြီးပြတ်ပါသည်။ အမှုလက်ကျန် ၁၂ မှုအား လာမည့်နှစ်အတွင်း ပြီးပြတ်ရန် စစ်ဆေးမည်ဖြစ်ပါသည်။ ၁-၁-၂၀၂၅ရက်နေ့မှ ၃၁-၁၂-၂၀၂၅ရက်နေ့အထိ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စွဲဆိုမှုများအတွက် အခြေပြဇယားကို **နောက်ဆက်တွဲ (၃)** တွင် ဖော်ပြထားပါသည်။

၃.၁၂ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများအရ စွဲဆိုမှုများ

၂၀၂၅ ခုနှစ်အတွင်း ခရိုင်နှင့်မြို့နယ်အဆင့်တရားရုံးများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများဖြစ်သည့် သစ်တောဥပဒေအရ စွဲဆိုမှု ၃၇၁မှု ရှိပြီး၊ ယခင်နှစ်လက်ကျန် ၁၅၃ မှုရှိပါသည်။ ၎င်းတို့အနက်မှ စုစုပေါင်း ၄၀၇ မှု စစ်ဆေးပြီးပြတ်ပါသည်။ မြို့နယ်အဆင့်တရားရုံးများတွင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဥပဒေအရ စွဲဆိုမှု ၅ မှုရှိပြီး၊ ယခင်နှစ်လက်ကျန် ၁ မှု ရှိပါသည်။ စုစုပေါင်း ၆ မှု စစ်ဆေးပြီးပြတ်သဖြင့် လက်ကျန်အမှုမရှိပါ။ မြို့နယ်အဆင့်တရားရုံးများတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေအရ ယခင်နှစ် လက်ကျန်မရှိဘဲ ယခုနှစ် စွဲဆိုမှု ၉ မှုရှိပြီး၊ ယခုနှစ်အတွင်း အားလုံးစစ်ဆေးပြီးပြတ်ပါသည်။ ၁-၁-၂၀၂၅ ရက်နေ့မှ ၃၁-၁၂-၂၀၂၅ ရက်နေ့အထိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများအရ စွဲဆိုမှုများအတွက် အခြေပြဇယားကို **နောက်ဆက်တွဲ (၅)** တွင် ဖော်ပြထားပါသည်။

အပိုင်း (၄)

တတိယနှစ် မဟာဗျူဟာ
လုပ်ငန်းအစီအစဉ် (၂၀၂၃)
အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်
စတုတ္ထနှစ် မဟာဗျူဟာ
လုပ်ငန်းအစီအစဉ် (၂၀၂၆)တွင်
ဆောင်ရွက်ရန် လျာထားချက်များ

အပိုင်း(၄)

တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆) တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားချက်များ

၄.၁ မဟာဗျူဟာစီမံကိန်းဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံ၏တရားစီရင်ရေးကဏ္ဍကို ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရန် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)နှင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)တို့၏ အောင်မြင်မှုနှင့်အတွေ့အကြုံများကိုအခြေခံ၍ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ကို ချမှတ်ခဲ့သည်။ တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် နယ်ပယ် (၅) ရပ်အဖြစ် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိပညာကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ပေးရန်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် စသည်ဖြင့် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) တွင် တိုင်းတာနိုင်သည့် လုပ်ငန်းလျာထားချက်များ သတ်မှတ်ထားရှိရာ အမှုပြီးပြတ်မှုနှုန်းကို ၁၀၀% သို့ရောက်ရှိရန်နှင့် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုကို ၈၀% ရရှိနိုင်ရန် ရည်မှန်းချက်များ ပါဝင်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသောင်းနိုင် ဦးဆောင်သည့် မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီက စီမံကိန်းအကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း၊ စီမံကိန်းတိုးတက်မှုအစီရင်ခံစာ တင်ပြခြင်းနှင့် နှစ်စဉ်ဆောင်ရွက်မည့် တစ်နှစ်တာလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်းများ







၄.၂ တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) ၏ အောင်မြင်မှုများ

တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) တွင် မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်အတွက် လက်တွေ့အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်းမှာ ၈၃% ဖြစ်ပါသည်။

တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) တွင် မဟာဗျူဟာရည်မှန်းချက် (၁၇) ရပ်၊ မဟာဗျူဟာအစီအစဉ် (၄၇) ရပ်၊ ဆောင်ရွက်ရန်လျာထားချက် (၁၁၉) ရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းခဲ့ပါသည်။ လက်တွေ့အကောင်အထည်ဖော်ဆောင်ရာတွင် မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်လုံး၌ နယ်မြေဒေသအခြေအနေ၊ ဘဏ္ဍာငွေရရှိမှု၊ နည်းပညာပိုင်းဆိုင်ရာအခက်အခဲများကြောင့်လည်းကောင်း၊ ပြင်းအား ရစ်ချိတာစကေး ၇.၇ အဆင့်ရှိ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့သည့်အတွက် လုပ်ငန်းအချို့အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့သည့်အတွက်ကြောင့်လည်းကောင်း လျာထားချက်များ ပြည့်မီသည်အထိ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း မရှိသော်လည်း တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ကို ၇၅% အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ထင်ရှားသော အောင်မြင်မှုများမှာ -

- တစ်နိုင်ငံလုံးအမှုပြီးပြတ်မှု ၁၀၃ % ဆောင်ရွက်နိုင်ခဲ့ခြင်း
- တရားရေးဆိုင်ရာ သတင်းအချက်အလက်များ တစ်စုတစ်စည်းတည်းရယူနိုင်ရန် Internal Portal အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်း
- ဒေသတွင်းတရားစီရင်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု (၁၄) ကြိမ် ဆောင်ရွက်နိုင်ခဲ့ခြင်းနှင့်
- အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတွင် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း တက်ရောက်ရန် တရားရေးအရာရှိ (၁၆၀) ဦးအား စေလွှတ်နိုင်ခဲ့ခြင်းတို့ ဖြစ်ပါသည်။

တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) အကောင်အထည်ဖော်နိုင်မှုနှင့် ရလဒ်များကို **နောက်ဆက်တွဲ (ဏ)** တွင် အသေးစိတ် ဖော်ပြထားပါသည်။ ထို့ပြင် ဒုတိယနှစ်

မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၄) အကောင်အထည်ဖော်နိုင်မှုနှင့် တတိယနှစ် မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၅) အကောင်အထည်ဖော်နိုင်မှုတို့ကို အောက်ပါဇယားတွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) နှင့် တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) တို့ကို အကောင်အထည်ဖော်နိုင်မှု နှိုင်းယှဉ်အခြေပြဇယား

မဟာဗျူဟာ လုပ်ငန်း နယ်ပယ်	မဟာဗျူဟာ ရည်မှန်းချက်များ		မဟာဗျူဟာ အစီအစဉ်များ		ဆောင်ရွက်ရန် လျာထား ချက်များ		ရလဒ်		ပျမ်းမျှ ပြီးမြောက်မှု ရာခိုင်နှုန်း	
	၂၀၂၄	၂၀၂၅	၂၀၂၄	၂၀၂၅	၂၀၂၄	၂၀၂၅	၂၀၂၄	၂၀၂၅	၂၀၂၄	၂၀၂၅
နယ်ပယ်- ၁	၄	၄	၇	၇	၁၇	၁၃	၁၆	၁၁	၉၄%	၈၅%
နယ်ပယ်- ၂	၂	၂	၅	၅	၁၂	၁၂	၁၁	၈	၉၂%	၆၇%
နယ်ပယ်- ၃	၃	၃	၁၂	၁၂	၂၇	၃၂	၂၆	၂၈	၉၆%	၈၈%
နယ်ပယ်- ၄	၅	၅	၁၇	၁၇	၄၀	၄၃	၃၆	၃၁	၉၀%	၇၂%
နယ်ပယ်- ၅	၃	၃	၆	၆	၁၈	၁၉	၈	၁၁	၄၄%	၅၈%
စုစုပေါင်း	**၁၇**	**၁၇**	**၄၇**	**၄၇**	**၁၁၄**	**၁၁၉**	**၉၇**	**၈၉**	**၈၃%**	**၇၅%**

တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေခြင်း

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၊ တတိယနှစ် မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၅) ၏ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၁) သည် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၂၅ ခုနှစ်အတွင်း တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှု လွယ်ကူတိုးတက်စေရန်အတွက် ဥပဒေအထောက်အကူပြုအဖွဲ့အား ပြည်ထောင်စုအဆင့်မှ မြို့နယ်အဆင့်အထိ အဖွဲ့များဖွဲ့စည်းကာ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၊ အသစ်ဆောက်လုပ်သည့် ခရိုင်နှင့်မြို့နယ်တရားရုံး (၄) ရုံးတို့တွင် သတင်းအချက်အလက်ကောင်တာနှင့် အမှုလက်ခံကောင်တာများ ထည့်သွင်းတည်ဆောက်ခဲ့ခြင်း၊ အသစ်ဆောက်လုပ်ဆဲဖြစ်သည့် ခရိုင်နှင့်မြို့နယ်တရားရုံး (၂) ရုံးတို့တွင် သတင်းအချက်အလက်ကောင်တာနှင့် အမှုလက်ခံကောင်တာများ ထည့်သွင်းတည်ဆောက်ရန် စီမံထားရှိ

ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုဒ်အား မှုခင်းစီမံခန့်ခွဲမှုစနစ် (CMS) နှင့် နည်းပညာဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ ဝက်ဘ်ဆိုဒ်များတွင် သတင်းအချက်အလက်များကို လွှင့်တင်ခြင်း၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုများ၏ စီရင်ချက် (၁၈) ခု တိုးမြှင့်လွှင့်တင်၍ စီရင်ချက် စုစုပေါင်း (၃၀၆) ခုကို www.cjs.usc.gov.mm တွင် လွှင့်တင်ဖော်ပြခြင်း၊ သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှကြီးမှူးရ၍ တရားရုံး ဝန်ဆောင်မှု ဆရာဖြစ်သင်တန်း (၁) ကြိမ် ကျင်းပခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် တရားရုံးဝန်ဆောင်မှုဆင့်ပွားသင်တန်း (၄) ကြိမ်ပို့ချခဲ့ပြီး စုစုပေါင်းသင်တန်းသား ၂၆၁ ဦးအား လေ့ကျင့်ပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်းပေးခြင်းနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ တရားရုံးများအတွက် ကွန်ပျူတာများ၊ ပရင်တာများနှင့် မိတ္တူကူးစက်များကို ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၁)တွင် ဆောင်ရွက်ရန် လျာထားချက် (၁၃) ရပ်အနက် (၁၁) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၈၅% ဖြစ်ပါသည်။

အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၂) သည် အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်အတွက် တရားလွှတ်တော်များတွင် မီဒီယာဆက်ဆံရေးကျွမ်းကျင်မှုဆင့်ပွားသင်တန်း (၁၁) ကြိမ် ပို့ချပြီး သင်တန်းသား (၁၉၄) ဦးအား လေ့ကျင့်သင်ကြားပေးခြင်း၊ ဥပဒေရေးရာအသိပညာပေးအစီအစဉ်များအား စဉ်ဆက်မပြတ် လွှင့်တင်ခြင်း၊ တရားရေးဂျာနယ်အတွဲ (၄) အမှတ် (၃)၊ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်များကို ရိုက်နှိပ်ထုတ်ဝေခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝက်ဘ်ဆိုဒ်တွင် ရှေ့နေရှေ့ရပ်ဆိုင်ရာ သတင်းအချက်အလက် (၃၀) ကြိမ် လွှင့်တင်ခြင်း၊ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာဥပဒေအရ ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ရရှိထားသူ (၉၁) ဦး၏စာရင်းကို ဝက်ဘ်ဆိုဒ် လွှင့်တင်ခြင်း၊ တရားရုံးသတင်းအချက်အလက်ဆိုင်ရာ လက်ကမ်းစာစောင်များ

ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဖွင့်လှစ်သော လုပ်ငန်းဝင်သင်တန်း၊ မွမ်းမံသင်တန်းများတွင် မီဒီယာဆက်ဆံရေးဘာသာရပ်အား သင်ရိုးညွှန်းတမ်းတွင်ထည့်သွင်းပို့ချခြင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ချမှတ်သော အထူး အယူခံမှုစီရင်ချက်များ (ဒုတိယတွဲ) စာအုပ်ထုတ်ဝေခြင်း၊ သတင်းမီဒီယာများနှင့် တွေ့ဆုံခြင်း နှင့် တရားရုံးသတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားများဖြင့် ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၂) တွင် ဆောင်ရွက်ရန် လျာထားချက် (၁၂) ရပ်အနက် (၈) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၆၇% ဖြစ်ပါသည်။

တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန် ဆောင်ရွက်ခြင်း

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၃) သည် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန် ဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရန်အတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး AML/CFT ဆိုင်ရာ ဆွေးနွေးပွဲ (၆) ကြိမ် ကျင်းပခြင်း၊ AML/CFT ဆိုင်ရာ စစ်တမ်းလွှာ (၉၂၂) စောင်နှင့် လုပ်ငန်းခွင် (၁၄) ခုတို့အား Onsite စစ်ဆေးနိုင်ခဲ့ခြင်း၊ ရှေ့နေ (၉၀၀) ဦး၏ အီးမေးလ်လိပ်စာများ စုစည်း၍ ရှေ့နေရေ့ရပ်နှင့်စစ်ဆေးရေးဌာန၏ Lawyer AML အီးမေးလ်နှင့် ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ခဲ့ခြင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြင်ပ ရှေ့နေများ၊ တရားသူကြီးများနှင့် မူပိုင်ခွင့်ဥပဒေဆိုင်ရာဆွေးနွေးပွဲ (၂) ကြိမ် ကျင်းပခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု (၁၄) ကြိမ်ဆောင်ရွက်ခဲ့ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်ကျင်းပသော (၁၃) ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာဥပဒေဖိုရမ်၊ စင်ကာပူနိုင်ငံတွင် ကျင်းပသော (၁၂) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး၊ အိန္ဒိယနိုင်ငံတွင် ကျင်းပသော (၂၆) ကြိမ်မြောက် တရားသူကြီးချုပ်များ၏ အပြည်ပြည်ဆိုင်ရာညီလာခံ၊ ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျင်းပသော (၆) ကြိမ် မြောက် ကမ္ဘာ့ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဥပဒေကော်မရှင် အာရှ-ပစိဖိတ် တရားစီရင်ရေး ထိပ်သီးဆွေးနွေးပွဲတို့သို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခြင်း၊ အာဆီယံတရားသူကြီးချုပ်များကောင်စီမှ

ကြီးမှူးကျင်းပသော အာဆီယံတရားသူကြီးချုပ်များကောင်စီလုပ်ငန်းအဖွဲ့များ၏ ပထမဦးဆုံး ရက်သတ္တပတ်သို့ တရားရေးအရာရှိ စုစုပေါင်း (၁၃) ဦး နှင့် အမေရိကန် ပြည်ထောင်စု တီထွင်မှုနှင့်ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ရုံးမှ ကြီးမှူးကျင်းပသော ASEAN-USPTO Online Colloquium Series for the Judiciary on Civil and Criminal IP Case Management သို့ တရားရေးအရာရှိ စုစုပေါင်း (၄၈) ဦး တို့က အွန်လိုင်းဖြင့် တက်ရောက်ခြင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး နှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ မြန်မာတရားသူကြီးနှင့် တရားရေးအရာရှိ (၁၆၀) ဦးအား အိန္ဒိယ နိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတွင် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း တက်ရောက်ရန် စေလွှတ်ခဲ့ခြင်း၊ တရားရုံးများလက်စွဲ (ပထမတွဲ) ပြင်ဆင်နိုင်ရေး ဆောင်ရွက် ခြင်း၊ ရှေ့နေရှေ့ရပ်များ လိုက်နာရန် ညွှန်ကြားချက် (၁) စောင်ထုတ်ပြန်ခြင်း၊ အခြားဌာနများမှ ပေးပို့လာသည့် ဥပဒေမူကြမ်း (၉) ခုတို့အပေါ် အကြံပြုချက်များပေးပို့ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များက ဦးဆောင်၍ ငွေစာရင်းဆိုင်ရာသင်တန်း (၁၂) ကြိမ် ဖွင့်လှစ် ပို့ချခြင်း၊ ဘတ်ဂျက်ခွဲဝေမှုများကို မဟာဗျူဟာစီမံကိန်း ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊ တတိယနှစ် မဟာဗျူဟာလုပ်ငန်း အစီအစဉ်ကို ပြန်လည်သုံးသပ်ခြင်းနှင့် စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် ရေးဆွဲထုတ်ပြန်ခြင်း၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်အသီးသီးတို့တွင် နည်းပညာသုံး မှုခင်းသတင်းအချက်အလက်စနစ် (CIS) ကို အသုံးပြုခြင်း၊ Document Management System စနစ်အတွင်းသို့ စာရွက်စာတမ်း ဖိုင်ပေါင်း (၅၀၃၁၀) ထည့်သွင်း ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ ဌာနအားလုံးက ရုံးတွင်းစာများ အပြန်အလှန် ပေးပို့နိုင်ရေးအတွက် Office Management System ရေးဆွဲ၍ စမ်းသပ် အသုံးပြုခြင်း စသည်တို့ကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ သို့သော် တရားစီရင်ရေး ဆိုင်ရာလွှတ်လပ်မှု၏ လက်ရှိအနေအထားကို အကဲဖြတ်ရန် သုတေသနပြုလုပ်ခြင်း၊ Mobile Application ကို အသုံးပြု၍ တရားရုံးများလက်စွဲအား ရှာဖွေနိုင်အောင် ဆောင်ရွက်ခြင်း၊ RCMS ၏ Mobile Application ကို IOS Devices များတွင် အသုံးပြုနိုင်ရန် အဆင့်မြှင့်တင် ခြင်းတို့အား ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၃) တွင် ဆောင်ရွက် ရန် လျာထားချက် (၃၂) ရပ်အနက် (၂၈) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၈၈% ဖြစ်ပါသည်။

တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ရန် ဆောင်ရွက်ခြင်း

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၄) သည် တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးပညာရပ်ဆိုင်ရာကျွမ်းကျင်မှု မြှင့်တင်နိုင်ရန် စေ့စပ်ဖြေရှင်းရေးကျွမ်းကျင်မှုသင်တန်း (၂) ကြိမ်တွင် တရားရေးအရာရှိ (၆၇) ဦးနှင့် တရားရုံး ဝန်ထမ်း (၂၇) ဦးတို့အား လေ့ကျင့်သင်တန်းပေးခြင်း၊ တရားရေးဆိုင်ရာသတင်းအချက်အလက်များ တစ်စုတစ်စည်းတည်းရယူနိုင်ရန် Internal Portal ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ပြန်တမ်းများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြန်တမ်းများ၊ နေ့စဉ်ထုတ် သတင်းစာများကို တရားရုံးအသီးသီးက အွန်လိုင်းမှ ဖတ်ရှုနိုင်ရန် Update လွှင့်တင်ဖော်ပြပေးခြင်း၊ e-Library စနစ်အတွင်း အစီရင်ခံစာနှင့် စာတမ်း (၃၁) အုပ်ကို လွှင့်တင်ဖော်ပြခြင်း၊ အရေးကြီးမှုခင်းများနှင့် ဝန်ထမ်းဆိုင်ရာအချက်အလက်များပြုစုခြင်း၊ တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ် (၄) အား ဖွင့်လှစ်ခြင်း၊ အာဆီယံတရားသူကြီးချုပ်များကောင်စီ တရားစီရင်ရေးဆိုင်ရာလေ့ကျင့်ရေးသင်တန်းသို့ သင်တန်းသားများစေလွှတ်ခြင်း၊ တရားသူကြီးများအတွက် AML/CFT ဆိုင်ရာသင်တန်းပေးခြင်း၊ ဌာနတွင်းသင်တန်း (၇) ကြိမ် ပို့ချခဲ့ခြင်း၊ တရားရုံးဝန်ထမ်းအရည်အသွေးမြှင့်သင်တန်း (၂၂) ကြိမ် ပို့ချခြင်း၊ အသစ်ဆောက်လုပ်သည့် တရားရုံး (၂) ရုံးတွင် မီးဘေးလုံခြုံရေးစီမံချက်နှင့် အဆောက်အဦလုံခြုံရေး စီမံချက်များ ရေးဆွဲဆောက်လုပ်ခဲ့ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ဖွင့်လှစ်သည့် နည်းပညာဆိုင်ရာသင်တန်းများသို့ သင်တန်းသားများ (၁၈) ကြိမ် စေလွှတ်ခဲ့ခြင်း၊ နည်းပညာဆိုင်ရာသင်တန်းများအား အွန်လိုင်းမှတစ်ဆင့် သင်တန်း (၅) ကြိမ် ပို့ချခဲ့ခြင်း၊ နည်းပညာဆိုင်ရာ ရှင်းလင်းပေါပြောပွဲအား အွန်လိုင်းမှတစ်ဆင့် (၁) ကြိမ် ကျင်းပခဲ့ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အကောင်အထည်ဖော်ထားသည့် နည်းပညာဆိုင်ရာစနစ်များအတွက် Backup System ကို ဆောင်ရွက်နိုင်ခဲ့ခြင်း၊ တရားရေးကောလိပ်တွင် Cyber လုံခြုံရေးအတွက် Firewall လိုင်စင်ထည့်သွင်းခြင်းနှင့် လုံခြုံရေးမူဝါဒများကို သတ်မှတ်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော် ၂၀၂၂ ခုနှစ် မတိုင်မီက ထုတ်ပြန်ခဲ့သည့် ပြန်တမ်းများကို Digitize ပြုလုပ်၍ e-Library စနစ်သို့ ဖြည့်သွင်းခြင်း၊ သုတေသနစာတမ်း ဖတ်ပွဲများ

ကျင်းပခြင်း၊ AI အပါအဝင် နည်းပညာရပ်များ၊ နည်းပညာအချက်အလက်များကို လေ့လာခြင်းနှင့်သုတေသနပြုလုပ်ခြင်း၊ ပြင်ပနည်းပညာရှင်များနှင့်အဖွဲ့အစည်းများအား ဖိတ်ခေါ်၍ စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဝန်ထမ်းလေ့ကျင့်ရေးသင်ရိုးညွှန်းတမ်း ပြန်လည်သုံးသပ်ရေးဆွဲခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဥပဒေထူးချွန်ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာရာတွင် ဥပဒေအသိပညာပေး ရှင်းလင်းခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၄) တွင် ဆောင်ရွက်ရန် လျာထားချက် (၄၃) ရပ်အနက် (၃၁) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၇၂% ဖြစ်ပါသည်။

ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ခြင်း

မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၅)သည် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သည့် အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မူပိုင်ခွင့်ချိုးဖောက်မှုများ တားဆီးကာကွယ်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲများကို (၃) ကြိမ် ကျင်းပခဲ့ခြင်း၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပြင်ဆင်နိုင်ရေး အဆိုပြုလွှာအပေါ် စိစစ်ဆောင်ရွက်ခြင်း၊ တရားရုံးသက်သေ အထူးစစ်မေးခန်း/ သီးသန့်ရုံးခန်းတွင် စစ်မေးခြင်းနှင့် လိုအပ်သည့်အခါ သက်သေစကားပြန် စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊ စေ့စပ်ဖြေရှင်းရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူ လက်လှမ်းမီရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃) ကြိမ် ကျင်းပခြင်း၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပွဲ (၉) ကြိမ် ကျင်းပခြင်း၊ တရားသူကြီးများနှင့် တရားရေးအရာရှိ (၁၉၉၇) ဦးအတွက် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းကျွမ်းကျင်မှုသင်တန်း (၁) ကြိမ်၊ စေ့စပ်ဖြေရှင်းရေးမွမ်းမံသင်တန်း (၂) ကြိမ် ပို့ချခဲ့ခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေဆိုင်ရာအမေးအဖြေစာအုပ်ရေးဆွဲခြင်း၊ လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်ရေးဆွဲခြင်း၊ စာချွန်တော်ကိစ္စများနှင့်စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးခြင်း၊ စေ့စပ်ဖြေရှင်းရေးလက်စွဲကို ပြင်ဆင်ခြင်း၊ အခြားနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော အငြင်းပွားမှုများကို အခြားနည်းဖြင့်ဖြေရှင်းသည့် နည်းစနစ်များအပေါ် လေ့လာဆန်းစစ်ခြင်း၊ အနုညာတ စီရင်

ဆုံးဖြတ်ခြင်းဥပဒေ အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) တွင် ဆောင်ရွက်ရန်လျာထားချက် (၁၉) ရပ်အနက် (၁၁) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၅၈% ဖြစ်ပါသည်။

၄.၃ စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆) တွင် ဆောင်ရွက်ရန် လျာထားချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ပါ မဟာဗျူဟာလုပ်ငန်းနယ်ပယ်အလိုက် အောင်မြင်မှုများရရှိစေရန်အတွက် နှစ်စဉ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆) ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၆)အရ ၂၀၂၆ ခုနှစ်တွင်မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်၊ မဟာဗျူဟာရည်မှန်းချက် (၁၇) ရပ်၊ မဟာဗျူဟာအစီအစဉ် (၄၇) ရပ်၊ ဆောင်ရွက်ရန်လျာထားချက် (၁၁၉) ရပ်ကို အကောင်အထည်ဖော်ရန် ရည်မှန်းထားပါသည်။ ၂၀၂၆ ခုနှစ်အတွင်း အဓိကဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များတွင် -

- ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တရားလွှတ်တော် အဆောက်အဦသစ်များ ဆောက်လုပ်ခြင်း
- တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် အဆောက်အဦသစ် ဆောက်လုပ်ရေးအတွက် ရှေ့ပြေးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း
- မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့ရသော Judicial College နှင့် တရားရုံး အဆောက်အဦများ အသစ်ပြန်လည်တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း
- နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ် (Case Management System) ကို ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတွင် စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း
- ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်သည့် တရားစွဲတင်မှု၊ ပြစ်ဒဏ်ချမှတ်မှု၊ ဘဏ္ဍာသိမ်းဆည်းမှုဆိုင်ရာ သတင်းအချက်အလက် ထိန်းသိမ်းမှုစနစ်တည်ဆောက်ခြင်း စသည်တို့ ပါဝင်ပါသည်။

စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်စာအုပ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုဒ် https://www.unionsupremecourt.gov.mm/strategicplanning တွင် ရယူဖတ်ရှုနိုင်ပါသည်။

စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆ ခုနှစ်) စာအုပ်



ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တည်နေရာ

ရုံးအမှတ်(၅၄)၊ သီရိမဏ္ဍိုင်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

ဆက်သွယ်ရန်

အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

စီမံရေးရာကိစ္စ ဆက်သွယ်ရန်

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

တရားစီရင်ရေးကိစ္စ ဆက်သွယ်ရန်

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

နောက်ဆက်တွဲ (က) အဆက်

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ တည်နေရာများ

ကချင်ပြည်နယ်တရားလွှတ်တော်	ဧရာရပ်ကွက်၊ မြစ်ကြီးနားမြို့
ကယားပြည်နယ်တရားလွှတ်တော်	သမိန်ထောလမ်းနှင့် လွိုင်ကော်-ရှားတောကားလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့
ကရင်ပြည်နယ်တရားလွှတ်တော်	ခရေလမ်းနှင့်သုခနေလမ်းထောင့်၊ အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့
ချင်းပြည်နယ်တရားလွှတ်တော်	စျေးသစ်ရပ်ကွက်၊ ဟားခါးမြို့
မွန်ပြည်နယ်တရားလွှတ်တော်	မန္တလေးရပ်ကွက်၊ တရားလွှတ်တော်လမ်း၊ မော်လမြိုင်မြို့
ရခိုင်ပြည်နယ်တရားလွှတ်တော်	လမ်းမကြီးနှင့်မေယုလမ်းထောင့်၊ ဘောလုံးကွင်းရပ်ကွက်၊ စစ်တွေမြို့
ရှမ်းပြည်နယ်တရားလွှတ်တော်	ဆေးရုံလမ်းနှင့်သပြေလမ်းထောင့်၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့
စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်	နန္ဒဝန်ရပ်ကွက်၊ တမာပင်ကုင်း၊ မုံရွာမြို့
မကွေးတိုင်းဒေသကြီးတရားလွှတ်တော်	ဆားရွေကင်းရပ်ကွက်၊ မကွေးမြို့
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်	၆၈ လမ်း၊ ၁၀၄ နှင့် ၁၀၅ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး (တည်နေရာသစ်)
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်	ရန်ကုန်-မန္တလေးလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့
တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်	ရေးလမ်း၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်	အမှတ်(၁၀၁-၁၀၃)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်	မင်းကြီးရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ ကုန်သည်လမ်းနှင့်မင်းကြီးလမ်းကြား၊ ပုသိမ်မြို့

နောက်ဆက်တွဲ (က) အဆက်

ခရိုင်တရားရုံးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံးများ၏ တည်နေရာများ

ကချင်ပြည်နယ်

မြစ်ကြီးနားခရိုင်တရားရုံး	ဧရာရပ်ကွက်၊ မြစ်ကြီးနားမြို့
မိုးညှင်းခရိုင်တရားရုံး	အရှေ့စုရပ်ကွက်၊ မိုးညှင်းမြို့
ဗန်းမော်ခရိုင်တရားရုံး	သာစည်ရပ်ကွက်၊ ဗန်းမော်မြို့
ပူတာအိုခရိုင်တရားရုံး	မြို့မရပ်ကွက်၊ ပူတာအိုမြို့
တနိုင်းခရိုင်တရားရုံး	ဇင်ယော်လမ်း၊ ပုန်ခုန်းရပ်ကွက်၊ တနိုင်းမြို့
ချီဖွေခရိုင်	ဘာလဲ့ဒမ်ရပ်ကွက်၊ ချီဖွေမြို့

ကယားပြည်နယ်

လွိုင်ကော်ခရိုင်တရားရုံး	ဖဖော်လမ်းနှင့် ၅ လမ်းထောင့်၊ ဒေါ်ဥသူရပ်ကွက်၊ လွိုင်ကော်မြို့
ဘောလခဲခရိုင်တရားရုံး	လွိုင်ကော်-မော်ချီးလမ်း၊ ရှမ်းပိုင်းရပ်ကွက်၊ ဘောလခဲမြို့
ဒီမော့ဆိုခရိုင်	ဦးသီရိလမ်း၊ ခရိုင်စုပေါင်းရုံး၊ ဒေါ်ဥသူရပ်ကွက်၊ လွိုင်ကော်မြို့
မယ်စဲ့ခရိုင်	မြောက်ပိုင်းရပ်ကွက်၊ မယ်စဲ့မြို့

ကရင်ပြည်နယ်

ဘားအံခရိုင်တရားရုံး	ခရေလမ်းနှင့်သုခနေလမ်းထောင့်၊ အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့
ကော့ကရိတ်ခရိုင်တရားရုံး	ဗောဓိကျောင်းလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ကော့ကရိတ်မြို့
မြဝတီခရိုင်တရားရုံး	မြို့ပတ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ မြဝတီမြို့
ဖာပွန်ခရိုင်တရားရုံး	ရုံးကုန်းလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ဖာပွန်မြို့
ကြာအင်းဆိပ်ကြီးခရိုင်	ဗိုလ်ချုပ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီးမြို့
သံတောင်ကြီးခရိုင်	ဘုရင်နောင်တပ်မြို့လမ်း၊ အမှတ်(၅)ရပ်ကွက်၊ သံတောင်မြို့

ချင်းပြည်နယ်

ဟားခါးခရိုင်တရားရုံး	စွဲးဟောင်းရပ်ကွက်၊ ဟားခါးမြို့
ဖလမ်းခရိုင်တရားရုံး	ဗလိုင်ရပ်ကွက်၊ ဖလမ်းမြို့
မင်းတပ်ခရိုင်တရားရုံး	စံပြရပ်ကွက်၊ မင်းတပ်မြို့၊ မြို့မရပ်ကွက်၊ ပလက်ဝမြို့ (ပလက်ဝရုံးထိုင်)
မတူပီခရိုင်တရားရုံး	ခိုဘွေရပ်ကွက်၊ မတူပီမြို့
တီးတိန်ခရိုင်	စကောလမ်းရပ်ကွက်၊ တီးတိန်မြို့
ပလက်ဝခရိုင်	မြို့မရပ်ကွက်၊ ပလက်ဝမြို့

မွန်ပြည်နယ်

မော်လမြိုင်ခရိုင်တရားရုံး	ရုံးကြီးလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့
သထုံခရိုင်တရားရုံး	ရုံးကြီးလမ်း၊ နန်းခဲရပ်ကွက်၊ သထုံမြို့
ရေးခရိုင်တရားရုံး	သီရိနန္ဒရပ်ကွက်၊ ရေးမြို့
ကျိုက်ထိုခရိုင်တရားရုံး	ရန်ကုန်-မော်လမြိုင်ကားလမ်း၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့

ရခိုင်ပြည်နယ်

စစ်တွေခရိုင်တရားရုံး	လမ်းမကြီး၊ ဘောလုံးကွင်းရပ်ကွက်၊ စစ်တွေမြို့
ကျောက်ဖြူခရိုင်တရားရုံး	ဗိုလ်ငမောက်လမ်း၊ အစိုးရရပ်ကွက်၊ ကျောက်ဖြူမြို့
သံတွဲခရိုင်တရားရုံး	ဗိုလ်ချုပ်လမ်းသွယ်၊ အမှတ်(၂)ရပ်ကွက်၊ သံတွဲမြို့
မောင်တောခရိုင်တရားရုံး	ဘူးသီးတောင်-မောင်တောလမ်း၊ မြို့သူကြီးကျေးရွာ၊ သုံးမိုင်၊ မောင်တောမြို့
မြောက်ဦးခရိုင်တရားရုံး	လေးမြို့စားရပ်ကွက်၊ ထမ္မရာဇာမြို့သစ်၊ မြောက်ဦးမြို့
အမ်းခရိုင်တရားရုံး	စွဲးရပ်ကွက်၊ အမ်းမြို့
တောင်ကုတ်ခရိုင်တရားရုံး	ပန်းတောင်-တောင်ကုတ်လမ်း၊ ကံပိုင်ရပ်ကွက်၊ တောင်ကုတ်မြို့

ရှမ်းပြည်နယ်

တောင်ကြီးခရိုင်တရားရုံး	ရုံးကြီးလမ်းနှင့် သပြေလမ်းထောင့်၊ သစ်တောရုပ်ကွက်၊ တရားလွှတ်တော်ဝင်း၊ တောင်ကြီးမြို့
လွိုင်လင်ခရိုင်တရားရုံး	ရုံးကြီးလမ်း၊ အမှတ်(၁)ရပ်ကွက်၊ လွိုင်လင်မြို့
လင်းခေးခရိုင်တရားရုံး	လင်းခေး-ဝမ်ဟတ်လမ်း၊ ပုန်းထွန်ရပ်ကွက်၊ လင်းခေးမြို့
လားရှိုးခရိုင်တရားရုံး	ဘူတာလမ်း၊ အမှတ်(၁)ရပ်ကွက်၊ လားရှိုးမြို့
ကျောက်မဲခရိုင်တရားရုံး	ပင်လုံလမ်း အမှတ်(၁)ပေါ်ပင်လေးရပ်ကွက်၊ကျောက်မဲမြို့
မိုးမိတ်ခရိုင်တရားရုံး	ဟော်နန်းရပ်ကွက်၊ မိုးမိတ်မြို့
မူဆယ်ခရိုင်တရားရုံး	ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့
မိုင်းဆတ်ခရိုင်တရားရုံး	အနော်ရထာလမ်း၊ မြို့သစ်ရပ်ကွက်၊ မိုင်းဆတ်မြို့
ကျိုင်းတုံခရိုင်တရားရုံး	စံပြအခါရွာလမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကျိုင်းတုံမြို့
တာချီလိတ်ခရိုင်တရားရုံး	အနော်ရထာလမ်း၊ ဝမ်ကောက်ရပ်ကွက်၊ တာချီလိတ်မြို့
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး	အနော်ရထာလမ်းနှင့်ဆင်ဖြူလမ်းကြား၊ သော်ကလမ်းနှင့် သဇင်လမ်းကြား၊ နုံးစစ်ကန်အရှေ့ရပ်ကွက်၊ ပင်းတယမြို့
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး	ကော်မင်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ လောက်ကိုင်မြို့
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး	ပြည်ထောင်စုလမ်း၊ မြို့ဦးရပ်ကွက်၊ ဟို့ပုံးမြို့
‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး	ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရုံးကုန်းရပ်ကွက်၊ ဟိုပန်မြို့
မိုးမိတ်ခရိုင်တရားရုံး	မိုးမိတ်-မိုင်းဝေါလမ်းမကြီး၊ သဲနီကျေးရွာ၊ မိုးမိတ်မြို့
နမ့်စန်ခရိုင်တရားရုံး	ပြည်ထောင်စုလမ်းမကြီး၊ ထင်းရှူးမြိုင်လမ်းကျေးရွာ၊ နမ့်စန်မြို့နယ်
ကလောခရိုင်တရားရုံး	မင်းလမ်းနှင့်ထင်းရှူးမြိုင်လမ်းထောင့်၊ (၄)ရပ်ကွက်၊ ကလောမြို့
တန့်ယန်းခရိုင်တရားရုံး	ရုံးကြီးလမ်း၊ အမှတ်(၄)ရပ်ကွက်၊ တန့်ယန်းမြို့
မိုင်းယန်းခရိုင်တရားရုံး	ကျိုင်းတုံ-မိုင်းယန်းလမ်း၊ မြို့မရပ်၊ ဝိန်းလိတ်ရပ်ကွက်၊ မိုင်းယန်းမြို့
မိုင်းတုံခရိုင်တရားရုံး	ကမ္ဘာန်းကျောင်းလမ်း၊ ဝမ်မိုင်ရပ်ကွက်၊ မိုင်းတုံမြို့
ကွတ်ခိုင်ခရိုင်တရားရုံး	ပြည်ထောင်စုလမ်းမကြီး၊ (၂)ရပ်ကွက်၊ ကွတ်ခိုင်မြို့
မိုင်းယောင်းခရိုင်တရားရုံး	ကြောင်ဇလီဘုန်းကြီးကျောင်းလမ်း၊ (၉)ရပ်ကွက်၊ မိုင်းယောင်းမြို့
မိုင်းရှူးခရိုင်တရားရုံး	ဘုရင့်နောင်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ မိုင်းရှူးမြို့

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းခရိုင်တရားရုံး	ရုံးကြီးလမ်း၊ ပိုးတန်းရပ်ကွက်၊ စစ်ကိုင်းမြို့
မုံရွာခရိုင်တရားရုံး	ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့
ယင်းမာပင်ခရိုင်တရားရုံး	(ဂ)ရပ်ကွက်၊ ယင်းမာပင်မြို့
ရွှေဘိုခရိုင်တရားရုံး	ရုံးကြီးလမ်း၊ စုပေါင်းရုံးဝင်း၊ အမှတ်(၁၀)ရပ်ကွက်၊ ရွှေဘိုမြို့
ကန့်ဘလူခရိုင်တရားရုံး	ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကန့်ဘလူမြို့
ကသာခရိုင်တရားရုံး	အမှတ်(၆၄)၊ မြို့ပတ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကသာမြို့
ကလေးခရိုင်တရားရုံး	အနော်ရထာလမ်း၊ တပ်ဦးသီတာရပ်ကွက်၊ ကလေးမြို့
တမူးခရိုင်တရားရုံး	အလောင်းဘုရားလမ်း၊ ဈေးတန်း(၁)ရပ်ကွက်၊ တမူးမြို့
မော်လိုက်ခရိုင်တရားရုံး	စုပေါင်းရုံးဝင်း၊ အရာရှိရပ်ကွက်၊ မော်လိုက်မြို့
ခန္တီးခရိုင်တရားရုံး	ရုံးကြီးလမ်း၊ ဇီးဖြူကုန်းရပ်ကွက်၊ ခန္တီးမြို့
ကောလင်းခရိုင်တရားရုံး	ကျော်ဇေယျာရပ်ကွက်၊ ကောလင်းမြို့
ဟုမ္မလင်းခရိုင်တရားရုံး	လေယာဉ်ကွင်းလမ်း၊ နောင်ပကျစ်ရပ်ကွက်၊ ဟုမ္မလင်းမြို့
ရေဦးခရိုင်တရားရုံး	အောင်ဆန်းရပ်ကွက်၊ ရေဦးမြို့

မကွေးတိုင်းဒေသကြီး

မကွေးခရိုင်တရားရုံး	ဆားရွေကင်းရပ်ကွက်၊ မကွေးမြို့
ပခုက္ကူခရိုင်တရားရုံး	ဗုဒ္ဓကုန်းရပ်၊ အမှတ်(၁)ရပ်ကွက်၊ ပခုက္ကူမြို့
သရက်ခရိုင်တရားရုံး	ရုံးကြီးလမ်း၊ ပြည်တော်အေးရပ်ကွက်၊ သရက်မြို့
မင်းဘူးခရိုင်တရားရုံး	အမှတ်(၁)၊ ဗိုလ်ချုပ်လမ်း၊ မင်းဘူးမြို့
ဂန့်ဂေါခရိုင်တရားရုံး	မြောက်ကုန်း(၁)ရပ်ကွက်၊ ဂန့်ဂေါမြို့
အောင်လံခရိုင်တရားရုံး	ပြည်လမ်းနှင့်၁၉လမ်းထောင့်၊ စမ်းချောင်းရပ်ကွက်၊ အောင်လံမြို့
ချောက်ခရိုင်တရားရုံး	ဗိုလ်အိမ်နံပါတ်(နက-၃၉)ယာတောရပ်၊ (၁၄)ရပ်ကွက်၊ ချောက်မြို့

နောက်ဆက်တွဲ (က) အဆက်

မန္တလေးတိုင်းဒေသကြီး

မဟာအောင်မြေခရိုင်တရားရုံး	ဖ၅ လမ်း၊ ၃၄ နှင့် ၃၅ လမ်းကြား၊ ပြည်ကြီးမျက်ရှုခင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
အမရပူရခရိုင်တရားရုံး	နန်းတော်ရာ၊ စံပြကွက်သစ်၊ ဈေးအနောက်ဘက်၊ မှန်တမ်းရပ်ကွက်၊ အမရပူရမြို့
အောင်မြေသာစံခရိုင်တရားရုံး	ဖ၅ လမ်း၊ ၃၄ နှင့် ၃၅ လမ်းကြား၊ ပြည်ကြီးမျက်ရှုခင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
တံတားဦးခရိုင်တရားရုံး	ဘူတာလမ်း၊ အမှတ်(၁)ရပ်ကွက်၊ တံတားဦးမြို့
သပိတ်ကျင်းခရိုင်တရားရုံး	ကမ္ဘာအေးကွက်သစ်စုပေါင်းရုံး၊ သပိတ်ကျင်းမြို့
ပြင်ဦးလွင်ခရိုင်တရားရုံး	အမှတ်(၁၅၁-ခ)၊ မြို့ပတ်လမ်း၊ သီရိမင်္ဂလာရပ်ကွက်၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့
ကျောက်ဆည်ခရိုင်တရားရုံး	အိမ်တော်လမ်း၊ ဆူးကုန်းရပ်ကွက်၊ ကျောက်ဆည်မြို့
မိတ္ထီလာခရိုင်တရားရုံး	ရုံးကြီးလမ်းထိပ်၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း၊ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့
မြင်းခြံခရိုင်တရားရုံး	(၃)လမ်း၊ အမှတ်(၂)ရပ်ကွက်၊ မြင်းခြံမြို့
ညောင်ဦးခရိုင်တရားရုံး	အမှတ်(၅)၊ ညောင်ဦး-ချောက်လမ်း၊ စည်ပင်သာယာရပ်ကွက်၊ ညောင်ဦးမြို့
ရမည်းသင်းခရိုင်တရားရုံး	စီဗိလိုင်းရပ်ကွက်၊ ရမည်းသင်းမြို့
လယ်ဝေးခရိုင်တရားရုံး	နေပြည်တော်ကောင်စီလမ်း၊ ပုဗ္ဗသီရိမြို့
ပျဉ်းမနားခရိုင်တရားရုံး	နေပြည်တော်ကောင်စီလမ်း၊ ပုဗ္ဗသီရိမြို့
ဥတ္တရခရိုင်တရားရုံး	မန္တလေးလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၊ ဥတ္တရသီရိမြို့
ဇေယျာသီရိခရိုင်	နှင်းဆီလမ်းနှင့်ချင်းတွင်းလမ်းထောင့်၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၊ ပုဗ္ဗသီရိမြို့

နောက်ဆက်တွဲ (က) အဆက်

ပဲခူးတိုင်းဒေသကြီး

ပဲခူးခရိုင်တရားရုံး	တရားလွှတ်တော်ဝင်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့
တောင်ငူခရိုင်တရားရုံး	စက်ရှင်လမ်း၊ အမှတ်(၂၀)ရပ်ကွက်၊ တောင်ငူမြို့
သာယာဝတီခရိုင်တရားရုံး	ရာပြည့်လမ်း၊ ဈေးပိုင်းရပ်ကွက်၊ သာယာဝတီမြို့
ပြည်ခရိုင်တရားရုံး	ကမ်းနားလမ်းနှင့်ယက္ကန်းစင်လမ်းထောင့်၊ ပြည်မြို့
ညောင်လေးပင်ခရိုင်တရားရုံး	ရုံးကြီးလမ်း၊ မြို့မ(၃)ရပ်ကွက်၊ ညောင်လေးပင်မြို့
နတ်တလင်းခရိုင်တရားရုံး	တံခွန်တိုင်ရွာ၊ နတ်တလင်းမြို့

တနင်္သာရီတိုင်းဒေသကြီး

ထားဝယ်ခရိုင်တရားရုံး	သုခလမ်းသွယ်၊ ဆန်းချီရပ်ကွက်၊ ဆန်းချီမြို့သစ်၊ ထားဝယ်မြို့
